www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၂၃၄၀၅၀၃ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၆၅၈၀၅၀၆ ]
မျက်နှာဖုံးဒီဇိုင်း ◆ အုံ့ဘွယ် (Stars)
ထုတ်ဝေသည့်လ ◆ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
(ပထမအကြိမ်)
အုပ်ရေ ◆ ၅၀၀

ထုတ်ဝေသူ
ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀-မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးဇော်မင်း (W!zard)
အမှတ်(၁၉၇)၊ ၃၃-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းဖလင် ◆ 'ပုံရိပ်ရှင်'
စာအုပ်ချုပ် ◆ ပပစိုး
တန်ဖိုး ◆ ၅၀ ကျပ်

BURMESE CLASSIC .com

# လွမ်းလောက်အောင်ပဲချစ်ခဲ့တယ်

**မောင်စိန်ဝင်း(ပုတီးကုန်း)**

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံ့ အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံ့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံ့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တောင်ထိပ်က သစ်ပင်ထက်

တောင်ခြေက ချောင်းငယ်တစ်ခု ဖြစ်ချင်ပါတယ်

မျက်နှာမသစ်တောင်မှ.....

(မင်းမောတဲ့အခါ.....)

ခြေဆေးလို့ရအောင်ပေါ့.....

www.burmeseclassic.com

www.burmeseclassic.com

# ၁

## (၁)

BURMESE CLASSIC .com

"သမီးရည်းစားဆိုတဲ့ ဝေါဟာရဟာ မိန်းမတစ်ယောက်ရဲ့ ဘဝကို ဘယ်လောက်ထိ ထိန်းချုပ်ထားနိုင်လဲ"

"ညိုညိုဦး၊ နင် ဘာပြောလိုက်တာလဲ"

ညိုညိုဦးစကားကြောင့် ညိုညိုဦးမျက်နှာကို ကြည့်ရင်း ပြန်မေးလိုက်သည်။

စတီးဂျိုင့်ကို ပြန်ပိတ်ရင်း ခင်သက်ဆွေအကြည့်ကလည်း ညိုညိုဦး မျက်နှာဆီ ရောက်၏။ ဘုန်းမြင့်က စီးကရက်ကို လှမ်းယူကာ တစ်ချက်ဖွာသည်။

"ငါ မေးတာ မရှင်းလို့လား"

"နင် ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ သိချင်တာ ညိုညိုဦး"



www.burmeseclassic.com

www.burmeseclassic.com



ညိုညိုဦး၏ အကြည့်ကို လွှဲဖယ်ရင်း ဆိုင်အပြင်ကို အကြည့်ပို့သည်၊ ဆိုင်ရှေ့ဖြတ်သွားသော လိုင်းကားတစ်စီးမှ မှုတ်ထုတ်လိုက်သည့် မီးခိုးငွေ့တို့ကို တွေ့သည်။

"သမီးရည်းစားရှိတဲ့ မိန်းကလေးက မရှိတဲ့ မိန်းကလေးလောက်တော့ မလွတ်လပ်တော့ဘူးပေါ့ဟာ"

ဘုန်းမြင့်က ပြောလိုက်၏။

"ညိုညိုဦး သိချင်တာ အဲဒီလောက် မလာနိုင်ဘူး"

"ဒါဆို မင်း ဆက်ရှင်းပြလိုက်တော့ ခိုင်ထွန်း"

"ဘာလဲ ညို၊ ညို ကိုလတ်နဲ့စိတ်ကောက်လာကြလို့လား"

"ငါ စိတ်မကောက်တတ်တာ နင် သိသားပဲ ခင်သက်ဆွေ"

"ဘာလဲ၊ ကိုလတ်က နင့်ကို သိပ်ချုပ်ခြယ်လို့လား"

"မချုပ်ခြယ်ပါဘူး"

ဘုန်းမြင့်အမေးကို ပြန်ဖြေသည်။

"မိန်းမတစ်ယောက်ရဲ့ဘဝကို ဘယ်လောက်ထိ ထိန်းချုပ်နိုင်သလဲဆိုတဲ့ နင့်မေးခွန်းက တော်တော်ကြီးကျယ်တယ် ညိုညိုဦး။ ဘာဖြစ်ဖြစ် နှစ်ယောက် ဖြစ်လာပြီဆိုရင်တော့ ညှိနှိုင်းမှုဆိုတာ လိုအပ်လာတော့မှာ အသေအချာပဲ။ ဥပမာ နင် မကြိုက်တာ





မလုပ်ဖို့၊ သူ မကြိုက်တာ မလုပ်ဖို့၊ အပေးအယူ အလျှော့အတင်းတွေ ပါလာတော့မှာ။

"အဲဒါတွေလဲ ငါ ရှင်းတယ် ခိုင်ထွန်း"

"ဒါဆို....."

"ငါ ဆိုလိုချင်တာကဟာ မိန်းမတစ်ယောက်ဟာ ရည်းစားထားလိုက်ပြီဆိုတာနဲ့ ဘဝခရီးဖော်တစ်ယောက်အဖြစ် ရွေးချယ်ပါတော့မယ်လို့ စရံရိုက်လိုက်ရတာလား၊ စာချုပ်လိုက်ရတာလား၊ ငါ မေးချင်တာ ရှင်းလားမသိဘူး"

"နင်ပြောသလိုဆို သမီးရည်းစားတိုင်း ညားကုန်ကြမှာပေါ့ ဟုတ်ဖူးလား"

"ဟုတ်ဘူး ခင်သက်ဆွေ၊ ငါ ဆိုလိုချင်တာက သဘောထား မတိုက်ဆိုင်လို့၊ တစ်ယောက်ယောက်က အပြစ်ရှိလို့ လွဲကြတာ မဆန်းဘူး"

"နင်ပြောတာတွေ ရှုပ်ကုန်ပြီ ညိုညိုဦး"

"မဟုတ်ဘူး ဘုန်းမြင့်ရာ။ ငါ သဘောပေါက်လာပြီ။ ကွဲစရာရှိလို့ ကွဲသွားကွာသွား၊ နောက်ရည်းစား ထပ်ထား။ အဲဒါတွေ မဟုတ်ဘူး။ အခုဟာက ရည်းစားသက် ကြာလာတော့မှ ဘာအပြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ စိတ်ကုန်ချင်လာတာမျိုး၊ ရှင်းရှင်းပြောရရင် မချစ်မုန်းသိလာတာမျိုး၊ အဲဒါမျိုးကိစ္စကြုံရင် မိန်းကလေးတစ်ယောက်မှာ ဘာလုပ်စရာရှိလဲ၊ ဟုတ်တယ်မဟုတ်လား ညီညီဦး"

"ဟုတ်တယ်၊ ယောက်ျားလေးတစ်ယောက်က နောက်အသစ်ရှာလိုက်ရင် ပတ်ဝန်းကျင်က သိပ်မပြောကြဘူး။ မိန်းကလေးက သူ့ရည်းစားကို စဖြတ်တယ်ဆိုရင်ပဲ အပြစ်ပြောကြဆိုကြရော။ အဲဒီတော့ အဲဒီမိန်းကလေးက ပြောမှာဆိုမှာ ကြောက်ပြီး ဆက်နေရမလား။ မျက်နှာများတယ်၊ ပွေတယ်၊ ရှုပ်တယ် ဆိုတဲ့စကားတွေကို ဂရုမစိုက်ဘဲ နေသင့်သလား"

"မြန်မာမိန်းကလေးတွေကတော့ ကိုယ်ကျင့်တရားပျက်တယ်လို့ ဘေးပတ်ဝန်းကျင်က အထင်မခံစေချင်တာ၊ မခံရဲတာ အမှန်ပဲ ညီညီဦး"

"ဘာလဲ ညီညီဦး။ ကိုလတ်နဲ့နင် ဘာပြဿနာ ဖြစ်လာလို့လဲ။ ငါတို့ကို ရှင်းရှင်းပြော၊ ညီလို့ရရင် ညီယူကြပေါ့ဟာ။ ကိုလတ် ဒီလောက်အေးတာ"

"ကိုလတ်နဲ့ ငါနဲ့ကိစ္စလို့ ငါ ဆွေးနွေးနေတာ မဟုတ်သေးဘူး ဘုန်းမြင့်။ ဒဲ့ဒိုး ပြောရရင် ကိုလတ်မှာ ဘာအပြစ်မှ မရှိဘူး။ ငါ





မကြိုက်တဲ့ကိစ္စ ကိုလတ် ဘာမှ မလုပ်သေးဘူး။ ငါ့အပေါ်မှာ အရမ်းကောင်းတယ်။ အဲဒီလောက်ကောင်းတဲ့လူတစ်ယောက်ကို ဘာအပြစ်မှ မပြဘဲ ငါက ဖြတ်နိုင်ခွင့် ရှိသလား။ ဖြတ်လိုက်ရင် ဘာဖြစ်မလဲ"

"နင်က ကိုလတ်ကို ဖြတ်ချင်တယ် ဟုတ်လား"

"ဖြတ်ချင်တာ မဖြတ်ချင်တာထက် ဖြတ်ရင် ဘာတွေဖြစ်နိုင်လဲ သိချင်တာ ခင်သက်ဆွေ"

"နင် ရူးနေပြီလား ညီညီဦး"

"ခိုင်ထွန်း ပြောပါဦး"

ခိုင်ထွန်းက သက်ပြင်းချရင်း လမ်းမဆီ ငေး၏။ ညီညီဦးက ခိုင်ထွန်းမျက်နှာဆီ ငေးရင်း နားစွင့်သည်။

"နင်ဘဝတစ်ခုလုံးအတွက် လက်တွဲဖော်ကို နင် ရွေးချယ်ခွင့်ရှိတာပေါ့။ နင် သတ်မှတ်ထားတဲ့စံနဲ့ နင် ချိန်ကြည့်လေ"

"သစ္စာမရှိတဲ့ မိန်းမစာရင်းထဲမှာတော့ ပါသွားနိုင်တာပေါ့နော်"

အားလုံးအကြည့်က ညီညီဦး မျက်နှာဆီ ရောက်ပြန်၏။ ညီညီဦးထံမှ သက်ပြင်းငွေ့ငွေ့ချသံ ကြားရပြန်သည်။ သွားကြရအောင် ဟုပြောရင်း ခိုင်ထွန်းက လက်မှနာရီကို ကြည့်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"တော်တော်ချောတာပဲနော်"

ကားပေါ်မှ ဆင်းလာသည့် ကျော်မင်းလတ်ကို ကြည့်ကာ ခင်သက်ဆွေနှုတ်မှ ထွက်သွား၏။

"ငါ အဲဒါမကြိုက်တာ ခင်သက်ဆွေ"

"ဆောရီးကွာ၊ ငါက နင့်အမျိုးသားမို့ ချီးကျူးစကားဆိုတာပါ"

"ဟာ....နင်ကလဲ၊ ငါ မကြိုက်တာက ကိုလတ် အရမ်းချော နေတာကို ပြောတာ"

"မသိဘူးလေ၊ ငါပြောလိုက်တာကိုများလားလို့"

ခပ်လှမ်းလှမ်းမှပင် ကိုလတ်အပြုံးကို မြင်သည်။ ပြုံးလိုက်တိုင်း ပေါ်လာသည့် ပါးချိုင့်လေးနှစ်ဖက်ကြောင့် မျက်နှာက ပို၍နုသွား



www.burmeseclassic.com

www.burmeseclassic.com



သလို၊ အသားအရေ ဖြူနုပြီး နွဲ့လျနေသလို။ စတိုင်လ်ပင် အနက်ရောင် အကောင်းစားနှင့် ရှပ်လက်ရှည် ဗေဒါရောင်ကြောင့် ပို၍ ဆေါ်လွင်နေသလား မသိ။

“ကိုလတ်၊ ဒါ ခင်သက်ဆွေတဲ့၊ ညီနဲ့အတူနေတဲ့ အခန်းဖော်”

“တွေ့ရတာ ဝမ်းသာပါတယ်၊ ကျော်မင်းလတ်ပါ”

ခင်သက်ဆွေနှင့် ကိုလတ်ကို မိတ်ဆက်ပေးလိုက်၏။

“အရေးကြီးလို့လား ကိုလတ်။ ညီ့ကို အဆောင်မှာ ဆက်ဆက်စောင့်နေဖို့ မှာတာ”

ပြုံးရင်း ခေါင်းကို ခါရမ်းသည်။

“အရေးမကြီးပါဘူး ညီ၊ မေမေက စားစရာတွေ သွားပို့ခိုင်းလို့”

လက်ထဲမှာ ဆွဲလာသည့် ပလတ်စတစ်အိတ်ကို ပြရင်း ပြောသည်။

“အန်တီကလဲ ဒုက္ခ ရှာလို့”

“အိမ်မလာတာ ကြာပြီလို့လဲ ပြောနေတယ် ညီ”

“အလုပ်သိပ်များတာ ကိုလတ်ရဲ့။ ခင်သက်ဆွေ မေးကြည့်ပါလား”





“ဟုတ်တယ်၊ အခုရက်ပိုင်း ပိုအလုပ်များတယ်”

“ကဲ .....ပေး၊ အဲဒီအထုပ်ကို၊ ပြီးရင် လက်ဖက်ရည် လိုက်တိုက်မယ်”

ကိုလတ်လက်မှ အထုပ်ကို လှမ်းယူကာ ညီညီထွန်းက ပြောသည်။

“ပြောသာပြောရတာ၊ ကိုယ်လဲ အလုပ်များတာပဲ ညီ၊ သောက်တော့ဘူး”

“ဘယ်လိုဖြစ်တာလဲ ကိုလတ်ရဲ့။ ဪ.....သိပြီ ကိုလတ်က လမ်းဘေးဆိုင်မှ မထိုင်ချင်တာ။ တစ်ခွက်ကို ခုနစ်ရာ၊ ရှစ်ရာ ဆေးရတဲ့ အအေးခန်းနဲ့ ဆိုင်မျိုးမှ ကော်ဖီဆိုင်ထင်တာ ဟုတ်ဖူးလား”

ဟိုရက်က အငြင်းအခုန်ကိစ္စ ခေါင်းထဲ ပြန်ဝင်လာရင်း ထေ့ငေါ့ ဆိုဖြစ်ပြန်သည်။ ကိုလတ် လာခေါ်တိုင်း ကော်ဖီဆိုင်ကောင်းကောင်းတစ်ခုကို ရောက်စမြဲ။ သည်ဆိုင်တွေမှာ ထိုင်ရတဲ့ အရသာကို ညီညီထွန်းက သဘောမကျ။ ကိုလတ်ကတော့ လမ်းဘေးဆိုင်ပြောပြီး ညီညီထွန်းကြိုက်တဲ့ဆိုင်မှာ မထိုင်ချင်။

“အဲဒါလဲ ပါတယ်၊ ပြီးတော့ မေမေ နှိုင်းစရာရှိလို့လားသိဘူး၊ မြန်မြန်ပြန်လာဖို့ မှာလိုက်လို့ ညီ”



www.burmeseclassic.com

www.burmeseclassic.com



"ကြွ....ကြွ၊ ကိုလတ်ကတော့ တကယ့်သားလိမ္မာပါပဲ"

"သွားတော့မယ် ညို၊ သွားမယ် ခင်သက်ဆွေ"

ပြုံးပြီး နှုတ်ဆက်ကာ ကားဆီ လျှောက်သည်။

"သူနဲ့ငါ အကြိုက်ချင်းတွေက ဘာမှ မတူကြဘူး ခင်သက်ဆွေ"

ကားထွက်သွားစဉ် ညိုညိုထွန်းက ပြောလိုက်၏။



(၂)

ဖွင့်ထားသည့် ပြတင်းမှ လေတစ်ချက်ဝှေ့ပြီး ဝင်သည်။ ပြတင်းမှ ကောင်းကင်ဆီ မော့အကြည့် ပြည့်လုလုလကို မြင်သည်။ စော်လက်စစာအုပ်ကို ဘေးမှာချရင်း လမင်းဆီ ငေးဖြစ်၏။

"စိတ်ကူးယဉ်နေတာကလား ညို"

ခင်သက်ဆွေအသံကြောင့် ကုတင်ခြေရင်းဆီ အကြည့်ရောက်၏။ သေတ္တာထဲကို အဝတ်အစားတွေ ထည့်အပြီး သေတ္တာပိတ်ကာ သူ့ကို လှမ်းမေးလိုက်သည့် ခင်သက်ဆွေကို တွေ့၏။ စကားပြန်ဖြစ်ဘဲ ပြုံးရုံပြုံးပြလိုက်သည်။ ခင်သက်ဆွေက ကုတင်ပေါ်မှာ ခေါင်းပါးလွဲချထိုင်၏။

"ကိုလတ်အကြောင်း တွေးနေတာလား"

"နင် ယုံမလား ခင်သက်ဆွေ။ ငါ ကိုလတ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သိပ်မတွေးဖြစ်ဘူး"

"မဖြစ်နိုင်တာဟာ၊ ချစ်သူတွေပဲ"

"ချစ်သူတွေလို တမ်းတမ်းတတ လွမ်းလွမ်းဆွေးဆွေး မတွေး ဖြစ်တာ အမှန်ပဲ"

"နင်ကလဲဟာ"

"တကယ်ပြောတာ"

ထထိုင်ပြီး ပြတင်းပေါက်ကို မှီကာ ခင်သက်ဆွေနှင့် မျက်နှာ ချင်းဆိုင်လိုက်၏။

"ကိုလတ်နဲ့ငါက ငယ်ငယ်လေးကတည်းက တွေ့ခဲ့ကြတာ"

"ငယ်ချစ်တွေပေါ့"

"ငယ်ပေါင်းတွေ။ သူ့အဖေက ငါ့အဖေအောက်က အရာရှိ ငါတို့ မြို့နှစ်မြို့မှာ အတူတူကျဖြစ်တယ်။ တစ်မြို့တစ်မြို့မှာထဲ အကြာကြီး။ သူ့အိမ်နဲ့ငါ့အိမ်က နှစ်အိမ်တစ်အိမ်လို နေကြတာ သူ့မိဘတွေက စီးပွားရေးလုပ်ငန်းတွေ တွဲလုပ်တယ်။ စီးပွားရေးအခြေ ရှိတယ်။ အလုပ်ထွက်ပြီး ငါ့မိဘတွေက နယ်မှာ အခြေချနေ ကိုလတ်တို့က ရန်ကုန်ပြောင်းပြီး ကြီးပွားသွားကြတာ"

"ဘာဖြစ်ဖြစ်ဟာ၊ နင့်အပေါ်မှာတော့ အရင်အတိုင်းပဲ ကောင်း





ပါတယ်။ အောက်ခြေ လွတ်မသွားပါဘူး"

ညိုညိုထွန်းက ပြုံးသည်။

"ကိုလတ်က အောက်ခြေ လွတ်တာတော့ မဟုတ်ဘူး။ ကြီးကျယ်တာ၊ ဇာချဲ့တာ။ ငါပြောသလိုပေါ့ဟာ။ လမ်းဘေးက အစာ မစားနိုင်တာ၊ လမ်းဘေးက လက်ဖက်ရည်ဆိုင် မထိုင်ချင်တာ၊ ကော်ပယ်စီနို ကော်ဖီလောက်မှ ကော်ဖီလို့ ထင်ချင်တာ၊ ဘတ်စ်ကား တိုးစီးခိုင်းရင် သေသွားမလား မသိဘူး"

"ဟဲ့....ဒီလောက်တော့ မဟုတ်နိုင်ပါဘူး"

"နင် မသိပါဘူးဟာ၊ ကိုလတ် အရမ်း ဇိမ်ကြောင်တာ"

"ဒါဆို နင်နဲ့တော့ တစ်ခြားစီပဲ၊ နင်က လမ်းဘေးက ကော်သားတုတ်ထိုး ထိုင်စားချင်တာ"

"အဲဒါတွေပေါ့၊ ငါကတော့ စားတာပါပဲ"

"သူကရော"

"ကားထဲက ထိုင်စောင့်တယ်လေ"

"ဩော်....."

ဝေ့ဖြတ်လာသော လေတစ်ချက်က နဖူးဆံစတွေကို ထိခတ်သွားပြန်ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

လွင့်မျောနေသည့် တိမ်တို့၏ လွတ်လပ်မှုကို သဘောကျသည်ဟု ဆိုသည့်အခါ ကိုလတ်က ကျယ်ပြောမြင့်မားသော ကောင်းကင်ကို နှစ်သက်ချင်သူ။

အတိုက်အစားခံရင်း ကြံ့ခိုင်မားမတ်နေသည့် ကျောက်ဆောင်ကို စံပြုချင်သည် ပြောသည့်အခါ ပင်လယ်ဆီအရောက် အတားအဆီးကို ဖွဲ့စီးမျှိုဝါး ဒရကြမ်း စီးသွားတတ်သည့် မြစ်ရေကို အားကျနေတတ်သူ။

အကြိုက်ချင်း သဘောချင်းက ဘယ်တော့မှ မတူတာ။ ဝန်ထမ်းအိမ်ရာမို့ ခြံဝန်းတွေက ကပ်လျက်။ ညီညီညီးခြံရှေ့မှာ ထွက်ကစားနေတိုင်း ကိုလတ် ထွက်မလာတတ်။

"ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တာ ကြာပြီ။ ဘာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

ညိုညိုဦးတို့ ဆော့ကစားနေပြီး အတော်လေးကြာမှ ရောက်လာသည့် ကိုလတ်ကို ကစားနေရင်း ညိုညိုဦးက လှမ်းအော်မေးသည်။

“အိမ်စာ လုပ်နေတာ။ အိမ်စာပြီးမှ ကစားရမယ်လို့ မေမေက ပြောထားလို့”

ညိုညိုဦးက နှုတ်ခမ်းကို တွန့်ပြလိုက်သည်။

“ကျော်မင်းလတ်၊ မင်း ငါတို့ဘက် မပါနဲ့ကွာ၊ မင်းက မင်းသားကျနေတာပဲ”

ထုတ်စီးတိုးဖို့ လူခွဲလျှင်လည်း ကိုလတ်ကို မခေါ်ချင်၊ မယူချင်ကြ။ ကိုလတ်က ပျော့စိစိ၊ ပြီးတော့ အကြမ်းပတမ်း မခံ။ ခပ်ရှုရှုသမား။

“ရတယ်၊ ငါ့ဘက်မှာပဲနေ ကိုလတ်”

သည်လိုပြောတော့ ညိုညိုဦးက မခံချင်။ သူ့ဘက်မှာ ကိုလတ်ကို အမြဲထားနေ ယူနေကျ။

ငယ်ငယ်တုန်းက ဘာပဲကစားကစား၊ ညိုညိုဦးက ခေါင်းဆောင်၊ ကိုလတ်က ငယ်သား။





“နင်ကလဲဟာ။ သူများတွေ ပြောရင်လဲပြောစရာပဲ၊ အသုံးကို မကျဘူး”

ညိုညိုဦး သည်လို ဒေါသတကြီး ပြောတိုင်းလည်း ကိုလတ် မနာတတ်။ တောင်းပန်ကြည့်ဖြင့် ကြည့်ရင်း စကားသံ ထွက်မလာ။

* * *

“ကိုလတ်က ငယ်ငယ်ကတည်းက စာကြမ်းပိုးပေါ့”

သူပြောပြနေသည့် ငယ်ငယ်က အကြောင်းတွေ နားထောင်ရင်း ခင်သက်ဆွေက မေးသည်။

“ကိုလတ်က စာအရမ်းတော်တာ မဟုတ်ဘူး။ စာအရမ်းကြိုးစားတာ ခင်သက်ဆွေရဲ့။ မေမေတို့ မေမေတို့ကတော့ ကိုလတ်ကို အရမ်းအထင်ကြီးကြတာ။ သိမ်သိမ်မွေ့မွေ့နဲ့ စာကြိုးစားတယ်ပေါ့။ အရမ်းလဲ ချစ်ကြတယ်”

“လူကြီးတွေကတော့ စာကြိုးစားတဲ့ကလေးကို သဘောကျကြတာပဲလေ”

“မေမေဆို သားကလည်း မရှိတော့ သားသားနဲ့ ပါးစပ်ဖျားက ကို မချဘူး။ စာမေးပွဲနီးရင်တော့ အားကိုးရတယ်ဟဲ့။ သူ့ကိုပဲ စာပြပေးခိုင်းရတာ။ အဲဒီအချိန်မှာပဲ သူကလဲ ဆရာလုပ်လို့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သဘောကို ကျလို့လေ”

ရေနွေးကြမ်း ငှဲ့ရင်းမှ ခင်သက်ဆွေက ပြုံးသည်။

❦ ❦ ❦



(၄)

“ညို၊ ဒီညနေ ငါ အဆောင်လာခဲ့မယ်”

“ဘာလုပ်မလို့လဲ”

“နင့်ကို ပြောစရာရှိလို့”

“ပြောစရာများ အခုပြောလဲ ဖြစ်တာပဲဟာ”

“မဟုတ်ဘူး၊ ညနေကျမှ ပြောမယ်”

“ဘာပြောမှာမို့လဲ”

သူ့အတန်းကိုလာပြီး အတန်းအကူးမှာ ကိုလတ် လာပြောသည်။ တက္ကသိုလ်ရောက်တော့ သူနှင့်ကိုလတ်က ဘာသာ မတူကြတော့။

“ညနေရောက်မှ ပြောမယ်ဟာ၊ နင်က ခြေများများမို့ မတွေ့မှာ စိုးလို့”

“ပြီးရော၊ ပြီးရော”



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်အကျင့်ကို သိပြီးသားမို့ ထပ်မမေးဖြစ်တော့။ ညနေလာလျှင် ဆုံးမစကားတွေ ဆိုဦးမည်ကို ကြိုတင်သိနေသလို။

ပြီးခဲ့တဲ့အပတ်ထဲမှာ သူငယ်ချင်းတွေနှင့် တစ်ညအိပ်ခရီး လိုက်သွားတာ ကိုလတ် သိပြီဟု တွေးသည်။ သူ့အိမ်က ကိုလတ်ကို အပ်ထားသည်မို့ ကိုလတ် အိမ်ကို ပြန်တိုင်မှာကိုတော့ အစိုးရိမ်မိသား။ သူငယ်ချင်းအိမ်က အလှူမို့ သူတို့တစ်ဖွဲ့လုံး လိုက်သွားကြတာ။ အမှန်ပြောလျှင်လည်း ကိုလတ် ကျေနပ်မည်မထင်။ အိမ်ကို စာရေးပြီး ပြောဖို့ ကိုလတ်က ဝန်လေးမည် မဟုတ်။ ဖေဖေနှင့် မေမေတို့စကားကို မြေဝယ်မကျ နားထောင်တတ်သည့်အကျင့် ကိုလတ်မှာ ငယ်ကတည်းက အရိုးစွဲပြီးသား။

* * *

ကိုလတ် အဆောင်လာတိုင်း အဆောင်မှ သူငယ်ချင်းတွေကတော့ ချောလို့ဆိုပြီး တစေ့တစောင်း ကြည့်တတ်ကြသည်ပဲ။

"နင် အရမ်းကံကောင်းတယ်နော်၊ အရမ်းချောတာပဲ"

"ဟဲ.....ငါ့သူငယ်ချင်းပါ"

"ရည်းစား မဟုတ်ဘူးလား"

"ကပ်သီးကပ်သတ်၊ သူက ငါ့အဖေအမေရဲ့ သားအရင်းလို





ဖြစ်ပြီး ငါက မွေးစားသမီးလို ဖြစ်နေတာ"

"ဒါဆို ပြောပေးမလား"

"ဒီကောင်က ဒါတွေ စိတ်ဝင်စားမယ် မထင်ဘူးဟ"

သူငယ်ချင်းတွေက ကိုလတ် ပြန်သွားတိုင်း သည်နှယ် စ,နေကျ၊ နောက်နေကျ။

"ဟဲ့.....နင့်သူငယ်ချင်း လာနေပြီ၊ ဒီနေ့ ပိုပြီးသားနားလာသလိုပဲ၊ ဆောင်းဘိတွေ ဘာတွေနဲ့"

အခန်းထဲ ဝင်လာသော သူငယ်ချင်းက လာပြောသည်။ ကိုလတ်က အမြဲတန်း၊ သေသေသပ်သပ် ဝတ်တတ်သူမှန်း သိပြီး သူငယ်ချင်းပြောတာကို မအံ့ဩမိ။

"နင်ဝတ်ထားတာကလဲဟာ၊ အပေါ်နဲ့အောက် အရောင်က မလိုက်လိုက်တာ"

သည်လိုပင် သူ့ကိုကိုလတ်က ဝေဖန်ပြစ်တင်နေကျ။ အဝတ်အစား အဆင်အသွေးသာမက တံဆိပ်ကိုပင် အရေးထား ရွေးချယ်တတ်သူ။

အတွေးပြတ်ပြီး မှန်ရှေ့မှာ ရပ်ကာဆံပင်ကို လက်နှစ်ဖက်ဖြင့် သပ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှက်မှာလေး ဘာလေး အလုမပြင်တော့ဘူးလား"

"မလိုပါဘူးဟာ"

သူငယ်ချင်းကို မကြည့်ဘဲ ပြောရင်း အခန်းထဲက ထွက်ခဲ့သည်။ အဆောင်ဝင်းထဲ ဝင်လာသော ကိုလတ်ကို မြင်၏။ အဆောင်အပေါ်မှ ဆင်းလာရင်း အဆောင်ရှေ့ဘက်က လက်ဖက်ရည်ဆိုင်ခေါ်သွားမည် တွေးသည်။

* * *

"ဒီနေ့တော့ အေးအေးဆေးဆေး စကားပြောလို့ ရတဲ့ဆိုင်ကို သွားရအောင် ညို၊ ငါ ကားယူလာတယ်"

"ရတယ်လေ"

အဆောင်ဝင်းမှအထွက် ကိုလတ်က ပြောသည်။ ကိုလတ်ဆီကို မမေတို့က စာရေးပြီး ဘာတွေ ပြောခိုင်းပြန်ပြီလဲဟု အတွေးရောက်၏။

"မမေ့ဆီက စာလာတယ် မဟုတ်လား ကိုလတ်"

"ဘယ်လို သိနေလဲ ညို"

ကားပေါ်တက်ခါနီးမှာ မျက်နှာကို စူးစိုက်ကြည့်ရင်း ကိုလတ်က အံ့သြဟန် ပြသည်။





ရယ်သံတစ်ချက် ထွက်သွားသော်လည်း နှုတ်မှ စကားမဟာဖြစ်။

"ညို့ဆီကို စာရေးလို့လား"

ကားစက်နှိုးရင်း ကိုလတ် မေးသည်။

"မရေးပါဘူး၊ ညိုက မွေးစားသမီးလေ၊ ညို့ဆီ ဘယ်ရေးမလဲ။ သားအရင်းဖြစ်တဲ့ ကိုလတ်ဆီပဲ ရေးမှာပေါ့"

"ညိုက လုပ်ပြန်ပြီ"

"ညို ပြောတာ မဟုတ်လို့လား"

"ညို့အမေက ကိုလတ်ကို သားအရင်းမက ချစ်တာ ကိုလတ် ယုံတယ်"

အင်းလျားလမ်းဆီဖြတ်ဖို့ မီးပွိုင့်မှာ တန်းစီရင်း ကိုလတ်နှုတ်မှ အသံထွက်လာ၏။

လမ်းတစ်လျှောက် စကားမပြောဖြစ်သော်လည်း မမေမှာသည့် အတိုင်း ကိုလတ်၏ ဆုံးမစကားတွေကို ကြားရဦးမည်ဟု အတွေး ရောက်နေပြန်သည်။

ခြံဝန်းကျယ်တစ်ခုအတွင်း ကားတိုးဝင်လိုက်၏။

"အတွင်းမှာ ထိုင်မလား၊ အပြင်မှာပဲ ထိုင်မလား"

"ကိုလတ် သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းမှာ အအေးခန်းနဲ့ ထိုင်လို့ရတယ်"

"အပြင်မှာပဲ ကောင်းပါတယ်။ လက်ဖက်ရည်ဆိုင် ထိုင်ရတဲ့ အရသာ အပြည့်အဝ ရတယ်"

ကိုလတ်အပြုံးက သူ့ကို ဘာပြန်ပြောချင်သည်ဆိုတာ သိလိုက်သော်လည်း မမေးမိတော့။ ကဲ့ကော်ပင်ရင်းမှ ခုံပုကလေးဆီ လျှောက်သည်။ သူတို့ ထိုင်နေစဉ် စားပွဲထိုးကလေး ရောက်လာ၏။ ညိုညိုဦးကတော့ သူ့ထုံးစံအတိုင်း လက်ဖက်ရည်ကျကျတစ်ခွက် မှာလိုက်သည်။ ကိုလတ်က သူသောက်နေကျ ကော်ဖီအကောင်းစား တွေ မေးနေသံ ကြား၏။ မရှိဘူးဆိုတော့မှ နက်စ်ကော်ဖီ မှာသည်။

"ဒီနေရာကလေးက စကား အေးအေးဆေးဆေး ပြောလို့ ကောင်းတယ်ညို"

"အေးအေးဆေးဆေး ဆုံးမစကားတွေ ပြောမှာ မဟုတ်လား"

"ညိုကလဲ"

"မဟုတ်လို့လား"

"မဟုတ်ဘူး ညို"

"ဒါဆို ဘာပြောမှာလဲ"

အံ့သြစွာ ကိုလတ်မျက်နှာကို ငေးကြည့်နေစဉ် ကိုလတ်နှုတ်မှ





[illegible]က်ချင်း စကားသံ မထွက်။ စားပွဲထိုးကလေး ရောက်လာပြီး သူတို့ မှာထားတာတွေ ချပေးသည်။ ကိုလတ်က သူ့လက်ကိုင်အိတ်ကို [illegible]င့်ပြီး ဟိုရှာသည်ရှာ ရှာနေတာ တွေ့၏။

"ဘာရှာနေတာလဲ"

"စာ"

"ဘာစာလဲ"

"အန်တီဆီက စာ"

"မေမေက နင့်ကို ဘာတွေ ဆုံးမ,ခိုင်းပြန်ပြီလဲ"

ကိုလတ်က စာကို ဆွဲယူလိုက်ပြီး ညို့ကို ပေးသည်။

"ညို ဖတ်ကြည့်"

ကိုလတ်မျက်နှာကို ကြည့်ရင်းမှ စာကို လှမ်းယူကာ ညို [illegible]တ်ကြည့်လိုက်သည်။ အစပိုင်းမှာ နေထိုင်ကောင်းကြောင်း၊ ညို့ကို [illegible]ကိုဖို့၊ ဆုံးမဖို့ ထုံးစံအတိုင်း ရေးထားပြီး အောက်ဆုံးပိုဒ်အရောက်မှာ ညို တအံ့တသြ ဖြစ်သွားရသည်။ စာကို အသေအချာထပ်ပြီး ညို [illegible]တ်၏။

...သားက အခုလို လိမ်လိမ်မာမာနဲ့အန်တီ့ကို ပြောတာ အန်တီက ဘာစိတ်ဆိုးစရာရှိလဲ သားရယ်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို အမေအရင်းလို သဘောထားပြီး သား တိုင်ပင်
တယ်လို့ အန်တီ ယုံပြီးသားပဲ။ သားလဲ အသိဆုံးပဲလေ။
အန်တီသားကို ဘယ်လောက် ချစ်တယ်ဆိုတာ။ အခု
သားက အန်တီ့သမီးကို လက်ထပ်ပါရစေ ခွင့်တောင်းတော့
အန်တီ့စိတ်ကူးယဉ်အိပ်မက် တကယ်ဖြစ်တော့မယ်အတွေး
အန်တီ ဝမ်းသာမိတယ်။ သားကလွဲလို့ အန်တီ သဘောတူ
နိုင်တဲ့လူ မရှိပါဘူးသား။ ညို့ကိုသာ သားဘာသာ ကြည့်
ပြောပေတော့။ ညိုကတော့ သားလဲ အသိဆုံးပါ။ ဘာမ
ထော်လော်ကန့်လန့်တော့ လုပ်တတ်တာပါပဲ။ ဒီစာကို
ညို့ကို ပြလိုက်ပါ။ ညို့ဆီကိုလဲ အန်တီ စာသတ်သတ်
ရေးပြီး ပြောလိုက်မယ်။

မျက်နှာမှာ ဒေါသရိပ်ဖြင့် သုန်မှုန်သွားမည်ပဲထင်၏။ တစ်
ပြန်ခေါက်ပြီး စားပွဲပေါ် တင်လိုက်သည်။

"ဒါ ဘာသဘောလဲ ကိုလတ်"

"နင် စိတ်ဆိုးလား"

"နင်က ပစ္စည်းဝယ်သလို ပိုင်ရှင်ဆီ တောင်းဝယ်ရင် ရ
ထင်နေတာလား။ မေမေ့ကို ပိုင်ရင် ပြီးပြီလို့ တွက်ထားတာ





ဟုတ်လား ကိုလတ်"

"အဲဒီသဘော မဟုတ်ပါဘူး ညိုရာ"

"ဘာမဟုတ်တာလဲ၊ အဲဒီအတိုင်း ဖြစ်နေတာပဲဟာ"

"ဘာလုပ်လုပ် လူကြီးတွေကို အသိပေးပြီးလုပ်တာ အကောင်းဆုံးလို့ ထင်လို့ပါ"

"ကာယကံရှင် ညို့ကို ဘာမှ မပြောသေးဘဲ လူကြီးတွေကို နင်က ခွင့်တောင်းတာ၊ ညို့သဘောကို ထည့်တွက်စရာ မလိုဘူးဆိုတဲ့ သဘောပေါ့"

"အဲဒီလို မဟုတ်ဘူး ညို၊ ညို မှားနေပြီ၊ ညိုက ငြင်းချင်ရင် ငြင်းနိုင်ခွင့် ညို့မှာ ရှိပါတယ်။ လူကြီးတွေရဲ့သဘောကို ညိုလဲ ထည့်စဉ်းစားလို့ ရအောင်ပါ"

"နင့်လို ရည်းစားစကားပြောတာ ငါ တစ်ခါမှ မကြားဖူးဘူး ကိုလတ်ရာ။ နင်က အမေ့ကို အရင်ပြောနိုင်းတဲ့သဘောပဲ"

"ငါတစ်ခုပဲ သိချင်တယ် ညို"

"ဘာလဲမေး"

"နင့်မှာ ချစ်သူ ရှိပြီလား"

တစ်ချက် ပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးတာလဲ"

"အဲဒါ နင် ငါ့ကို အရင်မေးရမှာပေါ့ဟဲ့။ အမေ့ကို ပြောပြီး ခမ်းနေရလား"

"အင်း.....ဒါတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါက နင့်မှာ မရှိဘူးလို့ အသေအချာတွက်ပြီး မမေးမိတာလဲပါတယ်။ ကဲ..... နင် ဖြေလေ"

"မရှိဘူး"

"အေး.....မရှိရင် ပြီးတာပဲ"

ငုံ့ထားသောခေါင်းကိုမော့ရင်း အကြည့်ဆုံသည်။

"ဘာလဲ မရှိတာနဲ့ပဲ ငါက နင့်ကို ချစ်ရမှာလား"

"ရတယ်လေ၊ ငါက နင့်ကို ချစ်တာ နင်အသိဆုံးပဲ။ ငါ ဘာမှ ထွေထွေထူးထူး ပြောနေစရာ မလိုဘူး။ ငယ်ဘဝကစပြီး ငါ့စိတ်၊ ငါ့သဘောကို ငါမပြောဘဲ နင် သိတာပဲ။ နင့်မှာသာ တစ်ခြားချစ်သူမရှိရင် နင် ငါ့ကို နားလည်လာမှာပဲ၊ ငါ တွက်ပြီးသား"

မြဲအပြင်ဆီ ငေးရီနေရာမှ အကြည့်ကို ပြန်ပို့သည်။

"ငါ ပြောမယ် ကိုလတ်"

"ပြော"





"ငါ အခုထိ ဘယ်ယောကျ်ားကိုမှ မချစ်မိသေးတာ အမှန်ပဲ၊ အရင်းနှီးဆုံး၊ သံယောဇဉ်အရှိဆုံးဟာလဲ နင်ပဲ။ လက်ထပ်ဖို့ အခု ပြောပါ ဆိုရင်လဲ နင့်ကို ရွေးမိမှာပဲ။ ငါ ထပ်ပြောမယ်။ ဒါပေမဲ့ ငါ နင့်ကို ချစ်သူလို ရင်မခုန်တာ အမှန် ကိုလတ်။ နင်နဲ့ငါလဲ စရိုက် တွေတာက ခပ်များများရယ်။ အခု နင်လုပ်ပုံကိုပဲ ကြည့်လေ"

"တစ်ယောက်တစ်ယောက် နားလည်ရင် ပြီးတာပဲဟာ။ အခု နင် ရင်မခုန်သေးလဲ အကြောင်းမဟုတ်ဘူး၊ နောက် ရင်ခုန်လာ မှာပေါ့၊ ဟုတ်ဖူးလား"

"ဘယ်သူက အတိအကျ ပြောနိုင်မှာလဲဟယ်"

"ငါ ပြောနိုင်ပါတယ်"

မျက်စောင်းထိုးလိုက်မိသည်။ သူ့အပေါ်မှာ ထားရှိသည့် ကိုလတ်၏ သံယောဇဉ်တရားကိုတော့ သူ လျစ်လျူရှု၍ မထားနိုင်သည်မှာ အမှန်ပင်။

"ပြန်ကြမယ်၊ နင့်အဆောင်က ပိတ်နေဦးမယ်။ သိပ်နောက်ကျ ရင် မကောင်းဘူး။ စည်းကမ်းအတိုင်း လိုက်နာတာ အကောင်းဆုံးပဲ"

ပြောရင်း စားပွဲထိုးကလေးကို လက်ယပ်လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၅)

"အဲဒီလို ရည်းစားဖြစ်သွားတာ ခင်သက်ဆွေရဲ့"

ခင်သက်ဆွေက ရယ်သည်။

"မေမေဆီကလဲ ကိုလတ်နဲ့ သဘောတူတယ်။ အိမ်ထောင်ပြုရင် ကိုလတ်နဲ့ပဲ ပြုရမယ်၊ တောင်တောင်အီအီ မကြားချင်ဘူး ဆိုတဲ့စာမျိုး ခဏခဏ လာတယ်လေ။ ကိုလတ်ကလဲ ဘာဖြစ်ဖြစ် တစ်နေ့သူ့ကို လက်ထပ်ရင် ပြီးရော။ သူက ချစ်နေရင်ပြီးရော ဆိုတာ ခဏခဏ ပြောတာ။ ညို့မှာလဲ ချစ်သူက မရှိတော့ နားပူမခံချင်တာနဲ့ ကိုလတ်ကို ခေါင်းညိတ်လိုက်တယ် ခင်သက်ဆွေရယ်"

"နင့်နေရာမှာ ငါဆိုလဲ ဒီလိုပဲ ဖြစ်မှာပါ။ ဘယ်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



**ငြိမ်းငြိမ်းဝါလေး၊** ကိုယ့်မှာ ချစ်ရတဲ့သူ ရှိရင်သာ ငြင်းချင်ငြင်းမိမှာ၊ **နေဝါဦး ချစ်သူ**ဖြစ်သွားပြီးတော့ နင့်စိတ်က ပြောင်းမသွားဘူးလား"

ခင်သက်ဆွေကို ညိုညိုဦးက ဖျတ်ခနဲကြည့်သည်။

"သိပ်ပြီး မထူးခြားသလိုပဲ"

"မဟုတ်ဘူးဟာ၊ ရည်းစားဖြစ်တာနဲ့ မဖြစ်တာ အနေအထိုင်၊ အပြောအဆိုကအစ ခြားနားလာရမယ် မဟုတ်ဘူးလား"

"နင် ယုံမလား မသိဘူး ခင်သက်ဆွေ။ ကိုလတ်နဲ့ငါကြားမှာ သိပ်မထူးခြားဘူး၊ တကယ်ပြောတာ။ ရုပ်ရှင်ရုံထဲမှာ ငါ့နဖူးကို၊ ပါးကို နမ်းတာလောက်ပဲ၊ အနေအထိုင်ဆိုလဲ ထူးခြားလာတာ၊ အပြောအဆိုကအစ နင်,ငါ ပြောလိုက်၊ ကိုလတ်၊ ညို ပြောလိုက် ခါတိုင်းလိုပဲလေ။ စိတ်ထဲမှာသာ တစ်နေ့ ငါ လက်ထပ်ရမယ့်သူ ပါလားလို့ အသိအမှတ်ပြုထားတာ ရှိတယ်လေ။ နင်သိတဲ့အတိုင်း ကိုလတ်ကလဲ အရမ်းစည်းကမ်းရှိတာဆိုတော့"

"သိပ်တော့ ပျော်စရာမကောင်းဘူးပေါ့ဟာ"

"ပျော်စရာ ဆိုတာထက် ရင်ခုန်စရာဆိုရင် ပိုမှန်မယ်"

"အင်း...,...ဟုတ်တယ်နော်"

ခင်သက်ဆွေထံမှ အကြည့်ကိုလွှဲကာ အဆောင် အပြင်





လမ်းမဆီ ငေးလိုက်၏။ နာရီသံချောင်း ခေါက်သံက နားထဲကို စူးစူးရှရှ ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

စနေအထိ သူတို့ကုမ္ပဏီက အလုပ်ဆင်းရသည်မို့ တနင်္ဂနွေ ရက်သာ အနားရသည်။

အဆောင်ရှေ့မှာ ဘုန်းမြင့် ရောက်လာချိန်၌ ညိုညိုဦးက စာဖတ်နေသည်။

"ညို၊ ဒီနေ့ ကိုလတ် လာမှာလား"

"လာမှာမဟုတ်ဘူး ခင်သက်ဆွေ၊ သူ့အဖေအလုပ်နဲ့ သူ ရှုပ်နေမှာ။ ငါ့ကိုတောင် သတိရချိန် ရှိမယ်မထင်ဘူး"

"ဘုန်းမြင့် ရောက်နေပြီ။ လက်ဖက်ရည်ဆိုင် လိုက်ခဲ့လေ"

ဖတ်လက်စစာအုပ်ကို စားပွဲပေါ် တင်လိုက်၏။

"နင်တို့ကြားမှာ အနှောင့်အယှက် ဖြစ်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လာပါညီရာ၊ စကားပြောရတာပေါ့၊ လက်ဖက်ရည်ဆိုင် ထိုင်တာပဲ"

"ဒါဆိုလဲ လိုက်ခဲ့မယ်"

ပြောပြီး အဝတ်အစားလဲဖို့ ပြင်သည်။

"အောက်က စောင့်နေမယ် လာခဲ့"

ပြောရင်း ခင်သက်ဆွေ အဆောင်ပေါ်မှ ဆင်းသည်။ ဆံပင်ကို စုစည်းလိုက်ပြီး အဝတ်အစား လဲလိုက်၏။ ပြီးမှ အဆောင်ပေါ်မှ ဆင်းလာခဲ့သည်။

အဆောင်ရှေ့ ခရေပင်ရိပ်မှာ သူ့ကို ရပ်စောင့်နေသော ဘုန်းမြင့်နှင့် ခင်သက်ဆွေကို မြင်သည်။ ခင်သက်ဆွေ၏ ဆံပင်ပေါ်သို့ ကျလာသည့် သစ်ရွက်ခြောက်ကလေးကို ဘုန်းမြင့်က ဖယ်ရှား ပေးနေတာ တွေ့၏။

"နင်တို့နှစ်ယောက်ကတော့ တကယ် အားကျစရာပဲ"

အနားရောက်ခိုက် ညိုညိုဦးက လှမ်းနောက်သည်။

"ဘာလဲ ကိုလတ်ကို သတိရသွားပြီလား"

ဘုန်းမြင့်က မေး၏။

"အေးဟယ်.....ကိုလတ်ကို ငါတို့အုပ်စုနဲ့ ရောရောနှောနှော





ဖြစ်အောင် နင် လုပ်ပါလား။ ပိုပြီး ပျော်စရာကောင်းသွားမှာ"

အမှတ်မထင် ပုခုံးကို တွန့်လိုက်မိ၏။

"ငါပြောသားပဲ၊ ကိုလတ်က ငါတို့နဲ့ မတူဘူး၊ ကြီးကျယ် တယ်ဆိုတာ"

"သူက ခပ်တည်တည်ကြီး ဆိုတော့ဟာ တရင်းတနှီး မဖြစ်ဘူးပေါ့"

ဟု ဘုန်းမြင့်က ပြောရင်း အဆောင်ဝဆီ လျှောက်၏။ အဆောင်ရှေ့ဘက်လမ်းမမှာ သူတို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်ရှိသည်။

"ခိုင်ထွန်းရော"

"သူ ဒီနေ့ မအားဘူး ညီ၊ မာလာ့ကို အိမ်ပြောင်းပေးစရာ ရှိလို့တဲ့"

ညိုညိုဦး အမေးကို ဘုန်းမြင့် ပြောလိုက်စဉ် ခင်သက်ဆွေက ဘုန်းမြင့်မျက်နှာကို လှမ်းကြည့်သည်။

"အဲဒီကောင်က ပြောလို့လဲ မရဘူး၊ ပြောလိုက်ရင် မဟုတ်ပါ ဘူး၊ မဟုတ်ပါဘူးနဲ့"

"သူ့စိတ်နဲ့သူပဲ ခင်သက်ဆွေရာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးညို၊ ငါတို့က မိတ်ဆွေကောင်း သူငယ်ချင်းကောင်းအနေနဲ့ ပြောရမှာပဲ"

"သူ မာလာ့ကို ခင်တာပါ"

"နင်က ရှေ့နေ လိုက်နေပြန်ပြီ"

ဘုန်းမြင့်က ခင်သက်ဆွေကို ပြန်မပြောတော့ဘဲ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်သည်။



(၇)

စကားက ဟိုရောက်သည်ရောက်နှင့် နောက်ဆုံး ခိုင်ထွန်းနှင့် မာလာတို့အကြောင်း စကားရောက်လာပြန်သည်။

"အထည်ချုပ်မှာတုန်းကတည်းက ခိုင်ထွန်းနဲ့ မာလာက သံယောဇဉ် ရှိကြတာ"

ခိုင်ထွန်းက အထည်ချုပ်စက်ရုံမှာ စက်ပြင်အဖြစ် အလုပ်လုပ်ခဲ့ဖူးသည်ပဲ။ သည်တုန်းကတည်းက မာလာနှင့် ခိုင်ထွန်းတရင်းတနှီး ရှိခဲ့ကြသည်ကို ဘုန်းမြင့်က သိထားသည်။

"သူနဲ့ ဒီလောက်ရင်းနှီးတာ၊ အဲဒီမှာ မလုပ်ဖို့ ခိုင်ထွန်းက မပြောဘူးလား"

ညိုက ဘုန်းမြင့်မျက်နှာကို လှမ်းကြည့်ရင်း မေးလိုက်သည်။

"ဟုတ်တယ်၊ ဒီအလုပ်လုပ်တာကို ခိုင်ထွန်းက ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူရတာလဲ”

“မဟုတ်သေးပါဘူးဟာ။ နင်တို့ကလဲ ခိုင်ထွန်းနဲ့ မာလာက သံယောဇဉ် ရှိရုံရှိကြတာပဲဟာ။ သူ့ရည်းစားမှ မဟုတ်တာ။ သူက ဒီအလုပ် မလုပ်နဲ့လို့ ဘယ်တားလို့ ရမှာတဲ့လဲ”

“မဟုတ်ဘူး ဘုန်းမြင့်။ သမီးရည်းစား မဟုတ်လဲ သူ့မှာ ပြောဖို့ တာဝန်တော့ ရှိတာပေါ့”

“ပြောတယ်၊ ပြောတာမှ ငါ့ရှေ့မှာတင် နှစ်ခါသုံးခါမက ပြောတာကြုံဖူးတယ်”

“ဘာပြန်ပြောလဲ”

“သူ့မိသားစုကို ငွေပြန်ပို့ပေးဖို့ ဒီအလုပ်က အဆင်ပြေနေတယ်ပေါ့။ ဒီလောက်ဝင်ငွေရှိတဲ့အလုပ် ရှာပေးမလားဆိုတော့ ခိုင်ထွန်း ပြန်မဖြေနိုင်တော့ဘူးလေ”

“ဒါတော့ မထွက်ချင်လို့ သက်သက်ပြောတာပဲလေ”

အဲဒီအလုပ်လို ဝင်ငွေရအောင်တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ”

“ညိုကလဲဟာ၊ ဒီမှာ လုပ်ဖူးသွားရင် ဒီအလုပ်ထဲက ဘယ်ထွက်ချင်တော့မလဲ။ သက်တောင့်သက်သာနဲ့ ငွေရလွယ်တာပဲဟာ”

“မဟုတ်ဘူး ခင်သက်ဆွေ။ သူတို့ ဂုဏ်သိက္ခာကို ရင်းပြီးမှ





…တဲ့ငွေပါ”

“ဒါတော့ ဒါပေါ့ ညို၊ လူဆိုတာ လွယ်လွယ်နဲ့ ငွေရတဲ့အလုပ်ကို …န့်ဖို့ ခက်တယ်”

“မာလာက အသံလဲကောင်းတယ်၊ သီချင်းဆိုတာ အစ …တည်းက ဝါသနာလဲကြီးတယ် ပြောတယ်ဟ။ စက်ရုံကလုပ်တဲ့ …တွေဘာတွေမှာလဲ သီချင်းတွေဘာတွေ ဆိုဖူးတယ်ဆိုတော့ဟာ …လဲရ၊ သူဝါသနာပါတဲ့အလုပ်လဲ ဖြစ်နေတယ်ဆိုတော့ စွန့်ဖို့တော့ …လွယ်ဘူး”

“ဒါပေမဲ့ဟာ ကိုယ့်ပရိသတ်အစစ်အမှန်ကို ဖျော်ဖြေရတာမျိုးမှ …ဟုတ်တာ။ တကယ်စဉ်းစားကြည့်ရင် ရင်နာဖို့ သိပ်ကောင်းတယ်။ …မထောင်ချင်တဲ့လူတစ်ယောက်ကို စကားပြောရတာတောင် …ဟ်ပျက်ဖို့ ကောင်းသေးတာ။ သူတို့ဟာသူတို့ ပြောဆိုသောက်စား …ရတဲ့လူတွေကို အနုပညာနဲ့ ဧည့်ခံရတာ ဘယ်လောက်ဆိုးတဲ့ …ဖြစ်လဲ”

“အမှန်ပဲ ညို၊ ဒီရောက်လာတဲ့သူတွေက အနုပညာထက် …ကို စိတ်ဝင်စားတဲ့သူတွေ”

“တော်ပါတော့ဟာ။ ဒါတွေကို ခိုင်ထွန်းလဲ ပြောပြဖူးတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဲခြင်္သေ့ဖြစ်လေ မာလာနဲ့ ခိုင်ထွန်း ငြိသွားမှာကို ငါတို့က စိုးရိမ်လို့ ပြောနေတာ။ အမှန်ဆို မာလာ့အကြောင်းကို ငါတို့က စိတ်ဝင်စားတာ မဟုတ်ဘူး"

"ဘယ်လိုမှ မငြိနိုင်ဘူး၊ ငါ သိတယ်"

"နင် ဘာကြောင့် အသေအချာ ပြောနိုင်တာလဲ ဘုန်းမြင့်"

ဘုန်းမြင့်ကို ကြည့်ရင်း ခင်သက်ဆွေက မေးလိုက်သည်။

"ခိုင်ထွန်းက သိပ်လျှို့ဝှက်တယ်။ ဒါပေမဲ့ ဒီကောင့် စကားတွေထဲမှာ မိန်းမတစ်ယောက်ကို အသေအလဲ ချစ်ခဲ့ဖူးတာတွေ အရိပ်အမြွက် ပါပါသွားတယ်ဟ"

ညိုညိုဦးက ဆိုင်အပြင်ကို အကြည့် ပို့လိုက်၏။ ခင်သက်ဆွေက ဓာတ်ဘူးထဲမှ ရေနွေးကို ပန်းကန်ထဲသို့ ငှဲ့ထည့်သည်။

"လက်ဖက်ရည်ဆိုင်ကရေနွေးက ထူးထူးခြားခြား အငွေ့တွေ ဘာတွေ ထွက်လို့ပါလား"

ဘုန်းမြင့်စကားကြောင့် ရေနွေးကြမ်းပန်းကန်ဆီ ဖျတ်ခနဲ အကြည့်ရောက်ပြန်သည်။ အငွေ့တထောင်းထောင်း ထနေသည့် ရေနွေးကြမ်းပန်းကန်ကို စူးစိုက်ကြည့်နေမိပြန်၏။



(၈)

ဆိုင်တွေကို ပစ္စည်းတွေ လိုက်ပို့၊ ရောင်းပြီးသားပစ္စည်းတွေကို ငွေပိုးတွက်၊ ငွေရှင်းအလုပ်က နေ့စဉ် သူတို့ လုပ်နေကျအလုပ်။ သည်အလုပ်က ပြန်လာပြီးမှ ရုံးမှာ အခြားစာရွက်စာတန်းကိစ္စတွေ ဆက်လုပ်ကြရစမြဲ။ သူတို့လေးဦးက တစ်ဖွဲ့တည်းဖြစ်ပြီး သွားအတူ လာအတူ ခင်မင်သွားကြခြင်းပင်။

ခင်သက်ဆွေက သည်အလုပ်ကို အစောဆုံး ရောက်နှင့်နေသူ။ ခင်သက်ဆွေ ရောက်ပြီးမှ ညိုညိုဦးက ရောက်လာသည်။ ဘုန်းမြင့်နှင့် ခိုင်ထွန်းက အထည်ချုပ်စက်ပြင်လုပ်ရာမှ သည်ကုမ္ပဏီ ပြောင်းလာကြသူများ။ အတူသွား အတူလာနေရာမှ ခင်သက်ဆွေနှင့် ဘုန်းမြင့်တို့က ချစ်သူတွေ ဖြစ်သွားကြသည်။ ညိုညိုဦးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်နှင့် ချစ်သူတွေဟု အားလုံးက နားလည်လက်ခံထားကြ၏။ ကိုလတ်ကို သူတို့အုပ်စုထဲမှာ တရင်းတနှီး ဖြစ်စေချင်သော်လည်း ကိုလတ်က ဘဝင်မြင့်ပုံ၊ အခြေကြီးပုံ ရသဖြင့် အားလုံးက မေးထူ နေပြော အဆင့်သာ ဆက်ဆံကြသည်။

"ညိုက ဘယ်လိုမှ ပြောမရလို့ လွှတ်ထားရတာ။ ကျွန်တော် ကုမ္ပဏီမှာ ဒီဝင်ငွေထက် နှစ်ဆသုံးဆပေးပြီး ကျွန်တော်ခန့်လို့ ရတာပဲ"

သည်စကားမျိုးကြောင့် ကျန်သူများက မျက်နှာပျက်ချင် ကြသည်။

"သူများအစွမ်းအစနဲ့ မထိုက်တန်တဲ့ အခွင့်အရေးကို မမက်ဘူး"

ဟု ညိုညိုဦးက မာနစကား ပြောတတ်စမြဲ။

သူတို့တွေ စိတ်အပူဆုံးကတော့ ခိုင်ထွန်းနှင့် မာလာတို့ ချစ်သူဘဝ ရောက်သွားမှာကိုပင်။ မာလာနှင့် ခိုင်ထွန်းကို သဘော မတူကြသည်မှာလည်း မာလာ၏ အလုပ်ကြောင့်ဆိုတာ ရှင်းသည်။

လူတစ်ရာမှာ ကိုးဆယ်ကျော်က နာမည်ပျက်ချင်နေကြသည့် အလုပ်မို့ ကျန်တဲ့ လူကောင်းဆယ်ဦးမှာ မာလာ ပါနိုင်ပါ့မလားဟု





သံသယ ဝင်ကြခြင်းပင်။

ခိုင်ထွန်းရင်ထဲမှာ မိန်းမတစ်ယောက်ကို ချစ်ခဲ့ဖူးတာ သေချာတယ်ဆိုတဲ့ ဘုန်းမြင့်စကားသည် ညိုညိုဦး၏ရင်ကို မြား အစင်းတစ်ရာ စူးစိုက်စေတာ ဘယ်သူတွေ သိမှာတဲ့လဲ။ ညိုညိုဦး၏ မျက်နှာ ကွက်ခနဲအပျက်ကို ဘယ်သူတွေက ရုတ်တရက် သိနိုင်မတဲ့ ထဲလေ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ထမင်းစားချိန်မှာ ကုမ္ပဏီရှေ့မှာ ရှိသည့် လက်ဖက်ရည်ဆိုင်မှာ ဆိုင်ပြစ်ကြ၏။

"မနေ့က တော်တော်ပင်ပန်းသွားလား ခိုင်ထွန်း"

ခင်သက်ဆွေက ခိုင်ထွန်းကို ရိုတိုတိ မေးသည်။

"ဘာလဲ"

"မသိဘူးလေ၊ အိမ်တွေဘာတွေ လိုက်ပြောင်းပေးရတယ် ဆိုလို့"

"သြော်.....ဘုန်းမြင့် ပြောပြီးပြီလား"

"အေး.....ငါ ပြောလိုက်တယ်"

ညိုညိုဦးက စိတ်မဝင်စားသလို လမ်းဆီ ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းစရာရွေ့စရာက ဘာမှ ရှိလို့ မဟုတ်ပါဘူးကွာ အိမ်ရှင်အိမ်ငှား စာချုပ်ချုပ်တာ။ အဲဒီကိစ္စ လိုက်လုပ်ပေးတာ ပြီးတော့ အိမ်မှာ ပြင်စရာရှိတာလေး ဘာလေး နည်းနည်းပါးပါး လုပ်ပေးပေါ့"

"အရင် နင်ပြောတော့ အဆောင်နေတာဆို"

"ခင်သက်ဆွေကလဲ ဘာသိလို့လဲ။ အခု သူ့ညှဲ့သည် တစ်ယောက်က အိမ်စပေါ်တွေဘာတွေ ထုတ်ပေးတာတဲ့။ ဟုတ်တယ် မဟုတ်လား ခိုင်ထွန်း"

"ဟုတ်တယ်"

"အဲဒီညှဲ့သည်က ပြောင်းတာရွှေ့တာကျတော့ လိုက်လုပ်မပေး ဘူးလား"

"မသိပါဘူး ခင်သက်ဆွေရာ၊ ငါကတော့ မာလာ့ကို သနား တာပဲ။ ဒီကောင်မလေးက ရိုးတယ်၊ အ,တယ်၊ သူများ ပြောသမျှ ယုံတတ်တယ်။ မဖြစ်သင့်တာတွေ မဖြစ်စေချင်ဘူး"

"စေတနာတွေပေါ့ ခိုင်ထွန်းရာ"

"သနားတာက ပိုကြောက်စရာ ကောင်းတယ်ကွ"

"မင်းတို့ကလဲကွာ၊ ငါ့ကို နားမလည်ဘူး"





"ဒီကောင်မလေးနဲ့ မင်း ငြိသွားမှာ စိုးရိမ်လို့ကွ"

"မဆိုင်တာ"

"သနားတာနဲ့ ကောက်ယူလိုက်မှာစိုးတာ"

"ခင်သက်ဆွေရာ၊ ငါ မချစ်တဲ့ မိန်းမတစ်ယောက်ကို ငါ ဘယ်တော့မှ မယူဘူး"

လမ်းမဆီ ငေးနေရာမှ မျက်ခနဲ အကြည့်တစ်ချက် ခိုင်ထွန်း မျက်နှာဆီ ရောက်သွားသည်။ ညိုညိုဦးအကြည့်ကို ခိုင်ထွန်းက ရှောင်၏။

"မင်း မာလာ့ကို မချစ်တာ သေချာတယ်ပေါ့"

"သေချာတယ်"

"ဒါဆိုလဲ ပြီးရောကွာ၊ ငါလဲ မာလာ့ကို ခင်ပါတယ်။ ဒါပေမဲ့ ယောက်ျားတွေအကြိုက်လိုက်ပြီး ဟန်ဆောင်နေမှ ပိုက်ဆံရတဲ့ အလုပ်ကြီး လုပ်နေတာကိုတော့ ရွံတယ်။ အဲဒီအလုပ် လုပ်နေတဲ့ မိန်းကလေးနဲ့ မင်းကို ငြိမသွားစေချင်ဘူး"

"အချစ်မှာ မျက်စိ မပါဘူးလေ"

ငုံ့ထားသော ရေနွေးပန်းကန်ကို လှမ်းယူရင်း ညိုညိုဦးက မကြည့်ဘဲ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာတရားဟာ ဆင်ကန်းတောတိုး အပြစ်မျိုးလဲ မဖြစ်စေနိုင်ပါဘူး"

နိုင်ထွန်းစကားကြောင့် အကြည့် ဆုံဖြစ်ပြန်သည်။



(၁၀)

ခရီးထွက်မည်ပြောပြီး ကိုလတ် ရောက်မလာတာ နှစ်ပတ်နီးပါး ရှိပြီ။ အဆောင်ရှေ့မှာ ကားရပ်တာမြင်တော့ ခရီးက ပြန်ရောက်လာပြီပဲဟု တွေး၏။ အဆောင်ပေါ်မှ ဆင်းကာ ကိုလတ်ကားရှိရာသို့ လျှောက်သည်။

"ကိုလတ် ဘယ်တုန်းက ပြန်ရောက်လဲ"

"နှစ်ရက် ရှိပြီ"

"နှစ်ရက်ရှိပြီ ဟုတ်လား"

ခေါင်းညိတ်ပြသည်။ ခါတိုင်းနှယ် မျက်နှာ မရွှင်ပျတာ သတိထားမိသည်ပဲ။ ခါတိုင်း ခရီးမှ ပြန်ရောက်လျှင် ရောက်ရောက်ချင်း ပေါ်လာတတ်တာ ပြန်သတိရ၏။ အလုပ်အရှမ်းများလို့ နေမှာပါဟု စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တမင် လာမတွေ့တာ"

"ဘာ"

"ညိုနဲ့ကိုလတ် ရှင်းစရာ ရှိတယ်"

"ဘာရှင်းမှာလဲ ကိုလတ်"

"ကားပေါ်တက်"

ညိုညိုဦးက ကိုလတ်ကို နားမလည်နိုင်စွာ ကြည့်ရင်း ကားတံခါးကို ဖွင့်၏။ ကားပေါ်ရောက်ပြီးတော့ သူ့ကို ငဲ့မကြည့်ဘဲ ကိုလတ်က ကားမောင်းထွက်သည်။

* * *

သူနှင့်ကိုလတ် ထိုင်နေကျ ခြံဝန်းကျယ်နှင့် လက်ဖက်ရည် ဆိုင်ကို ရောက်လာသည်။ မေမေက ဘာကိစ္စကို ကိုလတ်ထံ စာရေး ပြောပြခိုင်းပြီလဲဟု စဉ်းစားနေမိပြန်၏။

စားပွဲထိုးကလေးကို မှာစရာရှိတာတွေ မှာလိုက်သည်။

"ကိုလတ် ဘာရှင်းမှာလဲ။ ကိုလတ်စကားက ကြီးကျယ် နေသလိုပဲ။ ကိုလတ်နဲ့ညိုတို့ကြားမှာ ဘာရှင်းစရာ ရှိလို့လဲ"

"ရှုပ်ထားရင် ရှင်းရမှာပဲလေ"

"ဘယ်သူက ရှုပ်ထားတာလဲ၊ ကိုလတ်စကားက လွန်လာပြီ"





အသံက မာဆတ်ဆတ်နိုင်သွားမည် ထင်၏။

"နင်တို့ ငါ့ကို ညာထားတာ ရှိတယ် ညို"

"ဘယ်လို"

"ငါ့ကို ညာထားတာ"

"နေပါဦး၊ နင်တို့ ဆိုတာ ရှင်းပါဦး၊ ဘယ်သူတွေကို ပြောတာလဲ၊ ခင်သက်ဆွေတို့လား"

"မဟုတ်ဘူး၊ နင်နဲ့အန်တီ"

"မေမေ ဟုတ်လား၊ မေမေကလဲ နင့်ကို ညာတယ်"

"ဖွင့်မပြောတာ ညာတာပဲပေါ့"

"ငါ နားမလည်ဘူး ကိုလတ်၊ ရှင်းရှင်းပြော၊ နင့်ကို ဘာ ညာတာလဲ"

"ငါ နင့်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ နင် သိပါတယ်"

"ဆေ့မနေနဲ့ဟာ၊ အဲဒါနဲ့ ဘာဆိုင်လဲ"

"ငါ့မေတ္တာကို စော်ကားတာ"

"ဘာ"

"ဟုတ်တယ်၊ အမှန်ကို ဖွင့်ပြောရင် ငါ ဒီအထိ ခံစားရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ကိုလတ်"

အသံက မာပြီး ပြတ်သည်။ ခေါ်သံကြောင့် အကြည့်ဆုံ ဖြစ်သွား၏။

"ငါ့ကို အဖိုတွေ မပြောနဲ့။ နင် မေးချင်တာမေး၊ ပြောချင်တာပြော။ အခုထိ ငါ ဘာမှ နားမလည်သေးဘူး"

"အေး..... မလည်ရင် ပြောမယ်၊ မေးမယ်၊ နင် အမှန်အတိုင်း ဝန်ခံ"

"မေး"

"နင် လူတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးဖူးတယ် မဟုတ်လား"

"ဘာ"

"ငါ့မေးခွန်းက မရှင်းလို့လား"

"ရှင်းတယ်"

"ဆယ်တန်းအောင်ပြီး ငါတို့ ရန်ကုန် ပြောင်းသွားတဲ့အချိန် လောက် ဖြစ်မှာပေါ့။ အဲဒီနှစ်က နင် လူတစ်ယောက်နဲ့ ခိုးရာ လိုက်ပြေးခဲ့ဖူးတယ်တဲ့"

"ခိုးရာလိုက်မပြေးဖူးဘူး"





"နင် ညာတာပေါ့ ညို"

"နင် မယုံရင် မတတ်နိုင်ဘူး"

"ငါ အတိအကျ သတင်းရတာ"

"ငါတို့ မြို့က ပျံ့တဲ့သတင်းပဲဖြစ်မှာပေါ့၊ ငါ ဂရုမစိုက်ဘူး"

"ငါက ဂရုစိုက်တယ် ညို၊ နင် ဝန်ခံရင် ငါ ခွင့်လွှတ်မယ်"

"ဘာ"

"ငါ့ကို ဝန်ခံပါလား ညိုရယ်"

"ဘာလို့ ဝန်ခံရမှာလဲ။ ပြီးတော့ နင် ခွင့်လွှတ်ဖို့ ငါက အသနားခံရမှာလား။ ဒီမှာ ကိုလတ်။ နင့်ကို ငါ အမှန်ဆုံး စကား ပြောမယ်။ ငါ လူတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးတာ မဟုတ်ဘူး။ ခရီးလွန်ပြီး တစ်ညအိပ် ပြန်ရောက်မလာနိုင်တာ။ အဲဒါပဲ။ မိန်းမ တစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် တစ်ည အတူရှိနေလို့ ဘာတွေ ဖြစ်သွားနိုင်တယ်လို့ နင်ကြိုက်သလိုတွေး။ ငါ ဂရုမစိုက်ဘူး။ အဲဒီလောက် သဘောထားသေးတဲ့ယောကျ်ားလဲ ငါ ဆက် လက်မတွဲ နိုင်ဘူး၊ ဒါပဲ"

"နေပါဦး၊ နေပါဦး ညို"

ထရပ်ရန် ပြင်ခိုက် လက်ကိုဆွဲကာ တားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်နဲ့ တစ်ညအတူ ရှိခဲ့တယ်လို့ နင် ဝန်ခံတာလား"

"ငါ တရားခံ မဟုတ်ဘူး ကိုလတ်။ ဝန်ခံစရာ မလိုဘူး။ နင် သိအောင် ပြောပြတာ"

"အစက ငါ့ကို ဘာလို့ မပြောတာလဲ"

"တော်ပြီ ကိုလတ်၊ ငါ နင့်ကို အရမ်း စိတ်ပျက်သွားပြီ။ နင့် စိတ်မျိုးကို ငါမကြိုက်ဘူး။ ကြောက်လဲကြောက်သွားပြီ။ နင်နဲ့ငါ ထာဝရ လမ်းခွဲတာပဲကောင်းတယ်။ မေမေ့ဆီလဲ နင် ကြိုက်သလိုတိုင် ကြိုက်သလို စာရေးပြော။ ငါ နင့်ကို မပတ်သက်တော့ဘူး"

စကားဖြတ်ကာ ဆတ်ခနဲ ထရပ်ပြီး ထွက်ခဲ့၏။

"ညို"

ခေါ်သံကြားသော်လည်း လှည့်မကြည့်မိ။ ခြံဝန်းရှေ့ ရောက် အဆင်သင့်လာသည့် တက္ကစီတစ်စီးကို တားကာ အဆောင်ပြန်ခဲ့သည်။

အဆောင်ရောက်တော့ ကိုလတ် အဆောင်လိုက်လာလျှင် ပြန်မရောက်သေးဘူးပြောဖို့ ခင်သက်ဆွေကို မှာထားလိုက်၏။

ခဏအကြာမှာ ထင်ထားသလိုပင် ကိုလတ် ကား ရောက်လာ သည်။ မှာထားသည့်အတိုင်း ခင်သက်ဆွေ ဆင်းပြောလိုက်၏။



## (၁၁)

"ဘာတွေဖြစ်လာကြတာလဲ ညို"

"ကိုလတ်နဲ့ငါတော့ လမ်းခွဲလိုက်ကြပြီ ခင်သက်ဆွေ"

"စိတ်ကောက်ကြ၊ စိတ်ဆိုကြတာ ချစ်သူတွေတိုင်း ဖြစ်နေကျ ပါဟာ"

"အဲဒီလို မဟုတ်ဘူး ခင်သက်ဆွေ၊ ကိုလတ်နဲ့ငါ ပြတ်သွား ကြပြီ"

"သူက မပြတ်ရင်ကော"

"ငါက ပြတ်တယ်"

"ပြန်ညှိနိုင်းပါဦးဟာ"

"နင် ပြောသလို စိတ်ကောက်တာ၊ စိတ်ဆိုးတာ ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာ ပြေတတ်တာပဲ။ ပြန်ပြီး ညှိနှိုင်းလို့ ရနိုင်တာပဲ။ ဒါက စိတ်ဆိုးတာ မဟုတ်ဘူး။ စိတ်ကုန်တာ ခင်သက်ဆွေ။ ကိုလတ်ကို ငါ စိတ်ကုန်သွားတာ"

"ဘယ်လိုဖြစ်ဖြစ် သူက နင့်အမေကို စာရေးပြီး ပြောမှာပေါ့။ မင့်အမေ နင့်ကို နားချမှာပေါ့ဟာ"

"ဒီတစ်ခါတော့ ငါ မထင်ဘူး။ မေမေ့ကိုလဲ သူပြောချင်မှ ပြောမယ်။ မေမေ့ကိုပါ သူ အထင်လွဲသွားတာ ရှိနေတယ်။ ဘာ ဖြစ်ဖြစ် ငါ့စိတ်ကို ငါ သိတယ်။ ငါ ကိုလတ်ကို ဘယ်လိုမှ ပြန်ဆက် လို့ ရမှာမဟုတ်တော့ဘူး ခင်သက်ဆွေ"

ခင်သက်ဆွေထံမှ သက်ပြင်းချသံကို ကြားလိုက်ရသလိုပင်။

* * *

နောက်နေ့အလုပ်ထဲကို ကိုလတ်လိုက်လာချိန်မှာ သူတို့ အုပ်စုက ပစ္စည်းဖြန့်ရန် အပြင်ထွက်သွားခဲ့ပြီ။ ညနေ လာမည် မှာသွား၏။

ညနေဘက် ကိုလတ်ရောက်လာစဉ် ခင်သက်ဆွေကို စာတိုလေး တစ်စောင်ရေးပြီး သူ ပေးလိုက်သည်။





ကိုလတ်.....

ဘယ်တော့မှ တွေ့ဖို့ မကြိုးစားပါနဲ့တော့။

ကိုလတ်နဲ့ညို လမ်းခွဲလိုက်ကြပါပြီ။

ညို

ညမှောင်ရီပျိုးစဉ် အဆောင်ရောက်လာတော့လည်း ညိုညိုဦးက င်းမတွေ့တော့။

"သူက အပြစ်ရှိပြီး တောင်းပန်ရမယ့်ကိစ္စကို သူက ရှောင်နေ ဘာ။ ကျွန်တော့်မှာ တာဝန် မရှိတော့ဘူး ခင်သက်ဆွေ။ အဲဒါ ပြောလိုက်ပါ"

ဟု အဆောင်မှအထွက် ကိုလတ်က မှာသွားတာ။ ခင်သက် ဆွေက ပြန်ပြောပြသည်။

"နင်တို့ဟာက ဘာတွေလဲဟာ။ နင်တွေ့ပြီး ရှင်းလိုက်ရင် ကောင်းမယ်။ အဖျက်အပျက်နဲ့"

"ငါပြောပြီးပြီပဲ ခင်သက်ဆွေ။ သူနဲ့ငါ ဘာမှ ပတ်သက်စရာလဲ ဘူး။ ရှင်းစရာလဲ မရှိဘူး"

ခင်သက်ဆွေက ဘာမှ ပြန်မပြောတော့။ ညိုညိုဦး စိတ်ဆိုး တာ သိလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"သိပ်ကြီးကျယ်တဲ့ ပြဿနာမို့လား ညီရယ်"

တစ်ပတ်ကျော်လောက်အကြာမှာ မေမေ့ထံမှ စာရောက်လာသည်။ စာထဲမှာ အဓိက ပါလာတာကတော့ ညီနဲ့သူ ပြတ်သွားကြပြီလို့ ကိုလတ်က စာရေးကြောင်း၊ ဖြေရှင်းဖို့ သူက တွေ့ချင်တာကိုလဲ ညီက အတွေ့မခံကြောင်း၊ ကိုလတ်စာထဲမှာ ပါတာတွေ ရေးပြသည်။ ပြီးတော့ ကိုလတ်ကို တွေ့ပြီး တောင်းပန်ညှိနှိုင်းဖို့ မေမေက တိုက်တွန်းထားသည်။ ဘာပဲဖြစ်ဖြစ် ကိုလတ်တစ်ယောက်တည်းကိုသာ အိမ်ထောင်ဘက်အဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်း အတိအလင်း ရေးထားသည်။ ကိုလတ်က ဘာကိစ္စ၊ ဘာပြဿနာ ဆိုတာကိုတော့ ထည့်ရေးလိုက်ပုံ မပေါ်။



www.burmeseclassic.com

www.burmeseclassic.com



စာရောက်လာသည့်နေ့က ခင်သက်ဆွေကို မေမေ့စာ ပေးဖတ်[illegible] သည်။ စာဖတ်အပြီးမှာ ခင်သက်ဆွေက ညီညီဦးကို မေးလိုက်ခြင်း ဖြစ်၏။

"အင်း.....ကြီးကျယ်တယ်လို့ ပြောလဲရတယ် ခင်သက်ဆွေ"

"ငါ့ကို ပြောလို့ ဖြစ်လား။ အကြံပေးလို့ ရမလားလို့ပါ"

"အစကတော့ ငါ သူ့ကို မချစ်တာ၊ ရင်မခုန်တာ အစ[illegible] ဖြစ်မယ်ထင်တယ် ခင်သက်ဆွေ။ ငါ သူ့ကို အပြစ်ရှာနေတာ[illegible] မဟုတ်ဘူး။ ဒါပေမယ့် ဒီကိစ္စမှာ သူ့စိတ်ကို ငါ လက်မခံချင်ဘူ[illegible] သိပ်ပြီးချစ်ရင်တော့ ငါ့အပေါ် သူချစ်လို့ နေမှာပါလို့ ဖြေတွေ[illegible] တွေးမိမလား မသိဘူး။ ငါ့ဘက်က မချစ်တော့ သဘောထား[illegible] သေးသိမ်တယ်လို့ ယူဆလိုက်မိတယ်လေ"

"အင်း.....ပြောပါဦး။ သူက ဘယ်သူနဲ့ စွပ်စွဲလို့လဲ"

"စွပ်စွဲတယ်ဆိုတာထက် ငါက သူ့ကို ညာထားရတာ[illegible] ညာထားတယ်လို့ ထင်တာ၊ အဲဒါကို ဝန်ခံခိုင်းတာ"

"ငါ နားမလည်တော့ဘူး ညီ"

"ရှင်းရှင်းပြောရရင်ဟာ ငါက လူတစ်ယောက်နဲ့ တစ်[illegible] လိုက်ပြေးမှုတယ်ဆိုတဲ့ကိစ္စ သူ ကြားသွားပြီး ပြဿနာဖြစ်တာ"





"ဟာ.....နင့်ပြဿနာက အကြီးကြီးပဲ"

"ဟုတ်တယ်၊ အဲဒီကိစ္စက ငါတို့ မြို့က ပျံ့လာတဲ့သတင်းပဲ ဖြစ်မယ်။ ငါ တက္ကသိုလ် ရောက်စနှစ်မှာ အဲဒီသတင်းမြို့မှာ ပျံ့သွားတာ အမှန်ပဲ"

"အဲဒီတုန်းက ကိုလတ်က မြို့မှာ မရှိဘူးလား"

"မရှိဘူး၊ သူတို့အဖေက ပင်စင်ယူပြီး ရန်ကုန်ပြောင်းသွား ကြပြီလေ"

"နင် အဖြစ်မှန်ကို ရှင်းပြလိုက်ပါလား"

"ရှင်းပြတယ်ဆိုတာထက် အဖြစ်မှန်ကို ပြောပြဖို့ ဝန်မလေးဘူး ခင်သက်ဆွေ။ နင်လဲ ငါ့စိတ်ကို သိနေတာပဲ။ မသင်္ကာလို့ ရှင်းခိုင်း တာမျိုးကျတော့ ငါက အရေးလုပ်ပြီး မရှင်းချင်ဘူး။ ကိုလတ် စကားတွေက ငါနဲ့ငါ့အမေက ပေါင်းပြီး သူ့ကို ညာထားကြတာ၊ ရှင်းရှင်းပြောရရင်ကွာ ဒီကိစ္စကို ဖုံးကွယ်ထားပြီး သူ့ကို ဖမ်းတာလို့ စွပ်စွဲသလိုပဲ။ အဲဒီအထင်တွေက တစ်သက်လုံး ငါ့ အားနည်းချက် ဖြစ်သွားတော့မယ်လေ"

"သူ အသေအချာသိရင် လက်ခံမှာပါ"

"ငါက ပြောပြတာကို သူက လက်ခံချင်မှ လက်ခံနိုင်ဦးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



လတ်မခံရင် ငါ ပြောရတာ အလကားပဲ”

“ဒီသတင်း ဘယ်လို ပျံ့သွားတယ်ဆိုတာ သူ သဘောပေါက်သွားရင် ကျေနပ်သွားနိုင်မှာပေါ့”

“မဟုတ်သေးဘူး ခင်သက်ဆွေ၊ နင့်ကို ငါ အားလုံးပြောပြမယ်။ ငါ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး ရင်တွေနင့်စိတ်တွေလှုပ်ရှားခဲ့ဖူးတာ ဝန်ခံတယ်။ အချစ်လို့ ငါ မပြောဘူးနော်။ ငါလဲ နားမလည်ဘူး။ ခဏလေးတွေ့ပြီး အရမ်းသာယာသွားခဲ့မိတာတော့ အမှန်ပဲ။ အဲဒီယောကျ်ားတစ်ယောက်နဲ့ ငါ တစ်ညလုံးအတူရှိနေခဲ့ဖူးတယ်။ တစ်ည ပျောက်သွားဖူးတယ်ပေါ့။ အဲဒီသတင်းကငါ နိုးရာလိုက်ပြေးတယ်လို့ တစ်မြို့လုံး ပျံ့သွားတော့တာပဲ။ အဲဒီတော့ ငါ ပြောမယ်။ အဲဒီတစ်ညလုံး ငါတို့ မှားမှားယွင်းယွင်းဘာမှ မဖြစ်ပါဘူးပြောရင် ကိုလတ် လက်ခံမလား၊ ယုံမလား”

“သံသယတော့ ဝင်မှာ အမှန်ပဲ ညို”

“သံသယ အကျိုးခံစားခွင့် တောင်းရအောင် ငါက တရားခံမဟုတ်ဘူးလို့ ယူဆထားတယ် ခင်သက်ဆွေ”

“နေပါဦး၊ အဲဒီလူကို နင် ပြန်မတွေ့တော့ဘူးလား”

သက်ပြင်းရှည်တစ်ခုကို ညိုညိုဦး ချလိုက်မိသည်။ အဆောင်





ရှေ့မှ ခရေပင်ဆီ အကြည့်ပို့ရင်း သူ့မျက်ဝန်းတွေက ဝေရီနေသည်လားမသိ။ ရုတ်တရက် မျက်နှာကိုလှည့်ပြီး ခင်သက်ဆွေကို အကြည့်ဆုံလိုက်၏။

“နင် သိပ်အံ့ဩသွားမယ် ခင်သက်ဆွေ”

“ဟင်”

“အဲဒီယောကျ်ားဟာ ခိုင်ထွန်းပဲ ခင်သက်ဆွေ”

“ဘာ.....ခိုင်ထွန်း ဟုတ်လား”

“ဟုတ်တယ်၊ ခင်သက်ဆွေ”

ပြောရင်း အသံက တိုးညင်တိမ်ဝင်သွားသလို့ခေါင်းအငုံ့မှာဝေ့နေသော မျက်ရည်စတို့က ပါးပြင်ပေါ် လိမ့်ဆင်းသည်။

“ငါ အရမ်းအံ့ဩသွားတယ် ညို”

“ငါ့ရင်ထဲမှာ တစ်သက်လုံး သိမ်းထားမယ်လို့ ဆုံးဖြတ်ထားတဲ့အကြောင်းတွေပါ ခင်သက်ဆွေ။ ကိုလတ်နဲ့ငါ လက်ထပ်ရတော့မှာပဲလို့ ငါ့ဘဝလမ်းကြောင်းကို ငါ ရွေးပြီးကတည်းက ဒါတွေကိုငါ ဘယ်သူ့မှ မပြောဖို့ ဆုံးဖြတ်ထားခဲ့တာ။ ခိုင်ထွန်းကိုလဲ ငါယုံတယ်။ ခိုင်ထွန်းဟာ ဘယ်သူ့မှ ပြောမှာ မဟုတ်ဘူးလေ”

“ဘုန်းမြင့်နဲ့ အရင်းနှီးဆုံးပဲ။ ဒါတောင် ဘုန်းမြင့် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သိပ် မရှာဘူး။ တစ်ခုပဲ ရှိတယ်။ နိုင်ထွန်း မိန်းမတစ်ယောက်ကို စွဲစွဲလန်းလန်း ချစ်ခဲ့တယ်ဆိုတာပဲ ဘုန်းမြင့် ရိပ်မိတာ"

"နိုင်ထွန်းလို ယောကျ်ားကို ငါ အထင်ကြီးတယ်။ နင်တို့ မာလာနဲ့ ပတ်သက်ပြီး စိုးရိမ်နေကြပေမယ့် ငါ မစိုးရိမ်မိဘူး။ သူ မာလာ့ကို တကယ့်သံယောဇဉ်နဲ့ ကူညီနေတာပဲ ငါ သိတယ်။ နိုင်ထွန်းမှာ မိန်းမတစ်ယောက်အပေါ် အခွင့်အရေးယူချင်တဲ့စိတ် မရှိဘူး"

"နင်တို့ နေတာထိုင်တာလဲ သိပ်ပိရိတာပဲ။ ဟိုအရင်က သိခဲ့ကျွမ်းခဲ့ဖူးတဲ့သူနှစ်ယောက် အလုပ်မှာ ပြန်ဆုံကြတာပဲ။ ဒီလောက်ပဲ ငါတို့ သိကြတာ"

"ဒီလိုအနေအထားလောက်ပဲ ဘဝက ခွင့်ပြုခဲ့တာပဲ"

"ပြောပြပါလား ညို"

ညိုညိုဦးထံမှ သက်ပြင်းငွေ့ငွေ့ချသံ ကြားရပြန်သည်။

အတိတ်သည် ရင်ကို တူးဆွမှ ရလာနိုင်သည့် ရတနာတစ်ခုဟု ညိုညိုဦး နားလည်နိုင်သည်ပဲ။

ရင်ထဲမှ ဝေဒနာတို့က နှသစ်နေဆဲလေ.....။



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

သည်နှစ် မိုးဦးက အဝင်ကြမ်းသည်။ မိုးနည်းပါးသောအရပ်မှာပင် ခါတိုင်းနှစ်များထက်ပို၍ မိုးများနေသလို။ ညို့ခနဲဖြစ်ပြီဆိုလျှင် တောင်တန်းတွေဆီမှာ မိုးက ရွာပြီ ထင်ရ၏။ မြို့ထဲတစ်ဝိုက်မှာ ညို့ရုံညို့သော်ငြား တောင်တန်းတွေဆီ ချောင်းဖျားမှာတော့ မိုးသည်းသည်း ရွာတတ်သည်။ မကြာမီပင် မြို့နှင့် မလှမ်းမကမ်း တောင်ကျချောင်းမှာ ရေဒရဟော ကျလာတတ်သည်ပဲ။

ချောင်းတစ်ဝိုက် နေကြာခင်း၊ ပြောင်းခင်း၊ ပဲခင်းတို့က တောင်ခြေနှင့် တစ်ဆက်တည်း တောတန်းနှင့် ချောင်းကြားမှာရှိသည်။

သူတို့မြို့ကလေးသည် ပူလွန်းခြင်း၊ အေးလွန်းခြင်း ရာသီဆိုးမှ တစ်ပါး သာယာလှပပြီး ချစ်စရာဟု ညိုညိုဦး အမြဲတွေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့က သည်မြို့ကလေးမှာ တာဝန်ကျကတည်းက ပင်စင်သွားလျှင် ထာဝရ အခြေချရန် ဆုံးဖြတ်ခဲ့ပုံရသည်။ ကျယ်ဝန်းသောခြံနှင့် သေသပ်သောသစ်သားအိမ်ကလေးကို ဝယ်လိုက်ကြသည်။

ညီညီဦး သည်မြို့ကို ရောက်စက ကိုလတ်တို့မိဘတွေက သည်မြို့မှာ ရောက်နှင့်နေပြီ။ ကိုလတ်မိဘများ အလုပ်မှ ထွက်ပြီး ရန်ကုန်အပြောင်း ညီညီဦးက သည်မြို့လေးမှာ ကျန်ခဲ့သည်ပဲ။

ဆယ်တန်းရောက်သည်အထိ ကိုလတ်နှင့် သူတို့ ချောင်းကလေးတစ်ဝိုက်ကို သွားပြီးဆော့ကြစမြဲ။ ရေမကျလျှင် သဲသောင်ပြင်လို ရှိတတ်သော ချောင်းကလေးကို ဖြတ်ပြီး တောတန်းစပ်အထိ သွားကြစမြဲ။ ပန်းခင်းတွေ၊ ပဲခင်းတွေကြားမှာ လိပ်ပြာလှလှလေးတွေကို လိုက်ဖမ်းတတ်ကြစမြဲပင်။

ညီညီဦးအလိုကျ အဖော်အဖြစ် လိုက်ပေးရသော်လည်း ကိုလတ်က သည်နေရာတွေကို မချစ်တတ်။ သည်ဝန်းကျင်၏ အလှကို မခံစားတတ်ခဲ့ဟု ညီညီဦး ထင်သည်။

မြို့ထဲနှင့်လည်း လှမ်း၊ တောတန်းနှင့်လည်း ထိစပ်နေသော နေရာမို့ ချောင်းကိုကျော်ပြီးသွားတာကို လူကြီးတွေက သဘောမကျချင်။





"မေမေ့ကို နင် ပြန်တိုင်တယ် မဟုတ်လား"

ဟု အဆူခံရပြီးနောက်နေ့မှာ မေးတော့ ကိုလတ်က ခေါင်းညိတ် ဝန်ခံခဲ့၏။

"နောက် နင် မလိုက်ချင်နေ၊ ငါတစ်ယောက်တည်း သွားမယ်"

"သွားလို့ရမလား၊ ငါ စိတ်မချဘူး"

"ယာတဲလေးတွေထဲမှာ ထိုင်ပြီး တောင်ခြေကို လှမ်းကြည့်ရတာ၊ ပဲခင်း၊ နှမ်းခင်းထဲမှာ လိပ်ပြာလေးတွေ ပျံဝဲနေတာကို လိုက်ဖမ်းရတာ၊ ဘယ်လောက် ပျော်စရာကောင်းလဲ ကိုလတ်။ ဒီအရသာတွေ နင် မခံစားတတ်တာ ငါ အံ့သြတယ်"

"နင် စိတ်ကူးသိပ်ယဉ်တာပဲ ညီ၊ စာရေးဆရာမ လုပ်မလို့လား"

"ဟဲ့....စာရေးတယ်ဆိုတာ စိတ်ကူးယဉ်သက်သက် မဟုတ်ဘူး။ တကယ့်ဘဝထဲကအဖြစ်တွေကို စိတ်ကူးနဲ့ပေါင်းပြီး ဖန်တီးရတာဟဲ့။ ငါ စာထဲမှာ ဖတ်ဖူးတယ်။ နင် အပြင်စာလဲ မဖတ်တော့ ဒါတွေ နားမလည်ဘူးကိုလတ်"

"ကျောင်းသားဆိုတာ ကျောင်းစာအဓိကပဲ ညီ"

"မြို့မှာ စာကြည့်တိုက် ရှိတာတောင် စာကြည့်တိုက်လဲ



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ချင်၊ ရှုခင်းအလှတွေရှိတဲ့နေရာလဲ မလိုက်ချင်နဲ့၊ နင်နဲ့ငါ အကြိုက်ချင်းကတော့ တစ်ခြားစီပဲ”

ညီညီဦး ဘယ်လောက်ပြောပြော ကိုလတ်ကတော့ ညီညီဦးကို စိတ်ဆိုးစိတ်ခုဟန်လည်း မပြ။ သူ မကျေနပ်လျှင် ညီညီ့အမေကို ပြန်တိုင်မှာတော့ အသေအချာ။

ကိုလတ်တို့ ဒီမြို့က ရန်ကုန် ပြောင်းသွားပြီးကတည်းက ချောင်းကလေးတစ်ဖက်ကို ညီညီဦးလည်း မရောက်ဖြစ်တော့။

မိုးဦးကျ တောင်ကျရေတွေ အစီးသန်လျှင် ရေကျသံကို သဲ့သဲ့ကြားရတော့ ချောင်းလေးတစ်ဖက်ကို လွမ်းစရာ မျှော်ကြည့်မိစမြဲ။

သည်လိုနှင့်ပဲ တက္ကသိုလ် ပထမနှစ် တက်ရပြီလေ။



(၂)

ကိုလတ်ကို သတိတရ ဖြစ်မိသည်မှာတော့ အမှန်။

ဘယ်သွားသွား ဘယ်လာလာ အဖော်အဖြစ် ပါတတ်သူမို့ ကိုလတ် မရှိမှ ကိုလတ်၏ တန်ဖိုးကိုတော့ ညီ နားလည်လာသလို။ တစ်နေရာသွားချင်တိုင်း အထူးသဖြင့် မေမေတို့က စိတ်ပူပြီး သွားစေချင်သည့်နေရာမျိုး ဖြစ်ပါက ကိုလတ်ကို ညီက ခေါ်ပြီး သွားတတ်စမြဲ။ ကိုလတ်က မသွားဖို့ ညီ့ကို တားမည်။ နင် မလိုက်ဘူးလားဟု ညီက မျက်နှာထားတင်းတင်း မေးလျှင်တော့ ငြိမ်မပြောဘဲ ညီ့နောက်က လိုက်စမြဲ။ ပြန်ရောက်လျှင်လည်း မေမေ့ကို ဆိုင်တတ်စမြဲပင်။ ညီကတော့ သူ လုပ်ချင်တာ လုပ်ရသဖြင့် အမေဆုတာကိုလည်း ငြိမ်ခံကာ ကိုလတ်ကိုလည်း မငြိုငြင်မိတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်အဖော်ရသည်ကိုပင် ကျေးဇူးတင်နေမိပြန်၏။ စာမေးပွဲနီးတော့ မြို့မှာ စတိတ်ရှိုး ရောက်လာသည်။ ကိုလတ်လို စာကြမ်းပိုးတစ်ယောက် မပြောနှင့်။ ဘယ်ကျောင်းသားမှ စတိတ်ရှိုးကို ကြည့်ဖို့စိတ်မကူးချိန်မှာ ညိုက လက်မှတ်နှစ်စောင် ဝယ်သည်။ ပြီးတော့ကိုလတ်ကို အဖော်ခေါ်ပြီး အိမ်မှ တိတ်တိတ်ကလေး ထွက်ကာစတိတ်ရှိုး ခိုးကြည့်ခဲ့ဖူးသည်ပဲ။ စတိတ်ရှိုးက သီချင်းတွေ ထဲမှာညိုက နှစ်မျောနေချိန်မှာ ကိုလတ်ကတော့ သူ့အင်္ကျီအိတ်အတွင်းမှစာရွက်ခေါက်ကလေးကို ထုတ်ကြည့်လိုက်၊ ပါးစပ်က တတွတ်တွတ်ရွတ်လိုက်နှင့် စာကျက်နေတာ ညိုက ကြည့်ရင်း ရယ်ရသေးသည်လေ။

ကိုလတ် ရန်ကုန်ပြောင်းသွားတော့ သည့်နှယ် ခိုးကြောင်ခိုးဝှက်ကိစ္စလေးတွေကို ညို လုပ်ချင်လာတိုင်း ကိုလတ်ကို အမှတ်တရဖြစ်နေသည်မှာ မထူးဆန်းဟု ထင်သည်။

မေမေကတော့ ငါ့သားလေးကို လွမ်းလိုက်တာဟု တဖွဖွပြောတတ်စမြဲ။

* * *

ကိုလတ် မရှိကတည်းက မြို့လယ်က စာကြည့်တိုက်ထိုခါတိုင်းထက်ပိုပြီး ညိုရောက်ဖြစ်သည်။ ကျောင်းပိတ်ထားရက်မို့လည်းကျောင်းစာ မရှိသဖြင့် စာအုပ်တွေ များများ ဖတ်ဖြစ်ပြန်၏။ ...ကွက်ထဲက စာအုပ်အငှားဆိုင်တွေက စာအုပ်တွေ ငှားဖတ်ရုံနှင့်...အားမရနိုင်တော့။ မြို့လယ် စာကြည့်တိုက်ကို နေ့လည်ဘက်...ရောက်စမြဲ။ စာကြည့်တိုက်တစ်ခု ဖွင့်ခြင်းသည် ထောင်တံခါးများစွာကို...ပိတ်ခြင်းနှင့် တူ၏ဟု ရေးထားသော စာကြည့်တိုက် နံရံပေါ်မှ...စာသားလေးကိုလည်း ညိုက သဘောကျနေပြန်သည်။

အငြိမ်းစား အထက်တန်းဆရာကြီးက ဝါသနာအရ စေတနာ...ထက်သက်ဖြင့် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူထားသဖြင့် ညို့...အတွက် ဖတ်သင့်ဖတ်ထိုက်သောစာအုပ်များ ရွေးချယ်ရာမှာ အထောက်...အကူ များစွာဖြစ်ပြန်သည်။

"ဟဲ့.....မိညို၊ ဆရာကြီး လှူထုဦးလှ ရေးထားတာလေး...နှင့် ဖတ်ဖူးလား မသိဘူး"

"ဘာများလဲ ဆရာကြီး"

တစ်နေ့ ငှားမည့်စာအုပ်များစာရင်း ရေးရင်း ဆရာကြီးက...ညို့ကို မေးသည်။

"အရှုံးနဲ့ အကန်းတွေ ဆောလုံးကန်တာလေ။ ဘယ်အထဲမှာ...ဆိုတော့ ဆရာကြီး မမှတ်မိတော့ဘူး"







www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ဆရာကြီး၊ ပြောပါဦး"

"အတိုချုပ်ကတော့ကွာ အရှူးကတစ်ဖက်၊ အကန်းတွေက တင်ဖက် ဘောလုံးကန်ကြတာပေါ့"

"အရှူးကတော့ ထားပါတော့ ဆရာကြီး၊ အကန်းတွေက ဘယ်လိုလုပ် ဘောလုံးကန်ကြမလဲ"

"အဲဒါ ငါ ရန်ကုန်ရောက်တုန်းက တွေ့ဖူးတယ်။ ဘောလုံးကို ပိုက်ကလေး စွပ်ထားတယ်။ ပိုက်မှာ ချူကလေးတွေ ဆွဲထားတယ်ဟ ဘောလုံး လိမ့်သွားတော့ ချူကလေးတွေက အသံမြည်နေတာပေါ့။ အဲဒီအသံဆီကို မှန်းသွားပြီး ကန်ရတာ။ ဂိုးပေါက်မှာလဲ အသံပေး ထားရတာပေါ့။ လေ့ကျင့်ထားတော့ ကန်လို့တော့ ရတာ အမှန်ပဲ"

"ဒါပေမဲ့ ဆရာကြီးရယ် တော်တော်ခက်ခက်ခဲခဲ ကန်ရမှာပဲ"

"ဒါပေါ့၊ အသံမှန်းပြီး ဘောလုံးဆီ ရှာရဦးမယ်။ ကန်လိုက် တော့ ဘောလုံး မထိဘဲ လွဲသွားချင်သွားတယ်။ ဂိုးဆီရောက်ဖို့ဆိုတာ တော်တော်ခက်တဲ့အလုပ်"

"ဒီတော့ အရှူးတွေ တစ်ဖက်သပ်ကြီး နိုင်မှာပေါ့ ဆရာကြီး"

"မဟုတ်ဘူးကွဲ့၊ အရှူးတွေက ဂိုးတွေအများကြီးနဲ့ ရှုံးသွား သတဲ့"





"ဟာ.....ဘယ်လိုဖြစ်တာလဲ ဆရာကြီး

"အရှူးတစ်ယောက်က သူ့ဂိုးသူ စသွင်းလိုက်သတဲ့။ သည်တော့ ကျန်တဲ့အရှူးတွေကလဲ သူသွင်းသလို လိုက်သွင်းလိုက်ကြတာ ဂိုးတွေ အများကြီး ဖြစ်သွားတာပေါ့။ ဒါနဲ့ အရှူးတွေ ရှုံးသွားကြတာ"

"ဘာပြောချင်တာလဲ သိလား မိညို"

"ဟုတ်ကဲ့.....ပြောပါ ဆရာကြီး"

"လောကမှာ ပကတိမျက်လုံး ကွယ်နေတာထက် အသိဉာဏ် မျက်စိကွယ်နေတာ ပိုပြီးကြောက်စရာကောင်းတယ်ဆိုတာပဲ။ အရူးဟာ အသိဉာဏ် မရှိတော့ သူ့ဂိုးမှန်း မသိ၊ ကိုယ့်ဂိုးမှန်း မသိလေ။ ဒါကြောင့် အသိဉာဏ် မျက်စိမကွယ်ဖို့ စာဖတ်ခြင်းဟာ တစ်ဖက် တစ်လမ်းက အထောက်အကူ အများကြီးရတယ် သမီးရဲ့။ ဆရာကြီးက သမီး စာတွေ အများကြီးဖတ်တာကို အားရလို့ ပြောပြတာ"

"ကျေးဇူးပါပဲ ဆရာကြီး။ ဆရာကြီး ပြောပြတာလေး နား ထောင်ပြီး သမီးစာတွေ ဖတ်ရတာ ပိုအားရှိသွားတာ အမှန်ပါပဲ၊ ကြိုးစားတော့မယ် ဆရာကြီး"

ဆရာကြီးကို နှုတ်ဆက်ရင်း စာကြည့်တိုက်ထဲမှ ထွက်အလာ စာကြည့်တိုက်ရှေ့ သို့ ရပ်ထားသော စက်ဘီးနားမှာ စက်ဘီးကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီး စာကြည့်တိုက်ဆီ လျှောက်လာသူတစ်ဦးကို သတိထား
ဖြစ်သည်။

မြို့ကလေးက သေးသည်မို့ သူစိမ်းဆိုတာ ညီ့ အတတ်
လိုက်သည်။ ပြီးတော့ သည်မြို့လေးမှာ စာကြည့်တိုက်ကို လာတတ်
သူက လက်ချိုးရေတွက်လို့ ရသည်။

အသားညိုညို၊ အရပ်ရှည်ရှည်၊ နှာတံပေါ်ပေါ်နှင့် ယောက်
ပီသသူ၏မျက်နှာမှ အထူးခြားဆုံးမှာ တောက်ပနေသည့် မျက်ဝ
အစုံပင်။

မျက်နှာချင်းဆိုင်အဖြတ်မှာ ထိုသူ၏ အစူးအရှ မျက်ဝန်း
အကြည့်လွှဲကာ စက်ဘီးဆီ လျှောက်သည်။

စက်ဘီးသော့အဖွင့် စာကြည့်တိုက်ထဲ လှမ်းကြည့်စဉ် စာအု
စင်တွေရှေ့မှာ ရပ်နေသော ထိုသူ၏ကျောပြင်ကို မြင်နေရဆဲ။

သူ့နှယ် စာကြည့်တိုက် မလာဘဲ မနေနိုင်သူ ဖြစ်မှာပဲ
တွေးရင်း ထိုစည့်သည်က စိတ်ကူးထဲ ပါလာတာ ဘာရယ်ဟု
ကိုယ်တိုင် မသိလိုက်။



(၃)

"ဆရာကြီး"

"ဟော"

စာရင်းစာအုပ်ကို ပိတ်ရင်း ဆရာကြီးက ညိုညိုဦးကို မျက်မှန်ပေါ်က ကျော်ကြည့်သည်။

"ဘာလဲဟဲ့ မိညို"

"ဆရာကြီး 'နန္ဒ' ရဲ့ စာအုပ်တစ်အုပ် ဖတ်နေလား"

"ဘယ်လိုကွဲ့"

"နန္ဒရဲ့ 'ငါ့စား၊ငါ့သွေး၊ ငါ့ရောဝတီ' ဆိုတဲ့စာအုပ် ဖတ်နေလားလို့"

"ဟိုတုန်းကတော့ ဖတ်ဖူးတယ် မိညို၊ လောလောဆယ် ငါ



www.burmeseclassic.com

www.burmeseclassic.com



မဖတ်ပါဘူး၊ ဘာဖြစ်လို့လဲ”

ညိုညိုဦးက ပြုံးရင်း ဆရာကြီးကို ကြည့်သည်။

“ဟိုနေ့က ညိုလာတော့ အဲဒီစာအုပ် ရှိနေသေးတယ်။ အခု ရှာမတွေ့တော့လို့ပါ။ ဒီစာအုပ်မျိုးလည်း ဆရာကြီးကလွဲပြီး ဖတ်မယ့်လူ စဉ်းစားမရလို့ပါ ဆရာကြီး”

“နေဦး… နေဦး၊ ဟိုဧည့်သည် ငှားသွားတာလား မသိဘူး”

ပြောရင်း ဆရာကြီးက သူ့စာရင်းစာအုပ်ကြီးကို လှန်သည်။

“မြောက်ပိုင်းက အုန်းထွန်းအိမ် ရောက်နေတဲ့ ဧည့်သည်လေး ရှိတယ်ကွ။ အုန်းထွန်းက လာအပ်ပေးထားလို့ သူလဲ စာအုပ်တွေ လာလာငှားတယ်။ ဟော…..တွေ့ပြီ၊ ဒီမှာ…..မောင်ခိုင်ထွန်းတဲ့ ဟုတ်တယ်၊ သူ ငှားသွားတာ နန္ဒရဲ့ ငါ့စား၊ ငါ့သေး၊ ငါ့ရေဝတီ”

ဟိုတစ်နေ့က တွေ့လိုက်ရသူ၏မျက်နှာက အတွေးထဲ ရောက် လာ၏။ ဒီလိုစာမျိုးတွေ ဖတ်သူပါလားဟု အသိဝင်ရင်း စိတ်ထဲမှာ တရင်းတနှီး ဖြစ်လာသည်။

“ညိုက နန္ဒတွေ ဆက်တိုက်ဖတ်နေလို့ ဆရာကြီး ‘မိုးယံဆီသို့’ ဒီနေ့ပဲ ပြီးသွားလို့ လာအပ်ပြီး ‘ငါ့စား၊ ငါ့သေး၊ ငါ့ရေဝတီ’ ကို ဆက်ဖတ်မယ် စဉ်းစားလာတာ။ ဘာဖတ်ရမှန်းတောင် မသိတော့ဘူး”





စာကြည့်တိုက်ရှေ့မှာ စက်ဘီးရပ်သံကြားတော့ ဆရာကြီးရော ညိုညိုဦးပါ အကြည့်ရောက်သွားသည်။

“ဟောဟိုမှာ လာပါပြီ”

စက်ဘီးသော့ကလေးကို ကိုင်ပြီး စာကြည့်တိုက်ထဲ ဝင်လာ သော တက်ကြွဖျတ်လတ်သည့် ထိုလူ၏လမ်းလျှောက်ဟန်ကို သတိ ထားမိပြန်၏။

“ကဲ….မောင် ဘယ်သူ”

“မောင်ခိုင်ထွန်းပါ ဆရာကြီး”

ပြန်ပြောရင်း ညိုညိုဦးကို မျက်ခနဲကြည့်သည်။

“မောင်ခိုင်ထွန်းရော၊ အတော်ပဲ၊ အခုပဲ မင်း ယူသွားတဲ့ စာအုပ်ကိစ္စ ပြောနေကြတာ”

“ခင်ဗျာ”

အံ့သြသွားဟန်တူသည်။

“နန္ဒရဲ့ ငါ့စား၊ ငါးသေး၊ ငါ့ရေဝတီလေ”

“ဟုတ်ကဲ့၊ ကျွန်တော် ငှားတာပါ ဆရာကြီး။ ဘာဖြစ်လို့လဲ။ ကျွန်တော် အခု ပြန်အပ်မှာပါ။ ဖတ်လို့ ပြီးသွားပါပြီ”

ပြောရင်း စာအုပ်ကို စားပွဲပေါ်သို့ တင်၏။ ညိုညိုဦးက



www.burmeseclassic.com

www.burmeseclassic.com



အိမ်မြဲမဆည်နိုင်တော့ဘဲ စာအုပ်ကို လှမ်းကြည့်နေမိသည်။

"ဒီမှာလေ၊ ဟဲ့.....မိညို၊ နင့်နာမည်က"

"ညိုညိုဦးပါ ဆရာကြီး"

"အေး.....ညိုညိုဦးတဲ့။ မင်းလိုပဲ သူကလဲ ဒီစာကြည့်တိုက် မလာဘဲ မနေနိုင်သူပဲ။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ သူက မင်းယူသွားတဲ့ စာအုပ်ကို ငှားချင်လို့ ရှာမတွေ့တော့ ငါ့ကို လာမေးလို့ စာရင်းထဲရှာပြီး ငါ ပြောရသေးတယ်။

"ကျွန်တော် ခိုင်ထွန်းပါ။ ညိုညိုဦး၊ ကျွန်တော့်ဦးလေးအိမ် အလည်ရောက်ရင်း စာကြည့်တိုက် ရောက်လာခဲ့တာပါ"

"ကျွန်မကလဲ နန္ဒတွေ ဆက်တိုက်ဖတ်မယ် စဉ်းစားထားလို့ ဒီစာအုပ် ရှာမတွေ့တော့ ဆရာကြီး မေးကြည့်မိတာ"

"ဟာ.....ဒါဆို 'မိုးယံသို့ချီ' ခင်ဗျား ယူသွားတာလား"

"ဟုတ်တယ်၊ နှစ်တွဲလုံး ကျွန်မ ယူသွားတာ၊ အခု ပြန်ထား လိုက်ပြီ"

"ကျွန်တော်ကလဲ ဟိုနေ့က မိုးယံသို့ချီ ရှာတာ မတွေ့လို့ ဒီစာအုပ် ယူသွားလိုက်ရတာ"

"ကျွန်မ ပြန်ထားလိုက်ပြီ"





"ကျွန်တော် ဒီနေ့ ယူသွားမယ်။ ဒါနဲ့ ကျွန်တော့်ခဏလေး စောင့်ပါလား"

"ရှင်"

"ဒီစာကြည့်တိုက်ရှေ့က လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင်ဗျာ။ ကျွန်တော်က ညွှန်သည်ဆိုတော့ စာဖတ်ပြီး ပြောရဖို့ အဖော် မရှိဘူး ဖြစ်နေတာ"

"ဟာ.....မင်းပြောတာ အမှန်ပဲ မောင်ခိုင်ထွန်းရေ။ ဟင်း ကောင်းစားရရင် ခင်မင်တဲ့သူ သတိရတယ် ဆိုသလိုပဲ၊ စာကောင်း ဖတ်ရရင် တယ်ပြောချင်တာကိုးကွ"

"ဆရာကြီး ဒီစာအုပ် ညို ယူမယ်"

"အေး.....အေး"

"ခဏနော်၊ ကျွန်တော် 'မိုးယံသို့ချီ' သွားယူလိုက်ဦးမယ်"

ပြောပြီး ဆရာကြီးစားပွဲရှေ့မှ ထွက်သွားသည်။ ညို ယူသည့် စာအုပ်ကို ဆရာကြီးက စာရင်းသွင်းနေစဉ်မှာပင် မိုးယံသို့ချီ နှစ်တွဲလုံးကို ယူကာ သူ ပြန်ရောက်လာ၏။

ဆရာကြီးက စာအုပ်စာရင်း သွင်းသည်။

"သွားပါဦးမယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



“သွားတော့မယ် ဆရာကြီး”

သူတို့နှစ်ဦး ဆရာကြီးကို နှုတ်ဆက်ပြီး စာကြည့်တိုက်ထဲမှ ထွက်လာခဲ့သည်။

“ကျွန်တော်တို့ ဒီရှေ့က ဆိုင်မှာ ခဏထိုင်ရအောင်နော်”

စက်ဘီးကို သော့ဖွင့်ရင်း ပြောသည်။

“လက်ဖက်ရည်ကြိုက်လား”

“ဟာ.....ကြိုက်တာပေါ့ဗျာ၊ လက်ဖက်ရည်ရယ်၊ စာအုပ်ရယ်ပဲ ကျွန်တော့်အဖော်”

“ဒါဆို ဒီဆိုင်က လက်ဖက်ရည် မကောင်းဘူး။ တမာရိပ်ကို သွားရအောင်”

“သွားလေ၊ ကျွန်တော်က ဧည့်သည်ဆိုတော့ ဘာမှ သိတာ မဟုတ်ဘူး”

စက်ဘီးပေါ် တက်ပြီးမှ ‘တမာရိပ်’ သွားရအောင်ဟု သူ ပြောလိုက်မိတာ မှားသွားပြီလားဟု ညို တွေးဖြစ်တော့သည်။ ပထမဆုံး စတွေ့သည့် ယောကျ်ားလေးတစ်ဦးအပေါ်မှာ လိုက်လျှောမှု များသွားတယ်ဟု ထင်လေသလား။ အို..... စာတွေ ဒီလောက် ဖတ်နေတဲ့သူရဲ့ အတွေးဟာ ဒီအထိတော့ မသေးသိမ်လောက်ဘူးဟု





စဉ်းစားမိပြန်သည်။

‘တမာရိပ်’ က မြို့အဝင်က အေးဆေးသန့်ရှင်းသည့် ဆိုင်ကလေးတစ်ခုပင်။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

တမာပင်အုပ်အုပ်သည် ဆိုင်ရှေ့မှာ ထီးမိုးထားသည့်နှယ်။ တမာရိပ်မှာ ချထားသည့် ခုံပုလေးတွေက တစ်ဝိုင်းနှင့်တစ်ဝိုင်း အတော်လေး ခြားသည်မို့ လွတ်လပ်အေးဆေးသည်။ သီချင်းသံသည် နောက်ဘက်ဆိုင်ထဲမှ ခပ်အုပ်အုပ်သာ လွင့်ပျံထွက်နေ၏။

"ဘယ်လို သောက်လဲ"

"ချိုပေါ့ကျ"

"ချိုပေါ့ကျ နှစ်ခွက် လုပ်နော်၊ မောင်လေး ရှယ်ပေါ့"

စားပွဲထိုးလေးက ခေါင်းညိတ်ပြသည်။

"မညီညီဦး"

"ညို လို့ ခေါ်ချင်ခေါ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ညို လို့ ခေါ်တော့ ပိုရင်းနှီးသွားတာပေါ့။ ညိုက ချိုပေါ့ကျ သောက်တာလား"

ပြုံးရင်း ညိုညိုဦးက ခေါင်းညိတ်ပြသည်။

"ကျွန်တော် အံ့ဩနေတာ"

"ဘာကိုလဲရှင့်"

"မိန်းကလေးအများစုက ကော်ဖီပဲကြိုက်တာ။ လက်ဖက်ရည် ဆိုရင်လဲ ချိုစိမ့်တို့ ဘာတို့ပေါ့။ လက်ဖက်ခြောက် အရသာ မခံ တတ်ကြဘူး"

"ကိုခိုင်ထွန်း ပြောတာ မှန်ပါတယ်"

"နေဦးဗျ"

"ဘာလဲ"

"ကျွန်တော်ကို ခိုင်ထွန်းလို့ပဲ ခေါ်ပါလား။ ကျွန်တော်တို့ အသက်တူလောက်ပဲ ရှိမှာပါ"

ညိုညိုဦးက ရယ်သည်။

"မဟုတ်ဘူးဗျ၊ 'ကို' တပ်ခေါ်တော့ မရင်းနှီးသလိုပဲ။ ကျွန်တော်တို့ လက်ဖက်ရည်ကြိုက်တာရော၊ စာကြိုက်တာရော ဒီလောက် တူနေကြတာ။ ဒီထက် တရင်းတနှီး ဖြစ်သင့်တာပေါ့





ဆုတ်ဖူးလား"

ညိုညိုဦးက ပြုံးသည်။

"ဘာပြုံးတာလဲဗျ"

"ကိုခိုင်ထွန်းက ခိုင်ထွန်းလို့တော့ ခေါ်ခိုင်းတယ်။ ပြီးတော့ ခင်ဗျား၊ ကျွန်တော်၊ ဗျတို့၊ ဆိုတဲ့အသုံးအနှုန်းတွေနဲ့ ပြောနေလို့ပါ"

"အေး ..... ဟုတ်သားပဲ။ မထူးပါဘူး၊ နင်၊ ငါပဲ ပြောကြ ရအောင် ညို"

"ကိုခိုင်ထွန်းက"

"ခိုင်ထွန်းပဲ ခေါ်ပါဗျာ"

"ဗျာကို ဖြုတ်လေ"

"အဲ.....ဟုတ်ပြီ ညို"

"ပြောပါဦး ဆက်ပြီး၊ စောစောက ခိုင်ထွန်းက ဆိုပြီး စကားပြတ်သွားလို့"

"သြော်..... ခိုင်ထွန်းက ညို့ကို တရင်းတနှီး ခင်မင်ချင်တာ၊ ညို့အကြောင်း အသေအချာ မသိသေးလို့ပါလို့ ပြောမလို့"

"အသေအချာသိတော့ နားလည်သွားမှာပေါ့ ညို"

"ညိုက စာသာဖတ်တာ များတာ၊ စိတ်က ကလေးစိတ်၊



www.burmeseclassic.com

www.burmeseclassic.com



အရမ်းဆိုးတယ်ပြောတယ်။ ညို့သူငယ်ချင်းတွေက ပြောတာလေ"

စားပွဲထိုးလေးက လက်ဖက်ရည်နှစ်ခွက် လာချပေးသည်။

"မနေ့က ကိုယ်က အံ့သြနေတာ"

ညိုက လက်ဖက်ရည်တစ်ငုံသောက်ပြီး ခွက်ကို ပြန်ချကာ ခစ်ခနဲ အသံထွက် ရယ်သည်။

"ဘာရယ်တာလဲ ညို"

"ငါလို့ ပြောမှာဆို၊ ကိုယ် ဖြစ်သွားပြီ"

"ကောင်းတယ်ညို၊ 'ကိုယ်'လို့ ပြောတာပဲ ကောင်းပါတယ်။ အလိုလို ဖြစ်သွားတာ။ ငါ ဆိုရင်လည်း ရိုင်းရာကျနေဦးမယ်"

"ကဲ.....ကြိုက်သလို ပြောပါ။ ညိုကတော့ 'ကို' ထည့် မခေါ်နိုင်တော့ဘူး"

နိုင်ထွန်းက ပြုံးသည်။

"မိုးယံသို့ချို က ကက်တလောက်မှာ တွေ့ပြီး စာအုပ်ရှာမတွေ့လို့ ဒီစာအုပ်ငှားတဲ့သူဟာ လူကြီးပဲဖြစ်မယ်။ ပင်စင်စားကြီးတွေ ဘာတွေပေါ့နော်။ အဲဒီလို ထင်ထားတာ။ ဒီစာအုပ်မျိုး ငှားတဲ့သူ ရှိတာကိုပဲ အံ့သြတာ။ ငှားတဲ့သူကို တွေ့ရတော့ ပိုပြီး အံ့သြသွားမိတယ်။ လေးလဲလေးစားသွားတယ်"





"ညို လက်ဖက်ရည်ဖိုး ရှင်းမှာပါ နိုင်ထွန်း"

"ဒီစာအုပ်ကလဲ စဖတ်ကတည်းက လက်က မချနိုင်ဘူး"

"ညိုက နောက်ဖက်က ကြော်ငြာဖတ်ပြီးကတည်းက အဲဒီစာအုပ်ကို အရမ်းဖတ်ချင်နေတာ"

"ဘယ်နောက်ဘက်က ကြော်ငြာလဲ"

"ဟုတ်သားပဲ၊ နိုင်ထွန်းကမှ မဖတ်ရသေးတာ၊ ဟို ပထမတွဲ စာအုပ်ကို အရမ်းဖတ်ချင်နေတာ"

စားပွဲပေါ် တင်ထားသည့် စာအုပ်တွေထဲမှ 'မိုးယံသို့ချို' ပထမတွဲကို ယူပြီး နိုင်ထွန်းက ပေးလိုက်သည်။ ညိုညိုဦးက နောက်ဆုံးကို လှန်ပြီး.....

"ဒီမှာ ဖတ်ကြည့်"

"ညိုပဲ ဖတ်လိုက်ပါ၊ နားထောင်နေမယ်"

"သူကတော့ ရေးအသုံးအနှုန်းနဲ့ 'ကျုပ်ရို' လို့ ရေးထားတယ်။ ကျုပ်တို့လို့ပဲ အသံထွက် ဖတ်လိုက်မယ်"

"ညို ကြိုက်သလိုဖတ်"

"ကျုပ်တို့ဟာ ကျွန်လူမျိုး မဟုတ်ဘူး။

ဒါကြောင့် ကျုပ်တို့ဟာ ဘယ်သူ့ကျွန်မှ အလုပ်မခံခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့နိုင်ငံသားဆိုတာ ဝေလာဝေး.....

ကျုပ်တို့နိုင်ငံခြားသားချင်းတောင် ကျွန်ခံတာ မဟုတ်ဘူး

သူ့ကျွန်မခံဘူးဆိုတာ မဟုတ်ဘူး။

ကျုပ်တို့ဟာ ဘယ်သူ့ကျွန်မှ မဟုတ်ဘူး

မဖြစ်ခဲ့ဖူးဘူး....."

"ကောင်းလိုက်တာ ညီရယ်၊ ကြက်သီးတောင် ထချင်လာတယ်"

"ဟုတ်တယ်၊ ညီက အဲဒီကြော်ငြာစာသား ကြည့်ပြီး အရမ်းဖတ်ချင်နေတာ။ နေဦး၊ ဒီအပေါ်ဆုံးမှာရေးထားတဲ့ တစ်ကြောင်းကထဲ တစ်ကြောင်းဆိုမှတစ်ကြောင်း....."

"ဖတ်ပြပါဦး"

"သူ့နိုင်ငံသား သံမှန့်စားမှ တို့စားတုံးမည်" တဲ့။

"တကယ့်ကို စာတိမာန် တက်ကြွစရာပဲနော်"

"ခိုင်ထွန်း၊ ဒီနေ့ လာမအပ်ရင် ညီ အိမ်လိုက်လာရင်တောင် ကောင်းမလား တွေးမိသေးတယ် တကယ်"

"ကိုယ်တော့ ဒီကျောင်းပိတ်ရက် ဒီမြို့ကို လာရတာ အရမ်းကံကောင်းသွားပြီလို့ ယူဆရတော့မယ်။ ညီ့လို စာအရမ်းဖတ်တဲ့





သူနဲ့လဲ တရင်းတနှီး ဖြစ်ခွင့်ရတာယ်။ ဖတ်ထားတဲ့စာတွေ အကြောင်းလဲ ပြောလို့ဆိုလို့ ရတယ်လေ"

"အလည်သက်သက်ပဲဆို၊ ပြန်ရက် နီးပလား"

"အလည်သက်သက် မဟုတ်ဘူး ညီ"

"ဟင်....."

"ကိုယ်တို့က ညီအစ်ကိုမောင်နှမများတယ် ညီ၊ အားလုံးကလဲ ကျောင်းသားတွေနဲ့ လက်မလွတ်သေးတဲ့သူချည်း။ ပြီးတော့ မိဘတွေကလဲ ဆင်းရဲတယ်။ ဒီက ဦးလေးအိမ်က အလုပ်လဲ ကူလုပ်ပေးရင်း စားစရိတ်လဲ သက်သာအောင်ဆိုပြီး ဒီကို လွှတ်လိုက်တာ ညီ။ အားပေးစာယူ အဝေးသင် တက်တာဆိုတော့ ဒီမှာ နေလို့ရပါတယ်"

"သြော်"

ဆင်းရဲချို့တဲ့ခြင်းကို မကွယ်မဝှက်ဘဲ ရှက်စရာတစ်ခုဟု ယူဆမထားသော ခိုင်ထွန်းကို ညီ ကြည်ညိုမိပြန်၏။

"အိမ်ပြန်နောက်ကျရင် ညီ့ကို ဆူနေဦးမယ်နော်"

တစ်ဖက်သားအတွက် ငဲ့ညှာအတွေးရှိသူဟု ညီ သတိထားမိပြန်သည်။

"ပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှင်းဖို့ ညိုက စားပွဲထိုးကလေးကို လှမ်းခေါ်သည်။

"နောက်ရက်တွေမှာ ကိုယ်နဲ့ညို စာကြည့်တိုက်မှာ ဆုံရင်ဆုံ မဆုံရင်တောင်မှ ဒီဆိုင်ကို လာစောင့်နေမယ်။ ဖတ်ပြီးသား စာအုပ်တွေအကြောင်း ပြောကြတာပေါ့"

ညိုညိုဦးက လိုလိုလားလား ခေါင်းညိတ်ပြလိုက်၏။

❦ ❦ ❦



(၅)

ဘာကြောင့် သည်လောက် ရင်းနှီးကျွမ်းဝင် လွယ်ရပါသလဲဟု ဘာသာ စဉ်းစားမိပြန်သည်။ သူမနှင့် ခိုင်ထွန်းကြားမှာ စာပေသည် ကြားခံတစ်ခု ဖြစ်သွားပြီဆိုတာ အလိုလို နားလည်လာသည်။ 'နွေတည' ကို ကြိုက်တာချင်း တူသလို ကြည်အေး၏ 'တမ်းတတတ်သည်' ကို စွဲလန်းတာချင်း တိုက်ဆိုင်နေပြန်သည်။

နိုင်ဝင်းဆွေ၏ 'မဟူရာမေတ္တာ' ဝတ္ထုထဲမှ အဖွဲ့အနွဲ့တွေကို ဆွေးနွေးဖြစ်သေး၏။

"ညိုက မိန်းကလေးပဲ၊ စားခုတ်တာ၊ လှံထိုးတာတွေ ဘယ်ဝါသနာ ပါမှာလဲ။ အဲဒီအထဲမှာ စားခုတ်တဲ့အခန်းကို စာမျက်နှာများကြီး ဖွဲ့ထားတာ ကျော်ပစ်ဖို့ နေနေသာသာ ရင်တခုန်ခုန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လို့ မဝနိုင်ဘူး ဖြစ်သွားတာပဲ။ တကယ်ပဲ ရုပ်ရှင်ထဲက ပြကွက် တစ်ခုကို ကြည့်နေရသလိုမျိုးပဲ”

“ကိုယ်ကတော့ အဲဒီစာအုပ်ဖတ်ရင်း ဘယ်တုန်းက အလွတ် ရသွားမှန်း မသိခဲ့တဲ့ ကဗျာတစ်ပုဒ် ခေါင်းထဲ ဝင်လာတယ် ညို။ အဲဒီကဗျာကလဲ ဒွတ္တပေါင်နဲ့ဗိသုနိုးမင်းသမီးအကြောင်း ရေးထား တာလေ”

“ညို မတွေ့ဖူးဘူး”

“ဘယ်သူရေးတာမှန်းလဲ ကိုယ်မသိဘူး။ အသံက သာတဲ့ တေးထပ်မို့ ဖတ်ရင်းဖတ်ရင်း အလွတ်ရသွားခဲ့တာ”

“ခိုင်ထွန်း ညို့ကို ရွတ်ပြပါလား”

“နားထောင် ကိုယ် ရွတ်ပြမယ်။ တစ်ချို့နေရာတွေ မေ့နေ မလားတော့ မသိဘူး”

“မေ့ရင်လဲ ချန်ထားခဲ့ပေါ့”

နိုင်ထွန်းက လည်ချောင်း ရှင်းသည်။

ပြီးမှ ကဗျာကို စရွတ် ပြ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

"သမီးရည်းစားဆိုတဲ့ ဝေါဟာရဟာ မိန်းမတစ်ယောက်ရဲ့ ဘဝကို ဘယ်လောက်ထိ ထိန်းချုပ်ထားနိုင်လဲ"

"ညိုညိုဦး၊ နင် ဘာပြောလိုက်တာလဲ"

ညိုညိုဦးစကားကြောင့် ညိုညိုဦးမျက်နှာကို ကြည့်ရင်း ပြန်မေးလိုက်သည်။

စတီးဂျိုင့်ကို ပြန်ပိတ်ရင်း ခင်သက်ဆွေအကြည့်ကလည်း ညိုညိုဦး မျက်နှာဆီ ရောက်၏။ ဘုန်းမြင့်က စီးကရက်ကို လှမ်းယူကာ တစ်ချက်ဖွာပြီးသည်။

"ငါ မေးတာ မရှင်းလို့လား"

"နင် ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ သိချင်တာ ညိုညိုဦး"





အများတွေကို ဖတ်ပြီး စာဖတ်တဲ့သူက ဆင်ခြင်နိုင်အောင်ဖြစ်ဖို့ လိုတယ်။ ဒါပေမဲ့ အတုယူမှားနိုင်တဲ့ကိစ္စမျိုးကို စာဖတ်တဲ့သူ ရဲ့ သွားမှာ အစိုးရိမ်ရဆုံးပဲ။ ဥပမာ– ညို ဖတ်ဖူးပါတယ်။ ဆရာကြီးက သူများမိန်းမတွေနဲ့ သူ မှောက်မှားခဲ့တာ။ သူကိုယ်တိုင် သိသိကြီးနဲ့ ကျူးလွန်ခဲ့တာတွေ ခဏခဏ ရေးထားတာလေ။ အဲဒါမျိုးကျတော့ တို့လေးစားတဲ့ ဆရာကြီးတောင် ဒီအမှားတွေ ကျူးလွန်ခဲ့သေးတာ ပဲကွာ၊ မဆန်းပါဘူးဆိုတဲ့ အယူအဆ အမှားမျိုး မရင့်ကျက်တဲ့ စာဖတ်သူခေါင်းထဲ ဝင်သွားမှာ စိုးရိမ်ရတာပေါ့ ညို"

"ဟာ..... ဟုတ်တယ်နော်၊ ညို အဲဒီအကြောင်းတွေ ဖတ်ပြီး ဆရာကြီးကို မကြိုက်ဘူး။ ဒါပေမဲ့ ရေးရဲတာပဲဆိုပြီး ကြဲဖန်ချီးကျူး မိသေးတယ်။ နိုင်ထွန်း စဉ်းစားသလို မစဉ်းစားခဲ့ဘူး"

"ကိုယ့်ရင်ထဲမှာ စွဲစွဲမြဲမြဲဖြစ်သွားတဲ့ စာကြောင်းတစ်ကြောင်း ကြောင့် ကိုယ် စာရွေးဖတ်တဲ့အကျင့် ရသွားခဲ့တာပဲ ညို။ အရင်တုန်း ကတော့ တွေ့တာ အားလုံးဖတ်တာ"

"ပြောပါဦး အဲဒီစာကြောင်းကို"

"စာအုပ်များများဖတ်စရာ မလိုဘူးတဲ့။ စဉ်းစားစရာ များများ ပါတဲ့ စာအုပ်နည်းနည်းကိုပဲ ဖတ်ပြီး များများစဉ်းစားတဲ့အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် လုပ်ပါတဲ့။ စာအုပ်တွေပဲ များများဖတ်နေရင် ဗဟုသုတ အများကြီးရှိတဲ့ မစဉ်းစားတတ်တဲ့သူ ဖြစ်သွားတတ်တယ်တဲ့”

ညိုညိုဦးက အသေအချာ စဉ်းစားရင်း ခေါင်းကို ဖြည်းဖြည်း ညိတ်၏။ ခိုင်ထွန်းနှင့် စကားပြောနေရသည်မှာ စာအုပ်တွေ အများကြီးကို တစ်ပြိုင်နက် ဖတ်နေရသလို ခံစားနေရပြန်သည်ပဲ။



(၆)

ကျောင်းစာမှတစ်ပါး အစစအရာရာကို သူကသာ ဦးဆောင်ရင်း ထိုလတ်နှင့် ရင်းနှီးကျွမ်းဝင်စွာ နေခဲ့ရဖူးသည်။ ခိုင်ထွန်းနှင့် တွေ့တော့ အပြင်စာတွေအကြောင်း၊ လောကအကြောင်း၊ အနုပညာ သီချင်းတွေအကြောင်း သူ ဝါသနာ ပါတာတွေကို ဆွေးနွေးငြင်းခုန်နိုင်သော စကားပြောဖော်ကို ရလိုက်သလိုပင်။ ခိုင်ထွန်းနှင့် စကားပြောရင်းမှ ခိုင်ထွန်း ဖတ်ထားသောစာတွေက သူ့ထက် များစွာသာကြောင်း ညိုညိုဦး သိလာသည်။ ထူးခြားသည်က ဖတ်ထားသမျှထဲမှ ကြိုက်သည့်စာပိုဒ်တွေကို ခိုင်ထွန်းက အလွတ်ရနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလိုပဲ ဆက်၍ ခေါ်မည်နိုင်' ထဲမှ စာသားအချို့၊ ဆရာမကြီးကြည်အေး၏ 'တမ်းတ တတ်သည်'ထဲက စာပိုဒ်အချို့ကို ရွတ်ပြနိုင်သည်မှာ အံ့ဩစရာ။

သည့်ထက်အံ့ဩစရာကောင်းသည်က ဆရာမောင်သစ်တည် နာမည်နှင့် ဆရာကြီး မြသန်းတင့် ရေးခဲ့သော 'စက္ကူမြင်း တောင်တွင်း ရထား' ကဗျာရှည်ကြီးကို အစအဆုံး ရွတ်ပြနေခြင်းပင်။

"စာရေးကြည့်ပါလား"

"စာရေးတာက ပါရမီလဲပါမှ ညီရဲ့"

"စာတွေ ဒီလောက် ဖတ်ထားတာပဲ"

"စာဖတ်နိုင်တိုင်း စာရေးဆရာ ဖြစ်ရင် စာရေးဆရာတွေ အများကြီး ဖြစ်နေတော့မှာပေါ့။ စာဖတ်တာဟာ စာရေးတာရဲ့အနှ ဆိုတာတော့ အမှန်ပဲ ညီ။ ဒါပေမဲ့ စာဖတ်အား ကောင်းတိုင်းတော့ စာရေးဆရာ မဖြစ်နိုင်တာလည်း အမှန်ပဲ။ စူးရှတဲ့ အတွေးအမြင်နဲ့ ခံစားမှု အားကောင်းဖို့ပဲ အဓိက ကျတယ်လို့ ဆရာကြီးတစ်ဦးရေးတာ ဖတ်ခဲ့ဖူးတယ်လေ"

စာဖတ်များသူပဲ ဟု ဘဝင်မြင့်သူ မဟုတ်ကြောင်း နားလည်ရင် နိုင်ထွန်းကို လေးစားမိပြန်သည်။ မျက်မှန်ပါဝါထူထူ၊ လုံချည်တိုတိုနှင့်





ဆေးပေါ့လိပ်ဖွာရင်း စာတွေအများကြီးဖတ်ထားသူ၊ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်သူအဖြစ် ဖန်တီးထားသောပုံမျိုး မဟုတ်ဘဲ ပေါ့ပါး လွတ်လပ်စွာ နေတတ်သည့် စတိုင်လ်ကိုလည်း ညီညီဦး သဘောကျမိ ပြန်သည်ပဲ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

(၇)

စောစောက မိုးတစ်ပြိုက် ရွာချလိုက်သဖြင့် စာကြည့်တိုက် ွားသည့်အချိန်က လွှဲသွားသည်။ ညိုညိုဦး စာကြည့်တိုက် သွားနေကျ ချိန်နှင့် တိုက်ဆိုင်စွာပင် မိုးက ရွာချလိုက်၏။

"ဟဲ့.....ဘယ်သွားမှာလဲ ညို"

"စာကြည့်တိုက်ကို မေမေ"

"စာကြည့်တိုက် သွားတာများပါယ်၊ မိုးစဲမှ သွားပါတော့လား။ မေက ဟန့်သဖြင့် ကိုယ်ရှိန်သတ်ကာ အခန်းထဲ ပြန်ဝင်သည်။ ထွန်းသူ့ကို စာကြည့်တိုက်က မျှော်နေတော့မှာပဲဟု တွေးဖြစ်သည်။ ှုပ်ရှားနေသည့်စိတ်ကို မေမေ ရိပ်မိမှာလည်း တွေးပူပြန်၏။ တင်ပေါ်လှဲရင်း စာအုပ်တစ်အုပ်ကို ကောက်ယူဖတ်သော်ငြား



www.burmeseclassic.com

www.burmeseclassic.com



စာထဲမှာ စိတ်က မဝင်စားနိုင်ပြန်။ စာကို ပြန်ချရင်း ပြတင်း အပြင်ကို လှမ်းကြည့်သည်။ မိုးစဲသွားတာတွေ့တော့ ဝမ်းသာသွား သည်။ နာရီကို ကြည့်ရင်း အခန်းတွင်းမှ ထွက်ခဲ့၏။

"ဘာလို့ ဒီလောက် အရေးကြီးနေတာလဲ"

ဟု မေမေက ရိုးရိုးသားသား မေးလိုက်တာကို နိုင်ထွန်း တွေ့ချင်လွန်းနေသည့် သူ့စိတ်ကို မေမေများ ရိပ်မိသွားပြီလား တွေးရင်း ထိတ်၏။

"မဟုတ်ဘူး မေမေ၊ ဒီစာအုပ်က ဒီနေ့ ပြန်အပ်မှ ဖြစ်မှာ ငှားမယ့်လူက ဒီနေ့ လာယူမှာမို့ပါ"

အလိမ်အညာစကားဆိုရင်း စိတ်ထဲမှာ မလုံချင်ပြန်။ အိမ်ထဲ အမြန်ထွက်လာခဲ့၏။

"မောင်နိုင်ထွန်းတောင် အခု မိုးစဲမှ ပြန်သွားတယ် မီညို

သူမ စာကြည့်တိုက်ရောက်စဉ် ဆရာကြီးက လှမ်းပြောသည် အပ်စရာရှိသည့် စာအုပ်ကို အပ်၊ နောက်တစ်အုပ်ကို အကြာကြီး ရှာမနေတော့ဘဲ တွေ့သည့်စာအုပ်တစ်အုပ်ကို ထပ်ငှားကာ စာကြည့် တိုက်မှ ထွက်လာခဲ့၏။

'တမာရိပ်'မှာ နိုင်ထွန်း ရှိနေမှာလား အတွေးက 'တမာရိပ်'





ဆီ ဦးတည်ဖြစ်၏။ သူမ လာမှာ မဟုတ်တော့ဘူး အထင်နှင့် အိမ်ကို ပြန်သွားတော့လည်း ဖြစ်နိုင်သည်ပဲ စဉ်းစားရင်း ရင်ထဲမှာ တလာလာသလိုလို။

'တမာရိပ်' လက်ဖက်ရည်ဆိုင်ကို လှမ်းမြင်ရစဉ် နိုင်ထွန်း ရှိနေပါ့မလား အတွေးက ရင်အခုန် မြန်စေသည်။ ကိုလတ်နှင့် တော်သက်ပြီး သူ သည်လို တစ်ခါမှ ရင်မခုန်ခဲ့ဘူးတာ မဆိမဆိုင် သတိရနေပြန်၏။

'တမာရိပ်'ထဲကို စက်ဘီးမဝင်ခင် အပြင်ခုံတန်းတွေဆီ အကြည့်ရောက်၏။ ခါတိုင်းနယ် အပြင်မှာ ခုံတွေကို မတွေ့ရ။ ဆာစောက မိုးကြောင့် ခုံတွေကို သိမ်းထားတာဖြစ်မည်ဟု တွေးရင်း ဆိုင်တွင်းသို့ ဝင်လိုက်သည်။

စက်ဘီးသော့ခတ်ပြီး ခြံထောင့်ဆီ အကြည့်ရောက်စဉ် ခြံထောင့် တမာပင်ရိပ်အောက်မှာ ခုံတစ်လုံး ရှိပြီး ထိုင်နေသော နိုင်ထွန်းကို တွေ့သည်။ နိုင်ထွန်း သူ့ကို လှမ်းကြည့်နေတာ မြင်ပြီး ပြုံးပြလိုက်မိ၏။ ရင်ထဲမှာ အပျော်လှိုင်းတို့၏ အရိုက်အခတ်ကြောင့် ဖျတ်ဖျတ်လူးတာ ဘာ့ကြောင့်ရယ် မသိ။

"မလာတော့ဘူး ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ညိုက ပြန်သွားပြီထင်တာ"

ရင်ထဲမှစကားတွေက ရှေ့ဆင့်နောက်ဆင့်ထွက်လာ၏။ မျက်နှာ ချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးက သူမ သောက်နေကျ အတိုင်း လက်ဖက်ရည် ချိုပေါ့ကျတစ်ခွက် လာချပေးသည်။

"မိုးရွာနေလို့ ထွက်တော့မလို့ လုပ်တုန်း မေမေက မေးနေတာ မထွက်ဖြစ်တာ"

နိုင်ထွန်းက နားလည်သလို ပြုံးပြီး ကြည့်ရင်း နားထောင် နေသည်။

"ညို ရောက်မလာတော့မှ ညို့ကို အရမ်း မျှော်မိတာပဲ"

တစ်ကိုယ်တည်း ပြောသလို ပြောလိုက်သောစကားက သူမ ရင်ကို မြားအစင်းရာထောင် စူးစိုက်သွားစေသလို။ ခေါင်းငုံ ရုတ်တရက် ငုံ့ပစ်လိုက်မိတာ ဘာကြောင့်ရယ် မသိပြန်။ လေတစ်ချက် ဝေ့ခနဲ ဖြတ်တိုက်သွားတာ သတိထားဖြစ်ပြန်၏။ လေတိုက်သဖြင့် တမာရွက်ပေါ် တင်ကျန်နေသော မိုးရေစက်တို့က ဖွဲခနဲ ကျလာ တော့သည်။ ရုတ်တရက်မို့ လန့်ပြီး မော့ကြည့်မိ၏။

"မိုးရွာပြန်ပြီထင်တယ်"

နှုတ်မှ အသံထွက်၏။





"အဲဒါ သစ်ပင်မိုး ညို"

"ဘာမိုး.....နိုင်ထွန်း"

"သစ်ပင်မိုးလေ၊ သစ်ပင်မိုးလို့ ခေါ်တယ်"

"သစ်ပင်မိုး ဟုတ်လား"

"ဟုတ်တယ် ညို၊ စောစောက ရွာထားတဲ့ မိုးစက်တွေက သစ်ပင်သစ်ရွက်တွေပေါ် တင်နေတာလေ။ လေအဝှေ့မှာ ပြန်ကျ လာကြတာ၊ သစ်ပင်က ရွာချတဲ့မိုးပေါ့"

"မိုး အတုပေါ့"

"ညို"

"ဟင်"

"ညိုနဲ့ကိုယ်နဲ့ တွေ့ကြတာ သစ်ပင်မိုးလို ဖြစ်မှာစိုးတယ် ညိုရယ်"

ခေါင်းးကို ရုတ်တရက် ငုံ့ပစ်လိုက်ပါသည်။ အစူးအရှ မျက်ဝန်းကို ညို ဆုံပြီး မကြည့်ရဲ။ ရင်ထဲမှာတော့ တဆတ်ဆတ် နှင့်နေတာ ဘာသာအသိဆုံး။

သစ်ပင်မိုးတဲ့လား နိုင်ထွန်းရယ်.....။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

ပြန်ရအောင်နော်ဟု စကားဖြတ်ပြီး မပြန်ချင်သေးတာ အကြောင်းရယ် မသိ။ ခိုင်ထွန်းက စားပွဲထိုးကလေးကို လှမ်းခေါ် သိုက်ပြီး ပိုက်ဆံရှင်းတော့ တကယ်ပြန်ကြရမှာပဲဟု ခွဲသွားကြရမှာ နော်လေးနေမိသယောင်။ လမ်းခွဲရောက်သည်အထိလည်း စကားတွေ ခေါ်တိုင်းနှယ် နှုတ်က မသွက်။ ခံစားချက်တို့က အသံတိတ်စကားတွေ ဆိုသာ ပြောနေတတ်ပါသလား။

"သွားတော့မယ် ညို"

နှုတ်အဆက်မှာ ခေါင်းကို ညိတ်ရင်း နောက်ကျောကို လှမ်းကြည့်ဖြစ်သေး၏။ အိမ်ပြန်ရောက်တော့ အိပ်ရာပေါ် ပစ်လှဲ လိုက်ရင်း ရင်တွင်းမှာ ဝေဒနာတစ်ခု ပါလာတာ သတိထားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ နိုင်ထွန်းနှုတ်မှ ခါတိုင်းနှယ် စကားမသွက်သော်ငြား သူ့မျက်ဝန်းတွေထဲက စကားကို သူမက ဘာကြောင့် ကြားနေနိုင်ရ ပါသတဲ့လဲ။ သိပ်မကြာသောရက်တွေမှာ နိုင်ထွန်း ပြန်ရတော့မယ် ဆိုတာလည်း ညို သိလိုက်ရပြီပဲ။ တက်နေသည့် တက္ကသိုလ်ချင်းမ မတူလေတော့ ပြန်ဆုံမိဖို့ဆိုတာ မလွယ်မှန်း အလိုလို သိနေပြီပဲလေ

သမုဒယမိုးသည် အလှာဆိုသည့် သစ်ပင်များ ဖုံးကွယ် အုပ်ဆိုင်းထားသဖြင့် သူတို့အပေါ်မှာ 'သစ်ပင်မိုး'အဖြစ်သာ စိုရွှဲ နိုင်ပါသတဲ့လား။

အတွေးများဖြင့် ရင်က ပူလောင်ပြီ။

❦ ❦ ❦



(၉)

နောက်နေ့ တမာရိပ်ကိုရောက်တော့ မိုးက အုံ့ဆိုင်းနေသည်။

"ညို တံဆိပ်ခေါင်းစုတာ ကြားဖူးတယ် မဟုတ်လား"

လက်ဖက်ရည်ပန်းကန်ကို ပြန်ချရင်း ခိုင်ထွန်းက မေးလိုက်၏။

"ကြားဖူးတယ်လေ၊ ဘာဖြစ်လို့လဲ"

"တံဆိပ်ခေါင်းတစ်ခုကို တန်ဖိုးအများကြီး ပေးဝယ်စုတာတွေ ဘာတွေ ဖတ်ဖူးတယ်"

"ဟုတ်တယ်၊ အစကတော့ ညိုလဲ ဒါ သက်သက်ပိုက်ဆံ ပေါလို့ပဲ ထင်ခဲ့တာ။ နောက်မှ ခံစားမှုနဲ့ ဝါသနာ ဆိုတာကို နားလည်လာတော့တယ်"

"ပစ္စည်းတိုင်းမှာ ငွေကြေးနဲ့ ဖြတ်လို့ရတဲ့ တန်ဖိုးနဲ့ စိတ်ခံစားမှုနဲ့



www.burmeseclassic.com

ဖြတ်လို့ရတဲ့တန်ဖိုးဆိုတာ ရှိတယ်တဲ့ ညီရဲ့"

"ပြောပါဦး"

"ဥပမာ ညို့အမေက ညို့မွေးနေ့အတွက် ဝယ်ပေးထားတဲ့ တစ်ထောင်တန်ပစ္စည်းလေးတစ်ခုဟာ သူများအတွက်တော့ တစ်ထောင်ထက် ပိုမတန်ဘူးလေ"

"အင်း.....ဟုတ်တာပေါ့။ ဒါငွေကြေးနဲ့ ဖြတ်တာကိုး"

"ဆိတ်ခံစားမှုအရကျတော့ ညို့အတွက်မှာ အမေပေးတဲ့ အမြတ်တနိုး အမှတ်တရ ပစ္စည်းလေးအဖြစ်နဲ့ တန်ဖိုး မဖြတ်နိုင်ဘူးလေ"

"နားလည်ပြီ ခိုင်ထွန်း"

"ကိုယ် ညို့ကို အမှတ်တရ ပစ္စည်းလေးတစ်ခု ပေးပါရစေ ညို။ အဲဒီပစ္စည်းဟာ ဘာမှ တန်ဖိုးမရှိပေမယ့် ဘယ်သူမှလဲ ဒီလိုပစ္စည်း ညို့ကို ပေးမှာ မဟုတ်ဘူးလို့ ကိုယ် ပြောရဲတယ်။ ကိုယ့်အတွက်တော့ အမြတ်တနိုးထားတဲ့ပစ္စည်းပါပဲ"

ရင်ထဲက အခုန်မှာ ခေါင်းက အလိုလို ငုံ့သွားမိပြန်သည်။ သူ့မျက်ဝန်းကို ကြည့်နေချင်လျက် ကိုယ့်မျက်ဝန်းမှ ခံစားရင်ခုန်မှုကို သူ သိသွားမှာလည်း ရှက်နေမိပြန်သည်ပဲ။





ခိုင်ထွန်းက သူ့လွယ်အိတ်ထဲမှ တစ်ခုခုကို နှိုက်ယူတာ သိသည်။

"ကြည့်.....ညို"

ဓာတ်ပုံအယ်လ်ဘမ် ခပ်လတ်လတ်အရွယ်ကလေး။

"ခိုင်ထွန်းပုံတွေလား"

ဓာတ်ပုံတစ်ပုံ ပေးခဲ့မှာပဲတွေးရင်း မေးလိုက်၏။

"ကြည့်ပါ"

လှမ်းယူပြီး ဓာတ်ပုံအယ်လ်ဘမ်လေးကို လှန်လိုက်၏။

"ဟယ်.....လိပ်ပြာလေးတွေ.....ဟယ်.....လှလိုက်တာ"

အယ်လ်ဘမ်ထဲမှာ လိပ်ပြာအသေလေးတွေကို လှပစွာ ကပ်ထားတာ တွေ့သည်။ တစ်ချို့က အကောင်မပျက်၊ အချို့က အတောင်ပဲရှိသည်။

"ဒါ ဘာလုပ်တာလဲ ခိုင်ထွန်း"

"တံဆိပ်ခေါင်းစုသလိုမျိုးပဲပေါ့ ညိုရယ်"

"ဪ.....လိပ်ပြာလေးတွေ စုတာလား"

ခိုင်ထွန်းက ခေါင်းညိတ်ပြသည်။

"အဲဒီအထဲက ညို့ အကြိုက်ဆုံး လိပ်ပြာတစ်ကောင် ကိုယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မယ်"

"ညို မရွေးတတ်ဘူး ခိုင်ထွန်း၊ အားလုံးက သူ့ဟာနဲ့သူ လှနေတာပဲ"

"ဒါဆို ကိုယ် ရွေးပေးမယ်"

ညိုက ခေါင်းညိတ်ပြလိုက်၏။

"ဒီလိပ်ပြာလေးက အပြာနဲ့ ခရမ်းများတယ်ညို၊ ဒီအရောင်က ရှားလဲရှားတယ်၊ ဒါလေးယူ"

ပြောရင်း အယ်လ်ဘမ်မှာ ကပ်ထားတာကို ခွါသည်။ အတောင်လေးတွေ မကျေသွားအောင် တယုတယ ခွါနေတာကို ညိုက ကြည့်နေမိ၏။

"ရော့.....စာအုပ်ကြားမှာ ခဏညှပ်ထား၊ အိမ်ရောက်မှ သိမ်းထားပေါ့"

ညိုက လှမ်းယူပြီး ငှားလာသော စာအုပ်ကြားထဲ ညှပ်ထား လိုက်မိ၏။

"ကိုယ့်လိပ်ပြာကို ညို့ကို ပေးလိုက်ပြီနော်"

"အင်းပါ"

စာအုပ်ကို စားပွဲပေါ်ပြန်တင်ရင်း နှုတ်မှ ထွက်၏။





ပြီးမှ အတွေးပေါက်ကာ ခိုင်ထွန်းမျက်နှာကို ကြည့်တော့ ရိဝေစူးစိုက်ထားသော ခိုင်ထွန်း၏အကြည့်ကို ဆုံဖြစ်သည်။

"ခိုင်ထွန်းလိပ်ပြာက အသက်မှ မပါတာ"

ပြောရင်းခေါင်းကို ငုံ့ပစ်လိုက်မိပြန်တော့သည်။

"တစ်နေ့မှာတော့ အဲဒီလိပ်ပြာလေးထဲ အသက်ဝင်လာမှာပါ ညိုရယ်"

ပြောရင်း သက်ပြင်းချသံကို ကြားမိပြန်၏။

"အဲ.....မေ့နေတယ်၊ ခိုင်ထွန်းကို မပြောမိဘူး"

ခေါင်းမော့ကာ စကားကိုလွှဲရင်း ပြောလိုက်၏။

"ဘာလဲ ညို"

"လိပ်ပြာတွေ အရမ်းပေါတဲ့နေရာ ရှိတယ် ခိုင်ထွန်း"

"တကယ်လား၊ ဘယ်မှာလဲ"

"နည်းနည်းတော့ ဝေးတယ်။ မြို့က ထွက်ပြီး ကားလမ်းမကြီးကနေ လယ်ကွင်းတွေထဲ ဖြတ်လျှောက်ရမှာ။ ပြီးတော့ ချောင်းကို ဖြတ်လိုက်ပြီး တောစပ်အထိ လျှောက်ရတာခိုင်ထွန်း။ ညို ငယ်ငယ်က အဲဒီနေရာကို ခဏခဏ ခိုးပြီး သွားတာ၊ အမြဲအဆူခံရတယ်။ အဲဒီမှာ ပဲခင်းတွေ၊ ပန်းခင်းတွေ၊ စိုက်ခင်းတွေ ရှိတော့ လိပ်ပြာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ပေါ်မှပေါ့၊ ခိုင်ထွန်းဆို အရမ်းသဘောကျမှာ”

“ဟာ..... အဲဒီလောက် လိပ်ပြာပေါ်ရင် လိပ်ပြာအသေတွေလဲ လိုက်ရှာရင် ရမှာပဲ ညို၊ လိုက်ပို့မလား”

ညို တစ်ချက် တွေပြီး စဉ်းစား၏။

“ဘယ်တော့လဲ”

“အခု သွားရအောင် ညိုရယ်၊ ဘာဖြစ်လဲ။ လိပ်ပြာတွေ ပေါ်တယ်ဆိုတာနဲ့ ကိုယ်တော့ ချက်ချင်းကို သွားချင်သွားတယ်”

“ကဲ.....ဒါဆိုလဲ ညို လိုက်ပို့မယ်။ နောက်ရက်ဆိုလဲ ခိုင်ထွန်း ပြန်ရက်လဲနီးပြီ။ ညိုက မအားတာနဲ့ ဘာနဲ့ဆို ပို့ဖြစ်မှာ မဟုတ်ဘူး”

“စက်ဘီးတွေ ယူခဲ့မှာလား”

“ယူခဲ့တာပဲ ကောင်းတယ်။ စီးရတဲ့နေရာ စီး၊ မရတော့ တွန်းပေါ့”

ပြောပြီး လက်ဖက်ရည်ဖိုး ရှင်းကာ ဆိုင်ထဲက ထွက်ခဲ့သည်။

တောင်တွေဆီ မျှော်အကြည့်မှာ ပကတိ ကြည်လင်ပြီး မိုးရိပ်မိုးငွေ့ကို မတွေ့ရ။

❦ ❦ ❦



BURMESE CLASSIC .com

(၁၀)

မြို့အထွက် လမ်းအတိုင်း စက်ဘီးစီးလာခဲ့ရာ မြို့ကို ချဉ်းကပ်ထားခဲ့ပြီး အဝေးပြေးလမ်းမကြီးဆီရောက်၏။ အဝေးပြေး လမ်းမကြီးအတိုင်း စကားတပြောပြောနှင့် စက်ဘီးကို ဆက်နင်းသည်။

“ဟိုရှေ့ကျရင် ညာဘက်လမ်းခွဲက မြေတာလေးကို ဆင်းရမှာ”

ညိုညိုဦးက ပြောရင်းရှေ့မှ ဦးဆောင်ကာ မြေတာလေးပေါ် ဆင်းချလိုက်သည်။ မြေတာလေးပေါ်မှာတော့ စက်ဘီးကို ယှဉ်စီးသွား၍ ရ၏။ မျှော်အကြည့်မှာ စိမ်းစိုစို တောအုပ်အစပ်ကို လှမ်းမြင်သည်။ တောအုပ်၏ နောက်ဘက်မှာ အပြာရင့်ရင့်မှိုင်းနေသော တောင်တန်းတို့သည် ဆေးသားအနုအရင့် မတူအောင် ချယ်သထားသည့်နှယ်။

မကြာမီမှာ ချောင်းစပ်ကို ရောက်လာတော့၏။ ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရင်း စက်ဘီးကို နင်းလို့ရသည့်နေရာ နင်းသည်။ သဲတွေ သိပ်ထူပြီး နင်းမရသည့်နေရာမှာ ဆင်းပြီး စက်ဘီးကို တွန်းရပြန်၏။ ချောင်းကို ဖြတ်ပြီး တစ်ဖက်ကမ်းကို တက်လိုက်စဉ် လယ်ကွင်းတွေ၊ ယာကွင်းတွေထဲ ရောက်ပြီ။

စက်ဘီးက စီးလို့မရတော့။ ထိုယာတွေ၊ လယ်တွေကို ဖြတ်ရင်း တောစပ်ဆီ ဦးတည်ခဲ့ကြသည်။

တောစပ်သည် တောင်ခြေနှင့်ဆက်လျက် ရှိမည်ထင်၏။ တောထဲသို့ ဝင်သွားလျှင် တောင်ခြေနှင့်နီးပြီး တောလည်း နက်သွား နိုင်မည်။

"ဟိုတောင်ခြေမှာ တိုင်းရင်းသားရွာတွေ ရှိတယ်ပြောတာပဲ။ ညီတော့ မရောက်ဖူးဘူး"

"ဒီပတ်ဝန်းကျင်ကတော့ ရွာ အရမ်းပြတ်တာပဲနော်"

"ဟုတ်တယ်၊ ချောင်းစပ်နဲ့ တောတန်းကြားမှာ ဘာမှမရှိဘူး။ ချောင်းရေက အရမ်းလျှံတဲ့နှစ်ဆို ဒီတောစပ်အထိ ရောက်တယ် ပြောတယ်"

"စိုက်ခင်းတွေ ပျက်ကုန်မှာပေါ့"

"ဟုတ်မှာပေါ့၊ ညီလဲ အသေအချာတော့ မသိဘူး"





စကားတပြောပြောနှင့်လာရင်း တောစပ်နား ရောက်လာကြ သည်။ တောစပ်မရောက်ခင်မှာ ယာတဲကလေးတစ်ခုကို တွေ့၏။

"ဒီတဲလေးက ဟိုးအရင်ကလဲ ရှိတယ် ခိုင်ထွန်း။ ညီနဲ့ ပီလတ် ရောက်တုန်းကလဲ ဒီနေရာမှာ တဲကလေးနဲ့"

"နှစ်တိုင်း တဲထိုးတာ ဖြစ်နိုင်တယ်"

တဲကလေးရှေ့မှာ စက်ဘီးကို ရပ်လိုက်၏။

"စက်ဘီးပေါ်က စာအုပ်တွေ မချတော့ပါဘူး ခိုင်ထွန်း"

"ရတယ်လေ ဒီအတိုင်း ထားခဲ့ပေါ့။ ကိုယ့်လွယ်အိတ်လဲ အတိုင်း ထားခဲ့မယ်"

ပြောပြီး တောစပ်ဆီလျှောက်ခဲ့ကြသည်။ တောစပ်နှင့် နီးလာ တော့ စိမ်းစိမ်းစိုစို အခင်းတွေ တွေ့လာရပြီ။ စိုက်ခင်းတွေထဲမှာ အလေ့ကျပေါက်နေသော အပင်တွေက အပွင့်ဝေဆာနေသည်။ ဘိစပ် င်တွေမှာပင် အပွင့်တွေနှင့်။

စိုက်ခင်းတွေနှင့် တစ်ဆက်တည်း တောစပ်မှာတော့ လူစိုက် းသည့်အလား အလေ့ကျပင်များက အပွင့်စုံဝေသည်။

"ဟုတ်တယ် ညီရေ၊ ဟိုမှာ လိပ်ပြာတွေ အများကြီး"

လိပ်ပြာတွေ မြင်ပြီး ခိုင်ထွန်းက ပျော်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ညို”

“ဟင်”

“ဒီလို လုပ်ပါလား”

“ဘာလဲ”

“ညို ကိုယ်နဲ့ လိုက်နေရင် ပင်ပမ်းမယ်။ ပြီးတော့ လိပ်ပြာ တွေ့ရင် ကိုယ်က ညို့ကို စကားပြောဖြစ်ချင်မှ ပြောဖြစ်မှာ”

“လိပ်ပြာတွေ့တာနဲ့ ညို့ကို မေ့သွားရောပေါ့”

အပျော်အကြည်အနုးဖြင့် အစအနောက်စကား နှုတ် ထွက်သည်။

“မမေ့ပါဘူး ညိုရယ်”

“အလကား နောက်တာပါ၊ ဆက်ပြော”

“ကိုယ်က လိပ်ပြာကလေးတွေဆီ သွားမယ်။ ညို လယ်တဲကလေးဆီ ပြန်ပြီး နားနေ။ ကိုယ့်လွယ်အိတ်ထဲမှာ ကက် အသေးလေး ပါလာတယ်။ ယူပြီး ညို နားထောင်ပေါ့။ သီချင်းက ညိုကြိုက်ချင်မှ ကြိုက်မှာ။ ဂီတနက်သံ ကိုစောငြိမ်း သီချင်းတွေ”

“ညိုလဲ အဲဒီသီချင်းတွေ ကြိုက်ပါတယ်။ နေပါဦး ကက်ဆက်တွေ ဘာတွေက ဘယ်လိုလုပ် ပါလာတာလဲ”





“အကောင်းစား မဟုတ်ပါဘူး ညိုရယ်။ ပေါ်ပေါ်ပဲပဲ ာရုတ်ကက်ဆက်ကလေးပါ။ သီချင်းနားမထောင်ဘဲ မနေနိုင်လို့ ယ်ထားပြီး ခရီးသွားတိုင်း ယူယူလာတတ်တာ။ အဲဒါ ပျက်သွား လို့လေ။ ဆိုင်ပို့ပြီး ပြင်ရတယ်။ အခု ညနေမှ ပြန်ရွေးလာတာ။ လာလောဆယ်တော့ နားထောင်လို့ ရမှာပါ ညို”

စကားပြောရင်း ခိုင်ထွန်းက ပန်းခင်းတွေဆီ လှမ်းကြည့်သည်။

“ခိုင်ထွန်း အရမ်းမကြာနဲ့နော်”

“အေးပါ ညိုရာ”

ညိုက နောက်ပြန်လှည့်ပြီး တဲကလေးဆီ ပြန်လာသည်။ ခိုင်ထွန်းက ပန်းခင်းတွေဆီ ဆက်လျှောက်သွား၏။

ခိုင်ထွန်း လွယ်အိတ်ထဲမှ ကက်ဆက်ကလေးကို ထုတ်ယူ လိုက်သည်။ ပြီးတော့ အိးယားဖုန်းကို နားနှစ်ဖက်မှာ ထိုးရင်း ာက်ဆက်ခလုတ်ကို ဖွင့်သည်။

ငှားလာသော စာအုပ်ကိုယူပြီး တဲပေါ်ထိုင်ကာ ဖတ်နေ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

BURMESE CLASSIC .com

နေလုံးပျောက်သွားပြီး မိုးတွေ ညို့လာတာ ညိုညိုဦး သတိထားဖြစ်။ ဖတ်လက်စ စာအုပ်ထဲမှာ စိတ်က ဝင်စားနေပြီ။ ကက်ဆက်ကလည်း သူ့အလိုလို တစ်ဖက်ပြီးတစ်ဖက် ပြောင်းနေသည်မို့ ပတ်ဝန်းကျင်မှ ဘာသံကိုမှ သူမ မကြား။

"ညို....ညိုရေ"

ခိုင်ထွန်းက တဲနား မရောက်ခင် ခေါ်သည်။ ခိုင်ထွန်းအသံကိုလည်း ညိုညိုဦးက မကြား။ ခိုင်ထွန်း တဲကလေးထဲ ပြေးဝင်လာမှ ညိုညိုဦးက လှမ်းကြည့်သည်။ နားထဲမှ ကက်ဆက်နားကြပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်သည်။

"လိပ်ပြာအသေတွေ ရခဲ့တယ် ညို။ ဒါတောင် ဆက်ရှာရင် အများကြီး တွေ့ဦးမှာ။ မိုးစက်ကလေးတွေ ကျလာလို့ ပြန်လာခဲ့တာ"

"ဟင်.....မိုးရွာပြီ ဟုတ်လား"

ပြောရင်း တဲထဲမှာ ထိုင်နေရာမှ ဝုန်းခနဲ ထသည်။

"တစ်စက်နှစ်စက် မိုးဖွဲကျတာပါ။ ညို့တော့ ညို့နေတယ်"

ခိုင်ထွန်းစကားကို စောင့်နားမထောင်ဘဲ တဲအပြင်ကို မြေ ထွက်၏။ ပြီးတော့ တောင်တွေဆီကို မျှော်ကြည့်သည်။

"ဟာ....သွားပြီ ခိုင်ထွန်း"

"ဘာလဲ ညို"

"နားထောင်.....နားထောင်"

"ဘာသံလဲ"

"အဲဒါ တောင်ကျရေသံတွေ"

"ဟင်"

"ဟိုတောင်တွေဆီမှာ မိုးတွေမည်းနေတာ တွေ့လား"

"တွေ့တယ်"

"တောင်ပေါ်မှာ မိုးအရမ်း ရွာနေပြီ ခိုင်ထွန်း"





"စောစောက အသံလည်း ကိုယ်တစ်ချက်တစ်ချက် ကြားလိုပဲ၊ အခု ပိုပြီးကျယ်လာတယ်"

"ဟာ....သွားပြီ ခိုင်ထွန်းရေ၊ ညိုက နားထဲမှာ ကက်ဆက်နားကြပ်တပ်ပြီး စာဖတ်နေလိုက်တာ၊ ဘာမှ မသိလိုက်တော့ဘူး"

"နေပါဦး ညို၊ ဘာသွားတာလဲ။ ကိုယ့်ကို ပြောပါဦး"

ညို့မျက်နှာလေးက ငယ်ပြီး ငိုတော့မယောင် ဖြစ်နေတာ ခိုင်ထွန်း သတိထား ဖြစ်မည်ထင်၏။

"တောင်ကျရေတွေ လာနေပြီ ခိုင်ထွန်း။ ခဏလေး ကြာရင် စောစောက ဖြတ်ကူးခဲ့တဲ့ တောင်ကျချောင်းမှာ ရေတွေ ပြည့်နေတော့မှာ။ ဟော..... နားထောင်၊ ရေသံတွေ ကြားနေရပြီ။ ဘယ်လိုလုပ်ရမလဲ၊ ညိုတော့ ငိုချင်လာပြီ"

ထိုစဉ် မိုးဖွဲဖွဲကျလာ၏။ ခိုင်ထွန်းက စက်ဘီးပေါ်မှ စာအုပ်များနှင့် သူ့လွယ်အိတ်ကိုယူပြီး တဲထဲမှာ သွားထားသည်။

"ညို မိုးစက်တွေ များလာပြီ။ တဲထဲဝင်လေ"

မိုးကလည်း သဲကြီးမဲကြီး မရွာသော်လည်း ညို့ပြီး အုံ့ဆိုင်းနေသည်မှာ ပြိုတော့မလိုပင် ထင်ရ၏။

ချောင်းရေစီးသံက တစတစ ကျယ်လောင်ပီပြင်လာပြီပဲ။



www.burmeseclassic.com

"ရေကျမှာ မဟုတ်လား၊ ရေကျတဲ့အထိ စောင့်ရုံပေါ့ ညို"

"ဟိုတောင်တွေဆီမှာလည်း ညှိုမည်းလို့။ ဒီမှာလည်း ဒီလောက် အုံ့နေရင် တောင်ပေါ်ရွာတဲ့မိုးက ပြတ်မှာမဟုတ်ဘူး ခိုင်ထွန်း။ တောင်ပေါ်ရွာတဲ့မိုး မပြတ်ရင် တောင်ကျရေလည်း ဘယ်လိုမှ မပြတ်နိုင်ဘူး။ ညို့အမှားပါ။ ညိုက သတိလစ်သွားတာ။ ခိုင်ထွန်းကို တောစပ်ပို့တုန်းက တောင်တွေဆီ အသေအချာ ကြည့်မိသေးတယ်။ ကြည်လင်နေလို့ စိတ်ချလက်ချနေလိုက်မိတာ၊ ဟာ.....ဒုက္ခပါပဲ"

"ကဲ.....ညို၊ လာ.....ထိုင်၊ ဖြစ်ပြီးတဲ့ကိစ္စကို ဘာမှ မတတ်နိုင်တော့တာ။ ကိုယ်တို့ 'ရွေးချယ်စရာက ရေအကျ စောင့်ဖို့ တစ်နည်းပဲ ရှိတော့တာ"

ညိုညိုဦးက သက်ပြင်းကို ချရင်း စိတ်မသက်မသာနှင့် တဲထဲသို့ ဝင်ထိုင်လိုက်မိသည်။

မေမေတို့ ဘယ်လောက် စိတ်ပူနေမည်လဲ အတွေးက ရင်ကို ဗလောင်ဆူစေပြန်၏။



(၁၂)

အုံ့နေသော မိုးသည် ကျိုးတိုးကျဲတဲဖွဲမိုးနှယ် ရွာနေသော်လည်း မိုးအမှောင်အညို့က မကျ။ မကြာမီ သဲကြီးမဲကြီး ရွာချတော့မည့် ဟန်ပင်။ ညအမှောင်နှင့် မိုးအမှောင်က ရောပြီး ပတ်ဝန်းကျင်မှာ အလင်းရောင် မှေးပြီ။

"ဒီမိုးနဲ့ ရေတွေ လျှံမလား မသိဘူး။ ရေလျှံရင်တော့ ဒုက္ခပဲ။ နှစ်ရက်သုံးရက် မကျတော့ဘူး"

လက်မှ နာရီကို ကြည့်ရင်း ညိုညိုဦး ပြောသည်။

"မေမေတို့တော့ အရမ်း စိတ်ပူနေတော့မှာ"

"မြို့နဲ့ အဆက်အသွယ် ရနိုင်တဲ့နည်းလမ်း ဘာရှိသေးလဲ"

"ဘာမှကို မရှိဘူး ခိုင်ထွန်း၊ သေချာတာတစ်ခုက ဒီည



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ချောင်းဖြတ်ကူးလို့ မရတော့ဘူး ဆိုတာပဲ”

ဘာမှ ပြန်မပြောတော့ဘဲ နိုင်ထွန်းက တဲအပြင်က မိုးစက်ကလေးတွေကို ငေးကြည့်နေတာ တွေ့သည်။

❦ ❦ ❦



## (၁၃)

အမှောင်ထုက တစစဖြင့် လွှမ်းမိုးလာပြီတည်း။ ရှေ့ခပ်လှမ်းလှမ်းကိုသာ ဝိုးတဝါး မြင်နိုင်တော့ပြီး မျှော်အကြည့်မှာ ဘာကိုမှ မတွေ့နိုင်တော့။ ခြင်သံတွေ တဝီဝီ ကြားနေရပြီ။

မိုးစက်တွေကလည်း စွေမိုးနယ် မပြတ်။ ချောင်းထဲက ရေစီးသံတွေ၊ ကမ်းပါးပြိုသံတွေက သဲသဲကွဲကွဲ။

“ညို”

“ဟင်”

ငေးရီနေသော ညိုညိုဦးက နိုင်ထွန်းအသံကြောင့် နိုင်ထွန်းကို လှည့်ကြည့်သည်။

“ကိုယ် ညို့ကို တစ်ခုပြောမယ်နော်။ ညိုနဲ့ကိုယ်တို့ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဒီတစ်ညတော့ ဒီမှာပဲ နေကြရတော့မှာ။ ဒီထက် မိုးပိုပြီး သည်းမလာပါစေနဲ့ ဆုတောင်းရမှာပဲ။ မိုးသဲသဲမဲမဲသာ ရွာချရင်တော့ ဒီတဲကလဲ လုံမှာ မဟုတ်ဘူး။ ဒီအခြေအနေလောက်ဆိုရင်တော့ မဆိုးဘူး"

"ဒီလိုပဲ တဖျောက်ဖျောက် လုပ်နေတော့မယ် ထင်တယ်"

"ကိုယ်ပြောချင်တာက အခုလို အခြေအနေမျိုးမှာ ညိုက ကိုယ့်ကို ယုံကြည်စိတ်ချနေဖို့ပဲလေ"

ညိုက ခိုင်ထွန်းကို စူးစိုက်ကြည့်ရင်း နားစွင့်ထားသည်။

"ညို ကိုယ့်ကို အစ်ကိုအရင်း၊ ရဲဘော်ရဲဘက် တစ်ယောက်လို ယုံစေချင်ပါတယ်။ ညို့စိတ်ထဲမှာ ငယ်ပေါင်းကြီးဖော်လဲ မဟုတ်တဲ့ သူငယ်ချင်းမို့ အယုံအကြည် မနည်းစေချင်ဘူးလေ"

"ညို ခိုင်ထွန်းကို မယုံကြည်ရင် ဒီနေရာအထိ မလာခဲ့ပါဘူး"

"ညို့စိတ်ထဲမှာ ပိုပြီး လုံခြုံမှုရှိအောင် ကိုယ် ထပ်သတိပေးနေမိတာပါ ညို။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ဘယ်လိုမှ ကိုယ်ဖန်တီးလို့ မရနိုင်တဲ့ အခြေအနေမှာ အကောင်းကိုပဲ တွေးမိတယ်။ ညိုနဲ့ ကိုယ်နဲ့အတွက် တစ်ဘဝလုံး ဘယ်လိုမှ မေ့မရနိုင်မဲ့ အဖြစ်အပျက် တစ်ခုကို အလိုလို ရခွင့်ကြုံခဲ့တာပဲလို့လေ"





"ညို ခိုင်ထွန်းအတွက် စိတ်အနှောင့်အယှက် မဖြစ်မိဘူး။ ညို တွေးပူနေတာက ညို့ အိမ်က လူတွေပဲ။ သူတို့ ဒီလောက်ဆို ရှာများနေကြပြီ"

"ကိုယ်တို့ ဒီဘက် ထွက်လာကြတာတော့ ဘယ်သူမှ မသိဘူးနော်"

"ဘယ်သူကမှလဲ ဒီနေရာ လာကြမယ် ထင်မှာ မဟုတ်ဘူး ခိုင်ထွန်း။ ညိုတို့လို ရူးတဲ့သူတွေပဲ ဒီနေရာ ရောက်လာကြတာ။ ကြည့်ပါလား၊ လူဆို တစ်ယောက်မှ မတွေ့ရဘူး။ မနက်ခင်းပိုင်းမှာ လုပ်ငန်းခွင်လာတဲ့သူ ရှိချင်ရှိမယ်။ ညနေဘက်ဆို ဘယ်သူမှ မရှိဘူး"

ညို့မျက်နှာရှေ့မှာ တဝဲဝဲနှင့် ရစ်ဝဲနေသည့် ခြင်ကို ခိုင်ထွန်းက လက်ဖြင့် မောင်းသည်။

"ဖြစ်ချင်တာဖြစ်၊ ထင်ချင်ရာထင်တော့ မတတ်နိုင်ဘူး။ ကိုယ် ဘာမှ လုပ်လို့ မရနိုင်တော့တဲ့ပဟာ၊ အရေးထဲ ဗိုက်ဆာလာပြီ"

"ဒီလိုဖြစ်မှန်းသိရင် လက်ဖက်ရည်ဆိုင်က ပါဆယ် ယူလာခဲ့ပါတယ်နော် ညို"

"အရေးထဲမှာ ခိုင်ထွန်းက နောက်နေနိုင်သေးတယ်"

"ညို ဗိုက်ဆာတာ မေ့သွားအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ညိုက ဘာမှ ပြန်မပြောတော့။

"ညို"

"ဟင်"

"စာအုပ်တွေ ခေါင်းအုံးပြီး လှဲအိပ်နေလိုက်ပါလား၊ ကိုယ် ဒီမှာ ထိုင်နေပါ့မယ်"

"ညောင်းမှ သွားလှဲတော့မယ်"

"ညို"

"ဟင်"

"ရှူးရှူးပေါက်ချင်လဲ ပြောနော်၊ အပြင် လိုက်ပို့မယ်"

"ဟာ.....နိုင်ထွန်းက ဘာတွေပြောနေတာလဲ။ ညို ရှက်လာပြီ"

"အလကားပါ ညိုရယ်၊ ညို စိတ်ပူပြီး နေတဲ့ဒေသာက မေ့သွားအောင်လို့ စတာပါ"

"မထူးပါဘူး နိုင်ထွန်းရယ်၊ ကံတရားအတိုင်းပဲပေါ့။ ညိုလဲ သိပ်တွေးပူမနေတော့ပါဘူး။ ဘာပြောပြော နိုင်ထွန်းလိုပဲ အကောင်းကို ဆွဲတွေးယူရမယ်ဆိုရင် နိုင်ထွန်းရဲ့ ယောကျ်ားပီသတဲ့၊ မြင့်မြတ်တဲ့ စိတ်သဘောကို နားလည်ခွင့်ရတာ အမြတ်တစ်ခုလို့ပဲ တွက်လိုက်မယ်"





"တကယ် ယုံသွားပြီပေါ့"

"ယုံသွားပြီလေ"

"မယုံနဲ့ဦးလေ၊ မိုးမှ မလင်းသေးတာ"

"ဟာ.....ခိုင်ထွန်းကလဲ"

"နောက်တာနော်.....ညို"

ညို မျက်စောင်းထိုးလိုက်သော်လည်း ခိုင်ထွန်းက အမှောင်ထဲမှာမို့ မြင်လိုက်မည် မထင်။

ခဏတော့ ဒုက္ခသောကကို သူတို့နှစ်ယောက် မေ့နေကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

တောစပ်ဆီမှ တီရစ္ဆာန်တို့၏အသံကို ရံဖန်ရံခါ ကြားနေရ
ည်။ ပရစ်အော်သံ၊ ဖားအော်သံက တဲလေးအနီးမှ ဖြစ်လေမလား၊
ှင်းဆီမှလည်း ရေစီးသံ၊ ကမ်းပါးပြိုသံတွေက တိတ်ဆိတ်မှုကြောင့်
း ကျယ်လောင်လာသလို။

ညိုညိုဦးဆီက အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရခိုက်
အိပ်ပျော်နေပြီကို သိလိုက်သည်။ ခြင်တွေကိုက်နေတော့မှာပဲ
ရင်း ညို့အနားကို တိုးသွားလိုက်မိ၏။ ပိဘိကလေးတစ်ဦးနှယ်
ါမောကျနေဟန်တူသော ညို့ကို ဝိုးတဝါးသာ မြင်ရပြန်သည်။

ခိုင်ထွန်းက သူ့ရုပ်အင်္ကျီကို ချွတ်လိုက်၏။ ပြီးတော့ ညို့
ယ်ပေါ်မှာ လွှမ်းတင်ပေးလိုက်သည်။ စွပ်ကျယ်ချိုင်းပြတ်သာ
ယ်မှာ ကျန်တော့သည်မို့ လေအဝှေ့မှာ စိမ့်ခနဲ ဖြစ်သွားအောင်
သည်။ ခြင်ကိုက်လို့ လှုပ်ရှားလိုက်သည်လား မသိ။ ညို့ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေပေါ်မှ အောက်ကို ကျလာ၏။ ခိုင်ထွန်းက ညို့ခေါင်း
မ,ပြီး သူ့ပေါင်ပေါ် တင်ပေးလိုက်သည်။ ပြီးတော့ စာအုပ်တစ်
ကိုယူပြီး ခြင်တွေကို ရမ်းပေးနေလိုက်မိသည်။

အိပ်မပျော်သော်လည်း မျက်စိကို မှိတ်ထားရင်း တစ်
အငိုက်မှာ လက်မှ စာအုပ်က လွတ်ကျသွား၏။ စာအုပ်က
ကိုယ်ပေါ် ကျသွားသည်။ စာအုပ်ကို ပြန်ကောက်ယူစဉ် ညို့ လ
သွားပုံရ၏။

"ဟင်.....ခိုင်ထွန်း"

"အိပ်လေ.....ညို့.....အိပ်"

"နင့်ပေါင်ပေါ်မှာ ငါက အိပ်နေတော့ နင် ညောင်းနေမှာ

"ရတယ်"

"ဒါ ဘာလဲ"

"ဘယ်ဟာလဲ"

"ငါ့ကို ခြုံထားပေးတာ"

"ငါ့ရှပ်အင်္ကျီလေ၊ နင့်ကို ခြင်တွေ ကိုက်မှာစိုးလို့"

"နင် အေးနေမှာပေါ့"

"ဈွပ်ကျယ် ရှိတာပဲ"





"ပြန်ဝတ်ထားလေ၊ အအေးမိနေမယ်"

"ဖြစ်ပါတယ်၊ မိုးလင်းခါနီးပြီ ထင်တယ်"

"ရေသံ တိုးသွားပြီဟ၊ ရေကျနေပြီ၊ အပြင်မှာ မိုးရွာနေသေး
လား"

"အသံမကြားတော့ဘူး"

"မနက်လောက်ဆို ချောင်းကူးလို့ ရနိုင်မယ် ထင်တယ်"

"မိုးတွေ ထပ်ရွာပြီး ရေတွေ ထပ်လာရင်....."

"ဟဲ့.....ခိုင်ထွန်းရယ်၊ မပြောကောင်းပြောကောင်း"

"ကိုယ်နဲ့ညို့ ဒီဘက်မှာ အကြာပြီး ပိုနေရတာပေါ့"

"ဟင်....."

"ဟုတ်တယ်လေ၊ ဟိုဘက်ရောက်ရင် ခွဲရမှာ"

"ခိုင်ထွန်းရယ်....."

ခိုင်ထွန်း၏ သက်ပြင်းချသံကို ညိုညိုဦးက ကြားလိုက်နိုင်၏။
ကားပြတ်သွားစဉ် တောစပ်ဆီမှ ငှက်တို့၏ အတောင်ခတ်သံ
ကြားလိုက်နိုင်သည်ပဲ။ တိရစ္ဆာန်တို့၏လှုပ်ရှားပြေးလွှားသံတို့လည်း
၍ ပီသများပြားလာသလို။

မကြာမီ အလင်းရောင် လာတော့မည် ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အလင်းရောင် မြင်ရသည်နှင့် သူတို့နှစ်ဦး ချောင်းဆိ ရောက်အောင် လာခဲ့ကြသည်။ မိုးကလည်း ပြတ်သွားပြီး ကောင်းကင်က ကြည်စင်နေပြီ။ ချောင်းရောက်တော့ ရေက စပ်စပ်သာ ကျန်တော့ သည်ပဲ။ ညက တဟဲဟဲ အော်မြည်စီးဆင်းကာ ဒေါမာန်ထနေသည့် ချောင်းရေတို့သည် ဘယ်ရောက်ကုန်ပြီ မသိတော့။

ချောင်းဝန်းကျင်မှာတော့ ထင်းတုံးတို အပိုင်းအစတွေ၊ အမှိုက် သရိုက်တွေ၊ ဒိုက်သရောတွေ တင်ကျန်နေခဲ့သည်။

နွားသိုးကြိုးပြတ်နှယ်။ ချောင်းကလေးသည် အနုတော့ ပုဝါ ပါးလေးကို ချထားသည့်နှယ် ဖြစ်သွားပါရောလား။

ရေထဲမှာ စက်ဘီးတွေကို တွန်းရင်း ဖြတ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်ရောက်တော့ အရှေ့မှာ နေလုံးနီနီ မြင်ရပြီ

"နိုင်ထွန်း"

"ညို"

"မြို့ထဲကို အတူမဝင်တာ ကောင်းမယ်။ မြို့ထဲ ဝင်တာနဲ့ နိုင်ထွန်းက အလာက လမ်းအတိုင်း ဆက်သွား။ ညိုက မြို့ပတ် လမ်းဘက်က ပတ်ပြီး ဝင်မယ် ဟုတ်လား"

နိုင်ထွန်းက ခေါင်းညိတ်ပြလိုက်၏။

"သွားမယ် နိုင်ထွန်း"

လမ်းအခွဲမှာ ညိုက နှုတ်ဆက်သည်။ နိုင်ထွန်းနှုတ်မှ စကားသံ ထွက်မလာ။

အကြည့်ဆုံစဉ် ခဏမှာ စကားပေါင်းများစွာကို သူတို့ ပြောလိုက်နိုင်ကြပါသလား။

❦ ❦ ❦



(၁၆)

အိမ်ထဲအဝင်မှာ မေမေက ပြေးလာပြီး ပွေ့ဖက် ငိုသည်။ မေငိုတော့ မေမေ့ကိုဖက်ပြီး ညိုညိုဦးလည်း ရှိုက်ကြီးတငင် ငိုတော့သည်။ မေမေက ညှော်ခန်းထဲခေါ်သွားပြီး နှစ်ယောက်ထိုင် ကုတင်ပေါ်မှာ ထိုင်လိုက်၏။ ပြီးတော့ နဖူးဆံစတို့ကို သပ်တင် ရင်း ပါးမှ မျက်ရည်စတို့ကို လက်ဖဝါးဖြင့် သုတ်သည်။ ငိုသည်တော့မှ ပိုဝမ်းနည်းသွားသလို ခံစားရပြီး မေမေ့ရင်ခွင်မှာ ခေါင်းထိုးပြီး မေမေ့ကို ဖက်ကာ အားပါးတရ ငိုချမိပြန်တော့သည်။

တသိမ့်သိမ့် တုန်နေသော ကျောပြင်ကို လက်ဖြင့်သပ်ရင်း–

"မိုက်လိုက်တာ သမီးရယ်၊ သမီး ဒီအထိ မိုက်မယ်မထင် ဘူး"

ဟု မေမေနှုတ်မှ တဖွဖွ ထွက်သည်။

"မဟုတ်ဘူး မေမေ၊ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားကို မဆက်နိုင်။ ရှိုက်သံက ထွက်လာ၏။

"ညည်းအမေ ဘယ်လောက် ဒေါသထွက်နေတယ် ထင်ထ

ကြိုက်စရာရှားလို့ ဘာမှန်းမသိ ညာမှန်းမသိတဲ့ သူစိမ်းကိုမှ

သူ့ဦးလေး အုန်းထွန်းဆိုတာလဲ ဒီမြို့မှာ တကယ့် ရာဇဝင်လူဆိုး"

မေမေ့စကား မဆုံးခင် မေမေ့ရင်ခွင်မှ မျက်နှာကို ခွါသည်

ပြီးတော့ ကိုယ်ကို မတ်၏။ မျက်ရည်ကို သိမ်းသည်။

"မေမေ ပြောနေတာတွေ မဟုတ်ဘူး။ တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် ညည်းက ဘယ်သူနဲ့လိုက်သွားတာလဲ။ ညည်းရဲ့

အဲဒီကလေး ဘယ်သူလဲ ညှော်သည်ကောင်လေးနဲ့ လက်ဖက်ရည်

ဆိုင်ထဲ ဝင်သွားတာ၊ ထွက်သွားတာ တွေ့တဲ့သူတွေ အများကြီး

တစ်မြို့လုံးက ဒီကောင်လေးနဲ့ ခိုးသွားကြတယ် ပြောတာပဲ"

"တစ်မြို့လုံးက....."

"ဟုတ်တယ်၊ မြို့လေးက ကျဉ်းကျဉ်းလေး။ ဒီမနက်ဆို

ဒီသတင်း တစ်မြို့လုံး ပျံ့ပြီ။ ညက အုန်းထွန်းအိမ်ကို မေမေ

ရောက်တော့ အုန်းထွန်းကလဲ သူ့တူ အိမ်ပြန်မလာဘူး ဝန်ခံတာပဲ။

အုန်းထွန်းတို့ရပ်ကွက်ကနေ တစ်မြို့လုံး ပျံ့မှာပဲ"

"ညည်းသူငယ်ချင်း အေးအေးက တမာရိပ် သွားမေးပါလား





ဆိုလို့ တမာရိပ်လဲရောက်ရော ညည်းတို့ ဒီဆိုင်က ထွက်သွားကြတာ လို့ ပြောတယ်။ ဒီမှာနော်.....မိညို .....ညည်းကောင်ကို အိမ်လာ တောင်းဖို့ ချိန်းခဲ့တယ် မဟုတ်လား။ ပြန်အပ်ဖို့လေ။ ငါ အပြတ် ပြောလိုက်မယ်။ သဘောမတူဘူး။ ညကတည်းက ညည်းအမေ မှာတဲ့အတိုင်း ငါ အုန်းထွန်းကို ပြောခဲ့ပြီးသား။ဒီညနေမှ ပြန်မအပ်ရင် မနက်ဖြန် သွေးဆောင်ဖြားယောင်းမှုနဲ့ အမှုဖွင့်မယ်ဆိုတာ"

"မေမေရယ်၊ သမီးပြောတာ နားထောင်ပါဦး။ သမီးနဲ့ နိုင်ထွန်း ခိုးရာလိုက်ပြေးကြတာ မဟုတ်ပါဘူး။ ခိုးရာလိုက်ပြေးရင် ဒီမနက် ဘာလို့ အိမ်ပြန်လာမှာလဲ"

"ညည်းကို အိမ်ပြန်လွှတ်လိုက်ပြီး လူကြီးတွေနဲ့ လာအပ်မလို့ မဟုတ်လား"

"ဟာ.....အမေကလဲ သမီးပြောတာ နားထောင်ပါဦး၊ ဆို့မကာ ချောင်း တစ်ဖက်ကမ်းရောက်ပြီး ရေကျချိန်နဲ့ တိုးတော့ ပြန်လို့ မရတာ"

"ဘာ"

ညကအဖြစ်အပျက်တွေအားလုံးကို ညီညီဦးက မေမေ့အား ပြောပြလိုက်မိတော့သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"တကယ်ပြောနေတာလား သမီးရယ်"

မေမေစကားမှာ သံသယရှိနေသေးကြောင်း ညို သိသည်။

"ဪ....မေမေရယ်။ သမီးနဲ့ ခိုင်ထွန်းက သူငယ်ချင်းပါပဲ။ ညကတစ်ညလုံးလဲ သူ့ခမျာ မအိပ်ဘဲ သမီးကို ခြင်မောင်းပေးနေတာ။ သမီးကို လက်ဖျားနဲ့တောင် မထိခဲ့ပါဘူး မေမေ။ သမီးပြောတာ ယုံပါ။ မေမေ မယုံရင် သမီး သစ္စာရေ သောက်ပြရဲပါတယ်"

"သမီးလေးရယ်"

"သမီးကို ကိုယ်ထိလက်ရောက် ပြစ်မှားဖို့ နေနေသာသာ နှုတ်နဲ့တောင် ချစ်စကား မဆိုဘဲ စောင့်စည်းနိုင်တဲ့ ယောကျ်ားပါ မေမေ။ ယောကျ်ားအများစုက စိတ်ထဲက မချစ်ရင်တောင်မှ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးမျိုးရရင် အနည်းဆုံး ချစ်ရေးဆိုပြီး သိမ်းသွင်းကြည့်ကြမှာပါပဲ။ နိုင်ထွန်းဟာ အဲဒီလို ယောကျ်ားမျိုး မဟုတ်ဘူး မေမေ"

"ဒါပေမဲ့ သမီးရယ်၊ အဲဒါတွေကို ဘယ်သူက ယုံမှာလဲ"

"တစ်မြို့လုံးလဲ သမီးက လိုက်ရှင်းပြနေစရာ မလိုပါဘူးမေမေ။ မေမေတို့ ဖေဖေတို့ ယုံရင်ပြီးတာပဲ။ ကျန်တဲ့လူတွေ သမီး ဂရုမစိုက်ပါဘူး။

"လူဆိုတာ ပတ်ဝန်းကျင် ရှိတယ် သမီး။ ပတ်ဝန်းကျင်ကတော့ သမီးတို့ တစ်ည ခိုးရာလိုက်ပြေးကြတယ်။ အိမ်က ပြန်သိမ်းပြီး ခွဲလိုက်တယ်။ ဒီလိုပဲ ပျံ့သွားတော့မှာ"

"မတတ်နိုင်ဘူး မေမေ။ သမီးကတော့ ခါတိုင်းလိုပဲ နိုင်ထွန်းနဲ့ စာကြည့်တိုက်ဆုံ၊ လက်ဖက်ရည်ဆိုင်ထိုင် လုပ်မှာပဲ။ ဒါဆို သူတို့ ပြောကြတာ မဟုတ်ဘူးလို့ သဘောပေါက်သွားကြမှာပေါ့"

"ဟဲ့.....အဲဒီတော့မှ သဘောတူထားတယ် ပြောကြဦးမှာ"

"မသိဘူး မေမေ၊ မေမေ အနေ သမီးကို ယုံပြီလား"

"ယုံပါတယ် သမီးရယ်"

"ဖေဖေ့ကို ပြောပြပေးဦး မေမေ"

"အေး.....အေး၊ သွား.....ရေမိုးချိုး၊ အနားယူလိုက်ဦး"





ညီညီဦးနှင့် မေမေ အတူရပ်လိုက်၏။

မေမေက ညီညီဦး၏ နဖူးဆံစကို သပ်တင်ရင်း နဖူးကို ငုံ့နမ်းသည်။

မနက်စောစော တဲကအထွက် 'ညီ' ဟု ခေါ်လို့ မျက်နှာချင်းဆိုင်ဆုံနိုက် သူမ၏ နဖူးဆံစကို ခပ်ဖွဖွ ငုံ့နမ်းလိုက်သော နိုင်ထွန်း၏ အပြုအမူကို ဖျတ်ခနဲ ပြန်သတိရရင်း ရင်တွင်းမှာ လှိုက်ခနဲ ဖြစ်ရပြန်သည်ပဲ။

သည်အချိန်မှာ နိုင်ထွန်းကိုလည်း သူ့ဦးလေးက ဆူနေလောက်ပြီ အတွေးရောက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ဘယ်သွားဦးမှာလဲ သမီး"

ညနေဘက် စက်ဘီးကို ဆွဲစဉ် မေမေက မေးသည်။ မေမေ ညို့ကို အရိပ်တကြည့်ကြည့်နှင့် နေသည်ကို သတိထားဖြစ်သည်ပဲ။

"စာကြည့်တိုက်ကို မေမေ"

"သမီးရယ်၊ တစ်ရက်တလေများ မသွားဘဲ နေပါရောလား"

"ဘာဖြစ်လို့လဲ မေမေ"

"ဘာဖြစ်ရမှာလဲ။ ဒီမနက် ဈေးထဲမှာ သမီးတို့သတင်းကို လူတိုင်း ပြောနေကြပြီတဲ့။ ဈေးဝယ်သွားတဲ့ ညည်းအဒေါ်ကို မေးကြည့်ပါလား"

"ကိုယ်မှ မဟုတ်တာ မေမေကလဲ။ ပြောချင်တာ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပစေပေါ့"

"ညည်းက တော်တော်ခေါင်းမာတာပဲ ညို"

"အိမ်တွင်းအောင်းနေရင် သူတို့ပြောသလို ပိုထင်ကြမှာပေါ့"

"စာကြည့်တိုက်မှာ ညည်းကောင်နဲ့ ဆုံဦးမှာ။ ပြီးတော့ လက်ဖက်ရည်ဆိုင် သွားဦးမှာ။ အဲဒါမှ ပိုဆိုးကုန်မယ် မိညို"

"လက်ဖက်ရည်ဆိုင် သွားမထိုင်ဘူး မေမေ။ သမီး ကတိပေးပါတယ်"

"တော်တော်အပြောရ ခက်တာပဲ"

"သမီးကို ယုံပါ မေမေ"

"ညည်းကို ယုံတယ်။ တစ္ဆတ်ထိုး လုပ်တတ်တာလဲသိတယ်။ ငါက ညည်းကို မွေးထားတာပါ မိညို"

"သမီးသွားမယ် မေမေ။ ခဏလေးနော် ခဏလေးပါ"

ပြောရင်း အိမ်ထဲမှ ထွက်လာခဲ့၏။

* * *

လက်မှ နာရီကို ကြည့်မိသေး၏။

အိမ်နှင့် အလှမ်းမဝေးလှသော စာကြည့်တိုက်သည် ခါတိုင်းထက်ပို၍ ဝေးကွာသော ခရီးတစ်ခုနှယ်။ စိတ်စောပြီး ရောက်လို





တ်ကြောင့် ခရီးက ပို၍ ကွာဝေးကြန့်ကြာနေသလို။

စာကြည့်တိုက်မှာ ခိုင်ထွန်း သူ့ကို စောင့်နေတော့မည်ပဲ တွေးသည်။ စာအုပ်ငှားရင်း စကားနည်းနည်းပြောကာ လက်ဖက် ည်ဆိုင် မသွားဘဲ အိမ်ပြန်မည် စဉ်းစား၏။ ညက မေမေတို့ င်ထွန်းဦးလေးအိမ်သွားပြီး တရားစွဲမည် ဘာညာ ပြောဆိုခဲ့တာ တွေအတွက် တောင်းပန်စကား ဆိုရမည်။ သည်ကိစ္စတွေအတွက် င်ထွန်းကို ညို အားတောင့်အားနာ ဖြစ်နေမိသည်မှာ အမှန်။ ည်မြို့ကလေးမှာတော့ မြို့မျက်နှာဖုံးလို ဖြစ်နေသော ညို့မိဘတွေကို င်ထွန်း အထင်လွဲပြီး မောက်မာသည်ဟု ထင်မှာ စိုးသည်။

ခိုင်ထွန်း၏မျက်ဝန်းထဲမှ မေတ္တာရိပ်ကို ညို တွေ့သည်။ င်ထွန်း၏အပြုအမူတွေထဲမှာ အကြင်နာတရားကို ညိုခံစားနားလည် သည်။ သက်ပြင်းချသံထဲက ဘာသာစကားကိုပင် ညို့ နှလုံးသားက ားနေနိုင်သလို။ နဖူးပြင်ပေါ် ကျလာသည့် ဆံပင်ဖွာဖွာ အသန့်စင်ဆုံး နမ်းသည်ပင် ရင်ထဲမှာ အနက်ရှိုင်းဆုံး ဒဏ်ရာတစ်ခုကို ဖြစ်စေပြန် ါသလား။

ထိုညက နှုတ်ဖြင့် မေတ္တာစကား မဆိုသည်ကပင် ခိုင်ထွန်းကို ပီး အထင်ကြီး လေးစားစရာ ဖြစ်လာသလို။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးကို ရနိုက် ရသလို ယူမည် ဆိုသည့် စိတ်ဓါတ် မရှိသည့် ယောက်ျားဟု နားလည်သွားမိသည်။ သည်အချိန်မှာ ဖွင့်ဟခြင်းဖြင့် သူ့မေတ္တာကို အခွင့်အရေးယူခြင်းနှင့် ရောထွေးမသွားမိအောင် ထိန်းသိမ်းသည်လို့ပဲ သဘောပေါက်သည်။

ကိုယ်၊ နှုတ်၊ အမူအရာကို ထိန်းသိမ်းနိုင်စွမ်းရှိသော်ငြား နှလုံးသားက ခံစားမှုက မျက်ဝန်းမှတစ်ဆင့် ပေါ်နေသည်ကို ညီ သိသည်ပဲလေ။

စာကြည့်တိုက်ရှေ့မှာ စက်ဘီးရပ်၊ သော့ခတ်စဉ် စာကြည့် တိုက်ထဲအကြည့် ဝေ့၏။ စားပွဲမှာ ထိုင်နေသော ဆရာကြီးကိုသာ တွေ့သည်။ စာအုပ်စင်တန်းတွေဆီမှာလည်း လူတစ်ဦးမျှ မမြင်။ နိုင်ထွန်း လာပြီး ပြန်သွားပြီလား တွေးမိသေး၏။

"ဆရာကြီး"

"ဟဲ့.....မိညို"

"နိုင်ထွန်း လာသွားပြီလား၊ ဆရာကြီး"

"နိုင်ထွန်း ငါနဲ့တောင် မတွေ့လိုက်ရဘူး"

"ရှင်"

"နိုင်ထွန်း သူ့မြို့ ပြန်သွားပြီ။ ဒီမနက် အစောကြီး





ပြန်သွားတာတဲ့"

"ဆရာကြီးကို....."

ဝမ်းနည်းကြေကွဲစိတ်က တလှိုက်လှိုက်တက်လာရင်း စကား ဆက်ပြန်။

"မောင်နိုင်ထွန်းကို ကားပေါ် လိုက်တင်ပေးပြီးတော့ သူ့ ...လေးအုန်းထွန်း ငါ့ဆီ ရောက်လာတယ်။ စာအုပ်တွေ လာပေး ...နဲ့ မောင်နိုင်ထွန်းက နှုတ်ဆက်တဲ့အကြောင်း ပြောပေးပါဆိုလို့ ...ပြောတာတဲ့"

အောက်နှုတ်ခမ်းကို ဖိကိုက်ထားရင်း လည်ချောင်းမျက်ရည်ကို ...အောင် ထိန်းသည်။

"ညည်းတို့အကြောင်းလဲ အုန်းထွန်းက ငါ့ကို ပြောပြလို့ ...လိုက်ရတယ်။ ဘာဖြစ်ဖြစ် အုန်းထွန်းတို့က ညည်းမိဘတွေကို ...မ်းလန့်နေကြတယ်။ ညက တရားစွဲမယ်၊ အမှုဖွင့်မယ်တွေ ...တွေ ပြောသွားကြတော့ အကြောက်လွန်ပြီး မောင်နိုင်ထွန်းကို ... ချက်ချင်းပြန်ပို့လိုက်တာတဲ့။ နေပါဦး.....ညည်းအိမ် အခြေ ...က ဘယ်လိုလဲ။ အမှုတွေဘာတွေ ဖွင့်ဦးမှာတဲ့လား"

"ဟာ.....ဆရာကြီးရယ်.....ဘာမှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်.....အေးအေးဆေးဆေး ကောင်းပါတယ် အကျယ်ချဲ့ချင်တဲ့ မိဘဆိုရင်တော့ အမှုဖွင့်၊ တရားစွဲဘာညာ လုပ်လို့တော့ ရတာပေါ့။ ညည်းလဲ ဝတ္ထုတွေ ဘာတွေထဲ တွေ့ဖူးဖတ်ဖူးမှာပေါ့။ မိန်းကလေးက မိဘကြောက်ပြီး ဟုတ်ပါတယ် ကျွန်မကို ခြိမ်းခြောက်ပြီး ခေါ်သွားတာပါလို့ တရားရုံးမှာ ထွက် တစ်ဖက်သားက ဒုက္ခရောက်မှာလေ။ အုန်းထွန်းတို့က အဲဒီလို အထိ တွေးပြီး ပူပန်ကြောက်ရွံ့နေကြတာ"

"ညို့ကြောင့် တစ်ဖက်သား ဒုက္ခရောက်အောင် မလုပ်ပါ ဆရာကြီးရယ်....."

"မိညိုစိတ်ကို ဆရာကြီး သိပါတယ်။ ဟိုကလေး ယဉ်ကျေးပြီး ယောကျာ်းပီသစိတ်ကိုလည်း ဆရာကြီး ခန့်မှန်း တယ်။ ဒါပေမဲ့ မိညိုရေ.....လူတွေပါးစပ်ဆိုတာကတော့ ထင်တာ ပြောကြမှာပဲ။ အဲဒါတော့ လောလောဆယ် ညည်းခံရမယ်။ သမီး ဈေးထဲက ပြန်လာတော့ ညည်းနဲ့ မောင်ခိုင်ထွန်း ခိုးပြေး ကြတယ်ဆို သတင်းကို ပြောနေကြပြီတဲ့။ ငါ့ကို ပြန်ပြောပြတယ်လေ"

"ညို ခံနိုင်ရည်ရှိမှာပါ ဆရာကြီး။ ညို့လိပ်ပြာ ညို သန့် တယ်။ သွားမယ် ဆရာကြီးရယ်။ ဒီနေ့တော့ စာအုပ် မငှားတော့ပါ





"အေး.....အေး"

စာကြည့်တိုက်ထဲမှ လှည့်ထွက်လာခဲ့သည်။ စက်ဘီးဆီ ရောက် စက်ဘီးသော့မဖွင့်ခင် ကြွေချင်ချင် မျက်ရည်တစ်ပေါက်က ပါးပေါ် လိမ့်ဆင်းလာလို့ လက်ဖြင့် သိမ်းလိုက်ရ၏။ စက်ဘီးသော့ ဖွင့်ပြီး စာကြည့်တိုက်ထဲက ထွက်ခဲ့၏။

ငါ့ကိုတောင် နှုတ်ဆက်မသွားပါလားဆိုသည့် ခံစားမှုက နှလုံးသားနုနုကို ဓားဖြင့် စိုက်သလို။

သူ့ဦးလေးတွေက ဘယ်လောက်ထိ ကြောက်ပြီး ခြောက်လှန့် ပြောမှန်းမှ မသိတာပဲ။ ဒီမနက်ပဲ အမှုဖွင့်ပြီး ဖမ်းတော့မှာလို့ ဆိုလေမလား။ သူက မကြောက်တောင်မှ သူ့ဦးလေးတွေက အတင်းနှင်လျှင် သူက ပြန်ရမည့် ဧည့်သည်ပေပဲ။ ရင်ထဲမှာ သူ့ဘက်က စာနာစဉ်းစားနေမိပြန်တော့သည်။

ကံတရားက ဒီလောက်အထိသာ တွေ့ဆုံရင်းနှီးခွင့် ပေးလာပါ သတဲ့လားကွယ်.....။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

အချစ်ဆိုတာကို နားမလည်လိုက်ရခင်မှာ အလွမ်း ဆိုတာ ရင်ထဲကို ဘာကြောင့် ရောက်လာရပါသတဲ့လဲ။ ခိုင်ထွန်း ပေးခဲ့သော လိပ်ပြာအသေလေးက သူမ၏ ဒိုင်ယာရီ စာအုပ်ကြားမှာ ရှိနေပြီး ဝေဒနာတို့ကို ရှင်သန်နေစေပြန်သည်ပဲ။

ရုတ်တရက် ခွဲသွားရလို့ လိပ်စာရေးမပေးလိုက်နိုင်သော်လည်း မြို့ကလေးက ကျဉ်းကျဉ်းလေးမို့ သူမ နာမည်နှင့် လမ်းနာမည်ပါလျှင် စာက ရောက်လာနိုင်သည်လေ။ နောက်ဆုံး စာကြည့်တိုက်မှ ဆရာကြီးအမည်နှင့် တစ်ဆင့်ထည့်လျှင်လည်း ရောက်လာနိုင်သည်ပဲ။

စာကြည့်တိုက်ထဲ ရောက်တော့လည်း ခိုင်ထွန်းအရိပ်တွေက နေရာအနှံ့။ ပြောဖြစ်ခဲ့သောစကားတွေက စာအုပ်တွေကြားမှ ပြန်ပြော နေသယောင်။ စာအုပ်တွေကို ဟိုကိုင်ဒီကိုင် ဟိုကြည့်ဒီကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ချင်စိတ် မရှိဘဲ ပြန်လှည့်လာရသောရက်တွေက မနည်း။

မောင်နိုင်ထွန်းဆိုက စာလာသေးသလား ဟု ဆရာကြီး မေးသည့်နေ့က ငိုမချမိအောင် မနည်းကြီး ဟန်ဆောင်တင်းခဲ့ရသည်။

"မလာဘူး ဆရာကြီး"

ဟု ပြန်ဖြေရင်း မျက်နှာညှိုးနွမ်းစွာဖြင့် ဆရာကြီးရှေ့မှ မြန်မြန် ခွာခဲ့ရသည်။ 'တမာရိပ်'ကို ညီတစ်ယောက်တည်း ရောက်ခဲ့ပြန်မှ 'အလွမ်း' ဆိုသည့် ဒုက္ခကို ပို၍နားလည်ခွင့် ရတော့သည်။ သည်မှာ အတူထိုင်ခဲ့တာ၊ သည်စကားတွေ သူ ပြောခဲ့တာ၊ သည်အကြောင်းတွေ သူနှင့်အတူ ငြင်းခုန်ခဲ့တာ အရာရာက အမှတ်တရတွေချည်း.....။

သူ့အရိပ်က အမြင်အာရုံမှ အထပ်ထပ် ထင်သည်။

သူ့အသံက နှလုံးသား၌ အဆက်မပြတ် ကြားစေသည်။

"အစ်မ.....အစ်ကိုကြီး မပါဘူးလား"

စားပွဲထိုးလေး မေးလိုက်သည့်စကားကြောင့် ငိုချင်လျက် လက်တို့ ဆိုသလို ဖြစ်ရပြန်သည်ပဲ။ ခွဲခွာရခြင်း၏ အနှိပ်အစက်ကို ညီခံနေရပြီလေ။

❦ ❦ ❦



(၂၀)

အိမ်မှာ ရှိသမျှ စာအုပ်တွေကို ဖတ်သည်။

အပြင်မထွက်ဘဲ အခန်းအောင်းနေလိုက်၏။ ကျောင်းဖွင့်ဖို့ ရက်တွေမှ မလိုတော့တာ။ ဝေဒနာအလိုလိုလျော့မှာ တွေးရင်းဖြေ၏။ တစ်လကျော်တော့ မာနတရားက အလွမ်းတွေကြားမှာ ခေါင်းပြူလာ တော့သည်။

သူတောင် မေ့မေ့လျော့လျော့ စာမရေးဘဲ နေနိုင်သေးတာ။ ငါက ဘာလို့ သူ့စာ မျှော်နေရမှာလဲဟု စဉ်းစား၏။

တကယ်တန်းတော့ သူနဲ့ငါ သမီးရည်းစားတွေမှ မဟုတ်ခဲ့ ကြတာပဲ။ အတွေးက သူ့ကို အလွမ်းအိပ်မက်မှ တရေးနိုးသွား စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်မချစ်လို့ ငါ့ကို ဖွင့်ဟ မပြောခဲ့တာပဲ။ သူ့မျက်ဝန်းတွေထဲကစကားကို ငါ အဓိပ္ပာယ်ကောက် မှားခဲ့တာပဲ။ သူ့ရင်ခုန်သံကို ငါ့နှလုံးသားက ဘာသာပြန် လွဲခဲ့တာပဲ။

ငါ့ရင်ထဲမှာသာ သူရှိပြီး သူ့ရင်ထဲမှာ ငါ့အရိပ်ကလေးတောင်မှ ထိုးကျနေခွင့် မရှိဘူးထင်ရဲ့။

နာကျဉ်ခြင်းဖြင့် မမုန်းမိသော်လည်း ဖြေသိမ့်ခြင်းဖြင့် မေ့လိုက်ချင်ပြီ။

နေနိုင်ရက်သူဟု မငြူစူမိသော်လည်း နားလည်ခြင်းဖြင့် ခွင့်လွှတ်ချင်ပြီ။

သည်ရက်ထဲမှာပင် ရန်ကုန်တက္ကသိုလ်ပြောင်းဖို့ကိစ္စတွေ အဆင်ပြေပြီဟု ကိုလတ်ထံမှ စာရောက်လာခဲ့၏။ မေမေ့ဆီကို စာတစ်စောင် ညို့ဆီကို စာတစ်စောင် ကိုလတ် ရေးလိုက်သည်။ ကိုလတ်တို့သန်းခေါင်စာရင်းမှာ သူ့အမည်ကို ပထမ ထည့်ရမည် ပြောသည်။ အဲဒီကိစ္စတွေ လုပ်ဖို့ ရန်ကုန်ကို ကြွလာရန် မှာသည်။

"မေမေ၊ ကိုလတ်တို့ အိမ်မှာတော့ သမီး မနေဘူးနော်။ အပြင်မှာ သမီးဘာသာ အဆောင် ငှားနေချင်တယ်"

"သမီးသဘောပဲ။ ကိုလတ်အိမ်မှာလည်း ကိုယ့်အိမ်လို





သမီးနေလို့ ရတဲ့ဟာ"

"ကိုလတ်အမေက သမီးကို သိပ်ကြည့်ရတာ မဟုတ်ဘူး မေမေ။ ငယ်ငယ်ကတည်းက သူ့သားကို နိုင်လို့"

မဆီမဆိုင် ကိုလတ်အကြောင်း ပြောနေရင်း ခိုင်ထွန်းကို သတိတရ ဖြစ်သွားမိသည့်စိတ်ကို ဘာသာမကျေနပ်ချင်ပြန်။

မေမေ ရိပ်မိမသွားအောင် မျက်နှာကို ပြင်လိုက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"မင်းက ဒီနေ့ အခစား မဝင်ဘူးလား"

ခိုင်ထွန်းက ဘုန်းမြင့်ကို မေးလိုက်၏။ ခါတိုင်း တနင်္ဂနွေဆို ဘုန်းမြင့်က ခင်သက်ဆွေဆီ ရောက်နေစမြဲ။

"ခင်သက်ဆွေနဲ့ ညီမ ဈေးသွားကြမလို့တဲ့။ ငါ့ကို ခေါ်တော့ ငါလဲ မလိုက်ချင်တာနဲ့ ဒီနေ့ မလာတော့ဘူး ပြောလိုက်တာ။ လုပ်လေ.....လက်ဖက်ရည်ဆိုင် သွားမယ်"

"မသိပါဘူး၊ မင်း ခင်သက်ဆွေဆီ သွားမှာလားလို့"

"မသွားဘူး၊ လုပ်လုပ်"

ခိုင်ထွန်းက လုံချည်အကျီ လဲသည်။

"လာ.....သွားမယ်"

အဆောင်ပေါ်မှ အတူ ဆင်းလာခဲ့၏။ သူတို့ ထိုင်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က အဆောင်နှင့် မဝေးလှ။ ဆိုင်ထဲရောက်တော့ သောက်နေကျရိုး အထွေအထူး မှာရန် မလို။ ခဏအကြာမှာ စားပွဲထိုးလေးက လက်ဖက်ရည်နှစ်ခွက် လာချပေးသည်။

"ခိုင်ထွန်း၊ ငါ မင်းကို မေးမယ်၊ အမှန်ဖြေ"

"မေးလေ"

"မာလာနဲ့မင်းက ဘယ်လိုလဲ"

"ဟာ....အရှင်းကြီးပဲ"

"မဟုတ်ပါဘူး၊ စက်ထဲမှာတုန်းက မာလာ မင်းကို ချစ်တာ ငါတို့အားလုံး အသိပဲဟာ။ မင်းကလဲ သံယောဇဉ် ရှိတာပဲ"

"အရင် မာလာ မဟုတ်တော့ဘူး ဘုန်းမြင့်"

"ပြောပါဦး"

"ပြောရရင်ကွာ၊ မေတ္တာတွေ၊ သစ္စာတွေထက် ငွေကြေးရဲ့ တန်ဖိုးကို ပိုနားလည်သွားပြီ"

"ငွေနောက် ပါသွားပြီပေါ့"

"အစစ်ပဲ"

"မင်း အိမ်ပြောင်းပေးပြီးမှလား"

"အိမ်ပြောင်းကတည်းက ညှိသည်က ငွေထုတ်ပေးတာကွာ"





"သြော်....."

"သူ့ဆုံးဖြတ်ချက်နဲ့ သူပဲကွာ။ ငါက သူ့ဘေးမှာ ရှိရင် ကို အနည်းနဲ့အများ ထိန်းနိုင်မလားလို့ပါ။ သူက အူတူတူအတတ င်း အသိပဲ။ သူ့ဘဝကိုလဲ ငါတို့ နားလည်တယ်လေ။ အဖေက င်စား အလုပ်သမား၊ လေဖြတ်ထားတယ်။ အမေက ပြုစု၊ မလေးက ကျောင်းတက်၊ သူ့လုပ်စာကို မှီခိုနေရတာ။ ဒါကြောင့် လိုတယ်။ မိဘကို ပြန်ထောက်တယ်။ ငါ လက်ခံနိုင်သေးတယ်။ အဆောင်ကနေ အိမ်ငှားနေချင်ပြီ။ အိမ်ကနေ တိုက်ခန်း ချင်လာတော့မယ်။ နောက် အပိုင် လိုချင်လာမယ်။ သူ့ရှေ့က ယ်သူကတော့ တိုက်ခန်းကို ပြောင်းသွားပြီဆိုတဲ့ အားကျစကားတွေ ားနေရပြီကွ။ မင်း စဉ်းစားကြည့် ဘုန်းမြင့်။ ရေကူးကျွမ်းကျင်လို့ လည်၊ ရေနက်ကို ရောက်အောင် ကူးနိုင်တဲ့သူကို အားကျပြီး က်ထဲ လိုက်ဆင်းရင် ရေနစ်သေမှာပေါ့ကွ။ ရေမကူးတတ်ရင် ပ်မှာပဲ နေဖို့ကောင်းတယ်။ အခု မာလာက ရေနက်ထဲရောက်နေတဲ့ တွေကို အားကျနေပြီလေ"

"သူတို့ဘဝတွေက ရုန်းထွက်နိုင်တဲ့သူ နည်းပါတယ်ကွာ။ ယ်လွယ်ငွေရှာလို့ရတဲ့ ဒဏ်ကို သူတို့ မခံနိုင်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ငါနဲ့ရင်းနှီးတဲ့ ဝိတ်တာတစ်ယောက် ရှိတယ် လက်ဖက်ရည်ဆိုင်ထိုင်ရင်း မာလာ့အကြောင်း ငါ မေးကြည့်တယ် အရင်က မာလာ မဟုတ်တော့ဘူး။ ရာနှုန်းပြည့် ပျက်စီးနေတာ စာရင်တော့ တော်သေးတယ် ဆိုတဲ့အဆင့်ပဲ ကျန်တော့တာ။ သူ ပညာ အတော်စုံနေပြီပေါ့"

"မင်း ပြောတော့ရော....."

"အရာမထင်ပါဘူး။ ဥပမာ လာတဲ့လူတွေအားလုံးရဲ့ စကား ရာနှုန်းပြည့် မယုံနဲ့ဆိုတော့ မဟုတ်ဘူး။ သူ့ကို အိမ်ငှား ညည့်သည်က ရာနှုန်းပြည့် ယုံရတယ်တဲ့။ သူ့အပေါ် သားသမီး သဘောထားပါတယ်တဲ့။ ဒါနဲ့ ငါက စိတ်တိုပြီး သားသမီး သဘောထားပြီး ပုခုံး ဖက်ထားရသလားဆိုတော့ ဒါက အလုပ်သဘော ပါတဲ့။ ရှင်းနေပြီပဲလေ"

"မင်းက ဘယ်လို သိတာလဲ"

"စောစောက ဝိတ်တာ ပြောပြတာပေါ့"

"အားနာမှုနဲ့၊ အလုပ်သဘောဆိုတာနဲ့ မရှောင်မတိမ်း တာနဲ့ပဲ မာလာတော့ နစ်တော့မှာ။ ငါလဲ စိတ်ကုန်လာပြီ၊ သူ့ကိုယ် သူ့ကံပဲလေ"





ရှေ့မှာရှိနေသော လက်ဖက်ရည်အကြမ်းပန်းကန်ထဲသို့ ရေနွေး ကို လောင်းထည့်သည်။

"ထားပါတော့ကွာ၊ ငါ မေးချင်တာက မာလာနဲ့မင်း သမီး ရည်းစား မဟုတ်တာ သေချာပြီပေါ့"

"မင်းကလဲကွာ။ ဒီလောက် ပြောနေတာပဲ။ အခုတော့ သူ ငါ့အပေါ် ထားတယ်ဆိုတဲ့ သံယောဇဉ်တွေ၊ မေတ္တာတွေ ဆိုတာလဲ ဧည့်သည်ရဲ့ငွေလောက် သူ့အတွက် အရေးမကြီးတော့ဘူးလေ"

"ကောင်းပြီ ထားတော့။ ငါ အဓိက ပြောချင်တာ အဲဒါ မဟုတ်ဘူး"

"ဘာလဲ ဘုန်းမြင့်၊ မင်းစကားတွေ ရှုပ်ကုန်ပြီ"

"ညိုနဲ့ကိုလတ် ပြတ်သွားကြတာ မင်း သိပြီးပြီလား"

"ပြတ်သွားပြီလား"

"တကယ်ပြတ်သွားကြပြီ။ ကိုလတ် အဆောင်ကို ဆက်တိုက် လိုက်လာတွေ့ဖို့ ကြိုးစားတယ်။ ညိုက အတွေ့မခံဘူး။ မပတ်သက် တော့ဘူးဆိုတဲ့သဘော စာရေးပေးတယ်တဲ့"

"ဒါကြောင့် အလုပ်ထဲ လာကြိုတာ မတွေ့တာပဲ"

"ညို မင်းကို ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောဘူး"

"ပြောလောက်အောင် မရင်းနှီးလို့လား"

"ဟာ.....မင်းကလဲကွာ၊ မင်းတို့နဲ့ အတူတူပဲပေါ့"

ဟိုးတလောက သိန်းသိန်းတစ်ယောက်က ရှည်းစားနဲ့ပြတ်ရင် ဘာဖြစ်လဲလို့ ဆွေးနွေးကတည်းက ညို့စိတ်ကို ငါ ရိပ်စားမိသားပဲ"

"ဟော့ကောင် စကားမလွှဲနဲ့"

"ဘာလို့လဲကွ"

"ဒီမှာ ခိုင်ထွန်း"

"ပြော"

"ဘာကြောင့် ပြတ်သွားတယ် မင်း ထင်လဲ"

"ဘယ်သိမလဲကွ"

"မင်း တကယ် မသိဘူးလာ"

"ဩော်.....ငါက ဘာလို့ သိရမလဲ"

"မသိရင် ငါ ပြောပြမယ်"

"ပြော"

"မင်းကြောင့်"

"ဘာ.....ဘာကွ"





"ဟုတ်တယ်လေ.....မင်းကြောင့်လေ။ ဒီထက် တိတိကျကျ ပြောရရင် ညိုနဲ့မင်း တစ်ညအိပ် ပျောက်သွားကြတဲ့ကိစ္စကြောင့်။ အဲဒါ မင်းတို့နှစ်ယောက် ခိုးပြေးကြတယ်ဆိုတဲ့သတင်း ကိုလတ်က အစမှ သိပြီး....."

"ဟာကွာ.....စိတ်မကောင်းလိုက်တာ"

ခိုင်ထွန်းမျက်နှာမှာ ဝမ်းနည်းကြေကွဲရိပ်တို့ ဝေတက်လာတာ အထင်အရှား။

"နေပါဦး၊ ဒီအကြောင်းတွေကို....."

"ညိုက ခင်သက်ဆွေကို ရင်ဖွင့်တာ။ ညိုက ဘုန်းမြင့်ကို ပြောချင်လဲ ပြောပြလိုက်ပါ။ သူ့ဘဝမှာ လျှို့ဝှက်ထားစရာ ဘာမှ မရှိပါဘူးဆိုလို့ ငါ့ကို ခင်သက်ဆွေက ပြောပြတာ၊ ရှင်းပြီလား"

"ဒီကိစ္စကို ငါ့ဘဝတစ်သက်တာမှာ ဘယ်သူ့မှ ပြန်မပြောဖို့ ဆုံးဖြတ်ထားခဲ့တာ သူငယ်ချင်း။ ဒါက မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတရားအတွက် ငါ စောင့်စည်းဖို့ လိုမယ်ထင်လို့ပါ"

"အဲဒါကို ညိုလဲ နားလည်ပါတယ်"

"ဘုန်းမြင့်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကိုလတ်ကို တွေ့ပြီး ရှင်းပြပေးရင် ကောင်းမလား"

ဘုန်းမြင့်က ခေါင်းကို ခါရမ်းသည်။

"မလုပ်နဲ့ ခိုင်ထွန်း၊ ညိုကိုယ်တိုင်က ကိုလတ်ကို သူ ရှင်းမပြဘူး။ ရှင်းမပြချင်ဘူးတဲ့။ ကြိုက်သလိုထင်တဲ့။ မင်း ရှင်းပြတော့ရော ကိုလတ်က ယုံမှာလား။ မင်း ကိုလတ်နေရာကနေ စဉ်းစားကြည့်လေ။ မင်းနဲ့ညို ညိုပြီး သူ့ကို ညာနေတာပါလို့ တွေးစရာ မရှိဘူးလား။ မယုံလောက်တာကို မရှင်းတာပဲ ကောင်းတယ် ခိုင်ထွန်း"

"အဲဒီတော့....."

"အဲဒီတော့ တစ်ခုပဲ ရှိတယ်။ မင်းနဲ့ညို အေးအေးဆေးဆေး တွေ့ပြီး စကားပြောစေချင်တယ်။ ငါ ဒီလို တိုက်တွန်းတာ ညို မသိဘူးနော်။ သိရင်လဲ ညို ငါ့ကို စိတ်ဆိုးမှာ"

"ငါ ညို့စိတ်ကို နားလည်ပါတယ်"

"ဒါဆို မင်း ညိုနဲ့ စကားပြောကြည့်ကွာ"

ဆိုင်အပြင်ကို ငေးရီရင်း ခိုင်ထွန်းထံမှ သက်ပြင်းချသံ ပြင်းပြင်းကို ကြားလိုက်ရသည်ပဲ။

❦ ❦ ❦



(၂)

"ညိုနဲ့ ကိုလတ် ပြတ်သွားကြပြီဆို"

နေ့လယ်ဘက် ထမင်းစားရန်အလာမှာ လမ်းဖြတ်ကူးတော့ ခိုင်ထွန်းက မေးသည်။

"ခိုင်ထွန်း ဘာလို့ မေးတာလဲ"

"သေချာအောင်လို့ပါ"

"ဘယ်လို့....."

"ကိုယ်သိရတာ ဘုန်းမြင့်ဆီကလေ။ ညို့ပါးစပ်က ပြောတာ ကြားရင် ပိုသေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလုပ်မလို့လဲ။ ကိုခိုင်ထွန်းက သူများအကြောင်း မစပ်စု
တတ်ပါဘူး”

“ညို့အကြောင်းပဲဟာ”

လမ်းမဘက်ဆီ ရောက်လာ၏။

“ဟုတ်တယ်။ ကိုလတ်နဲ့ညို ပြတ်သွားကြပြီ”

“ဒါဆို ကိုယ် ညို့ကို ပြောစရာတွေ အများကြီးရယ်”

ညိုက မျက်စောင်းထိုးကြည့်သည်။

“ညနေ ကိုယ်အဆောင်ကို လာခဲ့မယ်”

စကားပြတ်ပြီး ဆိုင်ထဲဝင်လိုက်၏။ ဘုန်းမြင့်နှင့် ခင်သက်ဆွေက ဆိုင်ထဲမှာ ထိုင်ရင်း စောင့်နေပြီ။

* * *

ညနေ ပြန်ရောက်ရောက်ချင်း ရေမိုးချိုး သေသေသပ်သပ် အဝတ်အစား လဲထားတာကြည့်ပြီး ခင်သက်ဆွေက မေးသည်။

“ထူးခြားလှချည်လား ညို။ ခါတိုင်းဆို ပြန်ရောက်တာနဲ့ စာအုပ်တစ်အုပ် ကောက်ကိုင်တာပဲ။ ရေချိုးတာ မိုးချုပ်လို့တောင် ငါက အမြဲသတိပေးနေရတာ။ ဘယ်သွားစရာ ရှိလို့လဲ။ ကိုလတ်နဲ့ ပြန်အဆက်အသွယ် ရလို့လား”





“ဟာ.....ခင်သက်ဆွေကလဲ။ ငါ့အကြောင်း သိသားနဲ့။ စကားတစ်ခွန်းကို မပြောခင် စဉ်းစားတယ်။ ပြောပြီး ဘယ်တော့မှ မပြင်ဘူး”

“ဒါဆို.....”

“ခိုင်ထွန်း လာမယ်ပြောလို့”

“တကယ်လား”

“စောင့်ကြည့်လေ”

“ဘယ်အချိန် ပြောလိုက်တာလဲ။ နင်တို့နှစ်ယောက်က သိပ်လျှို့ဝှက်တာပဲ။ တစ်နေကုန် အတူရှိနေပြီး ငါလဲ မသိဘူး။ ဘုန်းမြင့်လဲ မသိဘူး”

“ဘယ်သိမလဲ။ ငါတို့က ပါးစပ်က ပြောတာမှ မဟုတ်တာ”

“ဘယ်လို.....”

“မျက်လုံးက ပြောကြတာလေ”

“ဟာ.....”

“အလကားပြောတာ။ ထမင်းစားချိန် လမ်းအကူးမှာ ပြောစရာတွေရှိလို့ သူ လာခဲ့မယ်တဲ့”

“ညို”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နင်က အရမ်းသိသာတယ်"

"ဘာကိုလဲ ခင်သက်ဆွေ"

"နင် ခိုင်ထွန်းကို ဘယ်လောက်ချစ်ကြောင်းလေ....."

ညိုညိုဦးက အကြည့်လွှဲရင်း မျက်နှာတစ်ချက်ညှိုးသလို ဖြစ်သွား၏။

"ငါတို့ ချစ်သူတွေမှ မဟုတ်သေးတာ ခင်သက်ဆွေရယ်။ သူငါ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောခဲ့ဖူးသေးဘူး"

"အဲဒါပြောတာ ညို။ ချစ်တယ်ဆိုတာ ပါးစပ်က တဖွဖွ ပြောနေမှ မဟုတ်ဘူး။ တစ်ခါမှ မပြောလဲ သိသာလွန်းတဲ့ ကိစ္စလေ"

"ရှေ့မှာ ခိုင်ထွန်း ရောက်နေပြီ။ ငါ သွားတော့မယ်"

ပြတင်းမှ လှမ်းအကြည့် အဆောင်ရှေ့ ရောက်လာသော ခိုင်ထွန်းကို မြင်ရင်း ညိုက ပြောသည်။

"သူက ဖွင့်ပြောရင် နင်က အိုက်တင်လေးဘာလေး လုပ်ပြီး ငြင်းပေါ့ ညိုရာ"

"သူ မပြောရင် ငါပဲ ပြောတော့မလား စဉ်းစားနေတာ"





"ညို.....နော်"

အဆောင်ပေါ်မှ ခပ်သွက်သွက် ဆင်းလာခဲ့၏။

ရင်ခုန်နေချင်တာ ဘာသာ အသိဆုံးလေ။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

"ကောင်မလေးရော"

ခိုင်ထွန်းကို မြင်သည်နှင့် သူ့ဦးလေးရောအဒေါ်ကပါ မေးသည်။

"အိမ်ပြန်သွားပြီလေ"

"မင်းတို့ လက်မှတ်ထိုးထားပြီးပြီလား"

"ခင်ဗျာ"

"မင်း.....ကောင်မလေးကို နိုးသွားတာ မဟုတ်လား။ အရေးကြီးတာက လက်မှတ်ထိုးပြီးပြီလား မေးတာ"

"ဦးလေးကလဲ၊ ကျွန်တော် မိန်းမခိုးတာ မဟုတ်ပါဘူး"

"ဒါဆို ဘယ်လို ဖြစ်ကြတာလဲ။ ဒီမှာတော့ မိုး မီးလောင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက ဝင်ပြောသည်။

နိုင်ထွန်းက ညကအဖြစ်အပျက်အားလုံးကို ပြောပြလိုက်၏။

"ညက ကောင်မလေးအမေ လိုက်လာတယ်။ မင်းတို့ကို ရှာပေးပါ။ ဒီနေ့ ပြန်မအပ်ရင် မနက်ဖြန် အမှုဖွင့်မယ်၊ တရားစွဲမယ်တဲ့"

"ကျွန်တော်က ဘာလုပ်လို့လဲ"

"သွေးဆောင်ဖြားယောင်းမှုနဲ့ စွဲမှာပေါ့"

"လုပ်ချင်ရင် အများကြီး လုပ်လို့ရတယ်။ သူ့သမီးက အိမ်က ဘာပစ္စည်းတွေ ယူသွားပါတယ် ဘာညာပေါ့"

ညို အသိဆုံးပဲဟာ၊ ညိုက အမှန်အတိုင်း ပြောမှာပါ ဦးလေးရာ မပူပါနဲ့"

"ဟာကွာ၊ ငါ ရုပ်ရှင်တောင် ကြည့်ခဲ့ဖူးတာပဲ။ အဲဒီလို တရားစွဲ၊ ကောင်မလေးကို မိဘနှစ်ပါးက အကျပ်ကိုင်ပြီး မမှန်မကန် ထွက်ခိုင်းနဲ့ နောက်ဆုံး ကောင်လေးက ထောင်ကျသွားတဲ့ ဇာတ်လေး ဝင်းဦးလား ဘာလား"

"တော်ကလဲတော်။ အဲဒါတွေ ထားစမ်းပါ။ ငါ ပြောမယ် နိုင်ထွန်း"

ဒေါ်လေးက စကားဖြတ်ပြီး ချိန်ချိန်ဆဆ ပြောသည်။





"သူတို့က ဒီမြို့မှာ မြို့မျက်နှာဖုံးတွေ။ ပင်စင်ယူလိုက်ပေမဲ့ သူတို့ သြဇာက ရှိတယ်။ မင်းကို အနည်းဆုံး အချုပ်ထဲထည့်လို့ တော့ရတယ်။ ပြီးတော့ လူဆိုတာ ပြောလို့မရဘူး။ သူ့သမီးက ဘယ်လောက် အမှန်ပြောပြော၊ မင်းကို နောက်ဆုတ်သွားအောင် ဒုက္ခပေးချင်ပေးမှာ။ အမှုဖွင့်တာ၊ တရားစွဲတာ လုပ်ချင်လုပ်မှာ။ တရားကို နတ်စောင့်လို့ အမှန်အတိုင်း ဖြစ်မယ်ပဲထား။ အဲဒီလို တရားရုံးတွေ၊ ဂတ်တွေ သွားဖို့ ငွေတွေ၊ အချိန်တွေ ငါတို့မှာ မရှိဘူး နိုင်ထွန်း။ ပြီးတော့ မင်းလဲ အညွန့်ကျိုးသွားမယ်။ အကောင်းဆုံးကတော့ မင်း ဒီက ချက်ချင်းရှောင်သွားဖို့ပဲ"

"အဲဒါအကောင်းဆုံးပဲ နိုင်ထွန်း။ မင်း ဒီမြို့က ဒီမနက်ပဲ ထွက်သွားတာ ကောင်းမယ်"

"နင့်ဦးလေးကလဲ ဒီမြို့မှာ လူဆိုးစာရင်းဝင်တော့ နင့်အတွက် နင့်ဦးလေးပါ ဒုက္ခရောက်နေဦးမယ်"

"ဒါဆို.....ကျွန်တော် ပြန်ပါ့မယ်"

နိုင်ထွန်းက ပြောပြီး အိမ်ထဲဝင်သွားကာ သူ့အဝတ်အစား လေးတွေကို သိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ခိုင်ထွန်းက စကားကို အဆုံးသပ်လိုက်ပြီး ညို့မျက်နှာကို ကြည့်သည်။ ညို့အတွေးတွေက အတိတ်ဆီ ဝေ့ဝဲနေလေသလား သိ။ မျက်လုံးတို့က ဝေရီနေသည်။

“အဲဒီညနေက မေမေ တားတဲ့ကြားက စာကြည့်တိုက်ကို ာက်သေးတယ်။ ခိုင်ထွန်း စောင့်နေမလားလို့”

“ညို ကိုယ့်ကို ရှာမှာပဲလို့ တွေးမိတယ် ညို။ လမ်းက ည့်ပြီးတောင် ပြန်လာချင်တယ်”

“ပြီးတော့ ညိုပြောတာတွေ ညို့အိမ်က ယုံပါ့မလား။ ညို့ များ ချုပ်ချယ်ထားမလား။ စိုးရိမ်စရာတွေ အများကြီးလေ”

ဆိုင်ပြင်ငေးနေရာမှ ခိုင်ထွန်းဆီကို အကြည့်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တေ့လိုက်၏။

“အဲဒီအခြေအနေတွေကြောင့် ခိုင်ထွန်း ရုတ်တရက် ထွက်သွားရတယ်ဆိုတာ ညို နားလည်ပေးလို့ ရပါတယ်။ ညို အရမ်းခံပြင်းပြီး သိချင်တာတစ်ခုပဲ ရှိတယ်။ ခိုင်ထွန်းကို အလုပ်မှာ ပြန်တွေ့တော့အဲ အဲဒီမေးခွန်းကို အရမ်းမေးချင်နေတာ။ ဘယ်လိုမှ မေးလို့ မသင့်တဲ့ အခြေအနေမျိုးမို့”

“မေးလေ၊ ညို ဘာကို သိချင်တာလဲ”

“ညို့ကို ဘာလို့ အဆက်အသွယ် ဖြတ်လိုက်ရတာလဲ ညို့ဆီကို ဘာလို့ ခိုင်ထွန်း စာမရေးရတာလဲ”

“ဒီကိစ္စ ညို ကိုယ့်ကို အထင်လွဲနေမယ်ဆိုတာ ကိုယ်သိတယ် ညို။ ကိုယ့်ဆုံးဖြတ်ချက် မှားသွားတာပဲ ပြောချင်လဲပြောလို့ ရမယ် စာမရေးတာက ညို့လက်ထဲ စာမရောက်မှာစိုးတယ် ညို။ ညို့ အခြေအနေကို ဘာမှ အသေအချာ မသိတော့ ကိုယ့်စာကြောင့် ညို ဒုက္ခပိုဖြစ်သွားမှာ စိုးရိမ်တယ်။ စာရေးရင်လဲ စာထဲမှာ ကိုယ် ခံစားရတာတွေ ထည့်ရေးမိမှာ။ အဲဒီစာ ညို့လက်ထဲ မရောက်မှာ စိုးရိမ်ပြီး ကိုယ်က စာမရေးတော့ဘူး။ ကျောင်းဖွင့်တော့မှ ကျောင်းဖွင့်ရင် ညို့ကျောင်းကို လိုက်ရှာမယ် ဆုံးဖြတ်လိုက်





တယ်လေ.....”

“ဘယ်လို.....ညို့ကျောင်းကို”

“ဟုတ်တယ်၊ ညို့ကျောင်း လိုက်သွားပြီး ညို့ဘာသာရပ်ရှိတဲ့ အတန်း ရှာရင် ညို့ကို တွေ့မှာပဲလေ”

“ဒါပေမဲ့ အဲဒီလိုလဲ မရှာဖြစ်ဘူး မဟုတ်လား”

ခိုင်ထွန်းက ညို့မျက်နှာကို ကြည့်ရင်း တစ်ချက်ပြုံးသည်။

* * *

အညာတက္ကသိုလ်သည် တမာရိပ်၊ ထနောင်းရိပ်တို့အောက်မှာ လှနေသည်ထင်၏။ ဆယ်တန်းအောင်ပြီး အမှတ်ကောင်းပါလျက် တက္ကသိုလ်တက်ခွင့် မရဘဲ အဝေးသင် ယူရသမို့ တက္ကသိုလ် ဝင်းထဲ ဝင်ရမှာ အားငယ်သလို စိတ်ဝင်လာသည်။ ပညာရှာတာပဲ ဘယ်လိုရှာရှာ ပညာရဖို့ အဓိကပါလား အတွေးက အားငယ်စိတ်ကို ဖယ်ရှားနိုင်ခဲ့၏။ ငယ်ရွယ်သူမို့ တက္ကသိုလ်ကျောင်းသားဘဝကို ဖြတ်သန်းခွင့် ရချင်သည်မှာတော့ အမှန်ပင်။ ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်၊ ဇဝန အစရှိသော စာရေးဆရာကြီးများ၏ ဝတ္ထုတွေထဲက တက္ကသိုလ်ကျောင်းသားဘဝတွေကို စိတ်ကူးယဉ်ကြည့်မိသည်မှာ သည်း အကြိမ်ကြိမ်။ အိမ်၏ စီးပွားရေး အနေအထားအရ



www.burmeseclassic.com

www.burmeseclassic.com



အဝေးသင် လျှောက်ရပြီ ဆိုတော့လည်း ဖြစ်ရာဘဝမှာ အကောင်းဆုံး ဖြစ်နေဖို့သာ အဓိက ဆိုသည့် ဖတ်ခဲ့ဖူးသော စာသားဖြင့် အားတင်း ကျေနပ်အောင် နေခဲ့သည်ပဲ။

ညို့ကို ရှာဖို့ တက္ကသိုလ်ထဲ အရောက်မှာ ကျောင်းသား တစ်ယောက်လိုတော့ လွတ်လပ်စွာ ပျော်ရွှင်စိတ် မဖြစ်မိ။

ပထမဆုံး ကျောင်းသားရေးရာကို သွားမေးတာ၊ ညို့အတန်း ဘာသာရပ် ရှိနေနိုင်သည့် အချိန်ဇယားကို သိခွင့်ရခဲ့သည်။

ထိုစာသင်ဆောင်လေးသည် ပင်မတက္ကသိုလ်၏ ဘေးဘက် မှာရှိပြီး တက္ကသိုလ်၏ စားသောက်ဆိုင်ကို ဖြတ်သွားရသည် စားသောက်ဆိုင်ရှေ့မှာ ရပ်ထားသော ဆိုင်ကယ်များ၊ ပျော်ရွှင်စွာ စားသောက်ပြောဆိုနေကြသော ကျောင်းသားများကို မြင်၏။ စား သောက်ဆိုင်တန်းမှာ ညို့ကို တွေ့လေမလားဟု ဝင်ပြီး ရှာကြည့် ဖြစ်သေးသည်။

ပြီးမှ စာစောက ညွှန်လိုက်ရာ စာသင်ခန်းဆီ ရောက်၏ စာသင်ခန်းလေးရှေ့ ရောက်စဉ် ဆရာတစ်ဦး စာသင်နေတာ တွေ့ သည်။ အပြင်မှနေ၍ အကြည့်ဝေ့ရင်း စာသင်ခန်းတွင်းမှာ ညို့ကို ရှာသည်။ ရှာလို့ မတွေ့။





သူ ရပ်နေပြီး ခဏလေးအကြာမှာပင် ကံအားလျော်စွာ ခေါင်းလောင်းမြည်၍ အချိန်ပြောင်းမှန်း သိလိုက်၏။ အချိန်ပြောင်း၍ ကျောင်းသူကျောင်းသားတွေ ထွက်အလာမှာ ကျောင်းသူတစ်ဦးဦးကို သူမေးကြည့်မည် ဆုံးဖြတ်သည်။

"ခဏလောက်ဗျာ"

"ရှင်"

"ကျွန်တော် အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

ကျောင်းသူနှစ်ဦး တွဲယှဉ်ပြီး ထွက်အလာမှာ သူက ပြော လိုက်၏။ ပထမတော့ ကျောင်းသူနှစ်ဦးက သူ့ နောက်နေတာ ထင်လို့လား မသိ။ မျက်နှာထားက တင်းသည်။

"ဒါ ဒုတိယနှစ်သချာအတန်းလားဗျာ"

"ဟုတ်တယ်ရှင့်၊ ဘာလုပ်မလို့လဲ"

"ဒါဆို ညိုညိုဦး သိလားဗျာ၊ ကျွန်တော်သူ့ကို တွေ့ချင်လို့ပါ"

"ညို....ညို့ကိုပြောတာ ထင်တယ်"

"ဘယ်မြို့ကလဲ"

သူက ညိုညိုဦး၏မြို့ကို ပြောလိုက်သည်။

"ဟုတ်တယ်.....ဟုတ်တယ်၊ ပြောင်းသွားတဲ့ညိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"ဒီအတန်းထဲမှာက ညိုညိုထွန်းနဲ့ ညိုညိုဦး နှစ်ယောက်ရှိလို့ လွဲမှာစိုးလို့ မြို့ကို မေးကြည့်တာပါ။ အဲဒီမြို့က ညိုညိုဦးက ပြောင်းသွားပြီရှင့်"

"ဘယ်ကို ပြောင်းသွားတာလဲဗျ"

"ရန်ကုန်ကို"

"သေချာရဲ့လားဗျာ"

"သေချာပါတယ်။ အပြောင်းအရွှေ့အတွက် ကျောင်းဖွင့်ရက်က သူ ရောက်လာပြီး ကျွန်မတို့ကိုတောင် နှုတ်ဆက်သွားသေးတယ်"

"ကျေးဇူးပဲနော်"

စိတ်ပျက်လက်ပျက်နှင့် နောက်ပြန်လှည့်လာခဲ့သည်။

တက္ကသိုလ်ဝင်းထဲကအထွက် ကိုယ့်ခြေကို ကိုယ် မသယ်ချင်လောက်အောင် ဖြစ်သွားတော့၏။ ညို့ကို တွေ့ရတော့မည်ဆိုသည့် မျှော်လင့်ချက်တို့ဖြင့် တက်ကြွခဲ့သော စိတ်သည် ညို မရှိတော့ပါလား အသိကြောင့် လွင့်စင်ပျောက်ရှကုန်တော့သည်ပဲ။



(၅)

အိမ်ပြန်ရောက်တော့ ပိုသေချာအောင်ဆိုပြီး ဦးလေးဆီ စာလှမ်းရေးလိုက်တယ်။ ညို ရန်ကုန်တက္ကသိုလ် ပြောင်းသွားတာ ဟုတ်၊ မဟုတ် စုံစမ်းပြီး စာပြန်ဖို့ပေါ့။ ဦးလေးဆီက စာပြန်လာတော့မှ ကိုယ် ရင်ကျိုးရတာပဲ"

"ဘာလို့လဲ ခိုင်ထွန်း"

"ဦးလေးစာထဲမှာက ကိုယ်သိချင်တာထက် ပိုပြည့်စုံနေလို့လေ။ ဦးလေးက ရပ်ကွက်ထဲက သူနဲ့သိတဲ့လူငယ်လေးတွေကတစ်ဆင့် ညို့သူငယ်ချင်း ကောင်မလေးတွေဆီ မေးတာတဲ့။ ညိုတို့အိမ် ဝင်ထွက်နေတဲ့ ညိုတို့အိမ်နားက ကောင်မလေးတစ်ယောက် ရှိတယ် ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နီလာ ထင်တယ်။ ညို့ထက် ငယ်တယ်။ မေမေက နိုင်းစရာရှိရင် ခေါ်ခိုင်းနေကျ ကောင်မလေး"

"ဟုတ်လိမ့်မယ်။ သူ့ဆီက သတင်းမို့ တိကျတယ်တဲ့"

"အင်း.....မေမေနဲ့ရင်းနှီးတော့ မေမေက နီလာ့ကို ပြောချင်ပြောမှာ၊ ဘာတွေ ပြောလဲ၊ ပြောပါဦး"

"ရန်ကုန်ပြောင်းသွားတာ အမှန်ပဲတဲ့။ ဒီမြို့မှာ ညိုက နှီးရာလိုက်ပြေးတယ် ဘယ်လိုပဲ သတင်းထွက်ထွက်၊ ငယ်ငယ်က သူ့ရည်းစားနဲ့ ကျောင်းပြီးရင် အိမ်ထောင်ပြုမှာတဲ့။ အခုလဲ အဲဒီ ရန်ကုန်က ညို့ရည်းစားမိဘတွေ အစီအစဉ်နဲ့ ရန်ကုန်ကို ပြောင်းတာတဲ့။ သန်းခေါင်စာရင်းတောင် အဲဒီအိမ်မှာ ပြောင်းထည့်ထားတယ်တဲ့"

ခိုင်ထွန်းစကားကို နားထောင်ရင်း ညိုက သက်ပြင်းချလိုက်သည်။

"အဲဒါတွေ အမှန်ပဲ ခိုင်ထွန်း"

မျက်နှာချင်းဆိုင်ပြီး ညို့နှုတ်မှ ထွက်သည်။

"ကိုလတ်ကို ပြောတာလား"

"ဟုတ်တယ် ခိုင်ထွန်း၊ ကိုလတ် အစီအစဉ်နဲ့ အဆက်အသွယ်နဲ့





ရန်ကုန်ပြောင်းရအောင် လုပ်ပေးခဲ့တာ။ သန်းခေါင်စာရင်း ပြောင်းတာလဲ အမှန်ပဲ။ အမိက ကျောင်းပြောင်းရအောင် ပြောင်းရတာ"

"မသိဘူးလေ၊ ကိုယ်က အဲဒီအိမ်ပေါ်ရောက်နေပြီ ထင်တာပေါ့"

"အဲဒီအိမ်မှာ နေခိုင်းတာပဲ၊ ညိုက မနေချင်ဘူး ငြင်းပြီး အပြင်အဆောင်မှာ နေခဲ့တာ"

"ညို စဉ်းစားကြည့်လေ.....ကိုယ့်နေရာက၊ ကိုယ် ဘာဆက်လုပ်လို့ ရမှာလဲ။ ဘာဆက်လုပ်ခွင့် ရှိဦးမှာလဲ။ ရန်ကုန်အထိ လိုက်လာပြီး ညို့ကို တွေ့ချင်ပါတယ်။ ရှာချင်ပါတယ်။ အဲဒီ သတင်းကြောင့် မထူးတော့ဘူးလို့ စဉ်းစားမိတာတစ်ချက်၊ ရန်ကုန် စရိတ်ရှာဖို့ မလွယ်တာတစ်ချက်ကြောင့် ရန်ကုန်တော့ ကိုယ် မရောက်ခဲ့တော့ဘူးလေ....."

"ညို့နေရာကလဲ ခိုင်ထွန်း တွေးကြည့်လေ။ ခိုင်ထွန်းဆီက ဘာအဆက်အသွယ်မှ မရတဲ့အဆုံး ညို ဒီပတ်ဝန်းကျင်မှာ မနေချင်တော့ဘူး။ ဒီမြို့က သတင်းတွေက ဒီမြို့နဲ့နီးတဲ့ ညိုတက်ခဲ့တဲ့ တက္ကသိုလ်မှာ ပျံ့တော့မှာ။ ညိုတို့မြို့က အဲဒီတက္ကသိုလ် တက်နေတဲ့ သူတွေ အများကြီး။ ဒီအချိန်မှာ ကိုလတ်က ရန်ကုန်ပြောင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပြီဆိုတော့ ညို ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီနေ့မှာပဲ ခိုင်ထွန်းကို မေ့ပစ်နိုင်အောင်ကြိုးစားဖို့လဲ ဆုံးဖြတ်ခဲ့တာ အမှန်ပဲ"

"ညိုရယ်....."

"ခိုင်ထွန်း ညို့စိတ်ကို သိပါတယ်။ ညို ဘယ်လောက်ပွင့်လင်းတယ်၊ စိတ်ပြတ်တယ်ဆိုတာ။ အဲဒီနေ့မှာပဲ ခိုင်ထွန်းပေးခဲ့တဲ့ လိပ်ပြာလေးကို ချေပြီး အမှိုက်တောင်းထဲ လွှင့်ပစ်လိုက်တယ်"

"ရင်ထဲထည့်ပေးခဲ့တဲ့ လိပ်ပြာတွေကိုတော့ ညို ဖျောက်ပစ်လို့ ရပါ့မလား"

"ဖျောက်လို့ မရရင်လဲ ရင်ထဲမှာပဲ တစ်သက်လုံး လှောင်ထားလိုက်မယ်။ ဘယ်မှ ပျံခွင့်မပေးတော့ဘူးလေ။ နောက်ဆုံးတော့ လွမ်းချင်လာရင်တောင် သူနဲ့ငါ ဘာဆိုင်လို့လဲ၊ ဘာလို့လွမ်းရမှာတဲ့လဲ။ သူ့ရင်ထဲမှာ ဘာရှိတယ် ဆိုတာတောင် ငါမသိဘဲနဲ့ ငါလွမ်းရင် ငါပဲ ရှုံးမှာပဲ ဆိုတဲ့အတွေးနဲ့ ကြိုးစားဖျောက်တယ် ခိုင်ထွန်း"

"ကိုယ့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ညို တကယ် မသိဘူးလား"

"တရားဝင် မသိဘူး"

အကြည်အနူးဖြင့် မျက်လုံးကို တစ်ချက် ဝင့်ကြည့်ရင်း ဖွဖွဆိုသည်။





"ညို"

"ဟင်"

"မေတ္တာဆိုတာ ဘာလဲဟင်"

"ကိုယ်ဖတ်ခဲ့ဖူးတာ ပြောပြမယ်နော်။ မေတ္တာဆိုတာ ကရုဏာနဲ့ မုဒိတာ အလုပ်နှစ်ခုပေါင်းပြီး လုပ်တဲ့ကိစ္စကို မေတ္တာလို့ ခေါ်တယ်တဲ့"

"သိပ်မရှင်းဘူး"

"ကရုဏာထဲမှာ အကြင်နာတွေ၊ စေတနာတွေ အားလုံး ပါပြီးသားလေ။ ကိုယ်နဲ့ညို လယ်တဲလေးထဲမှာ အတူရှိတဲ့ညက အဖြစ်တွေကို ပြန်စဉ်းစားရင် ကိုယ့်ကရုဏာတွေကို ညို သိနိုင်မှာပါ"

"မုဒိတာကလဲ ညို့အပေါ်မှာ ကိုယ်ထားနိုင်ခဲ့တယ် ယုံတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညို့ကို မထင်မှတ်ဘဲ ပြန်ဆုံတဲ့အခါမှာ ညိုနဲ့ ကိုလတ်က လက်ထပ်တော့မယ့် ချစ်သူတွေ။ ဒါပေမဲ့ ကိုယ် ညို့အပေါ်မှာ မေတ္တာတစ်စက် မလျော့ခဲ့ဖူးဘူး။ အခြေအနေအရ ခပ်စိမ်းစိမ်း နေရပေမဲ့ ကိုယ့်ရင်ထဲမှာ ညို့ကို ချစ်တဲ့စိတ် ပျောက်မသွားပါဘူး ညို။ ကိုယ် ညို့ကို တကယ်ချစ်ပါတယ်"

"ခိုင်ထွန်းဆီက ဒါပထမဆုံး ကြားရတဲ့စကားပဲ"

ခေါင်းငုံ့ထားရင်း တီးတိုးညင်သာ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့.....ဒီမှာ ဖတ်ကြည့်။ အဲဒါ ညိုနဲ့ ခွဲတဲ့နေ့က အိမ်ပြန်ရောက်ရောက်ချင်း ရေးထားခဲ့တာ"

နိုင်ထွန်း ဒိုင်ယာရီစာအုပ်အသေးလေးကို ထုတ်ယူလိုက်ပြီး စာမျက်နှာကို လှန်ကာ ညို့ကို ပေးသည်။

စာအုပ်ကလေးကိုယူရင်း ညို ဖတ်ကြည့်လိုက်၏။ ကဗျာလေးတစ်ပုဒ်ပါလား။

## မင်းအတွက်

- ဝေသမျှ မကြွေတဲ့ပန်းပါ
  မင်းမနမ်းချင်လဲ ပွင့်ခဲ့ပြီလေ.....
- စိမ့်ထွက်သမျှ မခန်းတဲ့စမ်းပါ
  မင်းမသောက်ချင်လဲ စီးခဲ့ပြီလေ.....
- ဆိုနေသမျှ မဆုံးတဲ့တေးပါ ကိုယ်
  မင်းမကြားချင်လဲ သီခဲ့ပြီလေ.....
- မြူတိမ်ကင်းပြီး သာတဲ့လပါ
  မင်းအိပ်နေလဲ သာခဲ့ပြီလေ.....





- တောင်ထိပ်က သစ်ပင်ရိပ်ထက်
  တောင်ခြေက ချောင်းငယ်တစ်ခု ဖြစ်ချင်ပါတယ်.....
- မျက်နှာမသစ်တောင်မှ
  (မင်းမောတဲ့အခါ.....)
  ခြေဆေးလို့ ရအောင်ပေါ့.....။

အောက်မှာရေးထားသည့်နေ့စွဲသည် ဘဝမှာ အမှတ်ထင်ထင် ဖြစ်ခဲ့သော၊ ဘယ်သောအခါကာလမှ မေ့မရနိုင်တော့မည် မဟုတ်သည့် နေ့စွဲဆိုတာ ညို မှတ်မိနေတာပဲ။

"ညိုရယ်..... ပါးစပ်က ချစ်တယ်ချစ်တယ် ပြောနေစရာ မလိုပါဘူး။ အချစ်ဆိုတာ ခံစားကြည့်ပြီး သိနိုင်နေတဲ့အရာပဲဟာ"

"ညိုက မိန်းကလေးဆိုတာလဲ ထည့်တွက်ပါဦး နိုင်ထွန်း"

"ဒီကဗျာထဲမှာ ချစ်တယ်လို့ တစ်လုံးမှ ထည့်ရေးမထားပေမဲ့ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ညို ခံစားနိုင်မှာပါ"

"ညို့ဒိုင်ယာရီလဲ နိုင်ထွန်းကို ပြချင်တယ်။ ဒါပေမဲ့ အခုတော့ ပြလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ညို ရန်ကုန်ပြောင်းတော့ အဲဒီ ဒိုင်ယာရီစာအုပ်ကို တမင်



www.burmeseclassic.com

www.burmeseclassic.com



ချန်ထားခဲ့တယ်။ အဲဒီကစပြီး ညို ဒိုင်ယာရီလဲ မရေးတော့ဘူး။ ညို့စာအုပ်စင်မှာ ဒီအတိုင်း ထားခဲ့တယ်လေ။ အဲဒါတွေ ညို မကြည့်ရဲဘူး။ အဲဒီအထဲမှာ အဲဒီညက အဖြစ်အပျက်တွေ မှတ်မိသမျှ ချရေးထားတာ"

"ကိုယ်ဘွဲ့တွေဘာတွေရပြီး ရန်ကုန်မှာ အလုပ်လုပ်ဖို့ ဆင်းလာတော့ ညိုနဲ့ တွေ့ပြီး ညို့ဆီက စကားတွေ နားထောင်ကြည့်ချင်သေးတယ်၊ မျှော်လင့်ကြည့်ချင်သေးတယ်လေ။ ဒါပေမဲ့ ကံဆိုးချင်တော့ ကိုယ့်ဦးလေး အသုဘအတွက် ညိုတို့မြို့ကို ကိုယ် ရောက်သွားခဲ့တယ်"

"ဟင်.....ခိုင်ထွန်းဦးလေး ဆုံးသွားတာတောင် ညို မသိဘူး"

"ဟုတ်တယ်.....ဆုံးသွားပြီ။ အဲဒီအချိန်က မြို့ရောက်လို့ ညို့အကြောင်း တတ်နိုင်သမျှ စုံစမ်းကြည့်တော့ ညိုနဲ့ ညို့အိမ်က သဘောတူတဲ့သူ၊ ကိုလတ်ကို ပြောတာ ဖြစ်မှာပေါ့ ယူထားကြပြီလို့လို့ ယူတော့မလိုလို အဲဒီသတင်း ကြားခဲ့ရတာ။ စာကြည့်တိုက်က ဆရာကြီးကို သွားနှုတ်ဆက်ရင်း ညို့သတင်း မေးကြည့်တော့လဲ ညို မြို့ကို ပြန်မလာတာ ကြာပြီ။ သူ့သမီးတွေက ညို့အမေဆီက ကြားရတာတော့ ကိုလတ်နဲ့ ကျောင်းပြီးယူမှာ၊ ကိုလတ်အိမ်မှာနေတယ် ဆိုတဲ့သတင်းပဲလေ"





"ညိုက အိမ်မပြန်ဘဲ တမင်နေတာ ခိုင်ထွန်း"

"ကံပဲပေါ့ညိုရာ၊ ညိုနဲ့ကိုယ်နဲ့ ပြန်ဆုံမယ့်ဆုံတော့လဲ"



www.burmeseclassic.com

# (၆)

"ညည်းတို့နှစ်ယောက်နဲ့တွဲပြီး အလုပ်လုပ်ဖို့ ယောက်ျားလေး နှစ်ယောက် မနေ့ကပဲ ထပ်ခန့်လိုက်တယ်။ လုပ်ငန်းပိုပြီး တွင်ကျယ်လာအောင်လဲ ပါတယ်။ ပြီးတော့ ယောက်ျားလေးတွေ ပါလာတော့ ညည်းတို့အတွက်လည်း စိတ်ချရအောင်လို့လေ"

မနက် အလုပ်ထဲရောက်စဉ် မန်နေဂျာက ညိုညိုဦးနှင့် ခင်သက်ဆွေကို ခေါ်ပြီး ပြောသည်။

လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး အလုပ်ချိန် နီးပြီမို့ ရုံးအတွင်း ပြန်ဝင်ရန် ရုံးဆီလျှောက်၏။

www.burmeseclassic.com



ပေါ်တီကိုအောက်မှာ ရပ်နေသူနှစ်ဦးကို လှမ်းကြည့်ရင်း တအံ့တသြဖြစ်သည်။ မျက်စိ မှားတာလားဟု ပထမ ထင်သည်။ နီးသထက် နီးလာလေ အိပ်မက် မက်နေတာ မဟုတ်ဟု နားလည်လာလေပင်။

"ညို"

အတူရပ်နေရာမှ ခိုင်ထွန်းက ရှေ့တစ်လှမ်းတိုးပြီး ခေါ်လိုက်၏။

"ဟယ်.....ခိုင်ထွန်း"

ညို့နှုတ်မှလည်း အာမေဋိတ်သံ ထွက်သွားပြီး ခြေလှမ်း ပိုသွက်သည်။

"ညို.....ဘာလာလုပ်တာလဲ"

"ညို.....ဒီမှာ လုပ်နေတာ ခိုင်ထွန်း"

"ခိုင်ထွန်းရော ဘာလာလုပ်တာလဲ"

"ဒီမှာ ဒီနေ့မှ အလုပ်ဝင်မလို့၊ ဘုန်းမြင့်၊ ဒါ ငါ့သူငယ်ချင်း ညိုညိုဦးတဲ့၊ ညို ဒီမှာ ရှိနေတာဆိုတော့ အတော်ပဲ"

"ခင်သက်ဆွေရေ၊ ဒါက ခိုင်ထွန်းတဲ့၊ ငါ့သူငယ်ချင်း ဒါက ကိုဘုန်းမြင့်တဲ့။ ဒီနေ့ အလုပ်ဝင်မှာဆိုတော့ မနက်က ငါတို့ကိုပြောတဲ့ လူနှစ်ယောက်ဆိုတာဖြစ်မယ်"





"ဟိုမှာ ကိုလတ်ကား မဟုတ်လား"

ခင်သက်ဆွေ ပြောလိုက်စဉ် လှမ်းအကြည့်မှာ ကိုလတ်ကား ပေါ်တီကိုအောက် ဝင်လာတာ တွေ့သည်။ ကားဝင်လာတော့ နေရာရှောင်ပေးရင်း သူတို့ စကားပြတ်သွားကြသည်။

"ကိုလတ် မဆင်းဘူးလား"

ကားရပ်ပြီး ကားပေါ်မှ မဆင်းသေးတော့ ညိုညိုဦးက လှမ်းမေးသည်။

"မဆင်းတော့ဘူး ညို။ မေမေက ညနေ ညို့ကို ထမင်းစားဖို့ သွားခေါ်ဆိုလို့ လာပြောတာ။ ညနေ အဆောင်ကပဲ စောင့် ဟုတ်လား။ ကိုလတ် သွားတော့မယ်"

ညိုညိုဦးက ခေါင်းညိတ်အပြ၊ ကိုလတ်က ကားမောင်း ထွက်သွားသည်။

"ခိုင်ထွန်း၊ အဲဒါ ညို့ ရည်းစားပေါ့၊ ကိုလတ်တဲ့"

"ကိုလတ်ကလဲဟာ၊ ခဏလေးတောင် ဆင်းဖော်မရဘူး"

"ခင်သက်ဆွေကလဲ ကိုလတ်အကြောင်း သိသားနဲ့"

"ကဲ..... ညို၊ ညိုပဲ မန်နေဂျာ ရုံးခန်းတွေဘာတွေ လိုက်ပို့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထွန်းက စကားလမ်းကြောင်း လွှဲလိုက်တာ ညို သိလိုက်သည်ပဲ။ အကြာကြီး ကွဲနေပြီးမှ ပထမဆုံး ပြန်ဆုံရတဲ့ နေ့ရက်ပါပဲလေး

* * *

"အဲဒီနေ့ကတည်းက ကိုလတ်နဲ့ညို အနေအထားကို ကိုယ်ရိပ်စားမိခဲ့တယ်လေ။ ဒါကြောင့်လဲ ညို့ကို မေးချင်တာတွေ ပြောချင်တာတွေ အားလုံး ကိုယ် မျိုသိပ်ထားခဲ့တာပေါ့။ ပြီးတော့ ညို့သိက္ခာတရားအတွက် ညိုနဲ့ကိုယ်နဲ့က သိရုံခင်ရုံ၊ တရင်းတနှီး မရှိဘူးတဲ့သူတစ်ယောက်လိုပဲ နေခဲ့တာပါ ညို"

"မာလာကလဲ ရှိနေပြီဆိုတာ ထည့်ပြောလေ ခိုင်ထွန်း"

"မာလာနဲ့ကိုယ်နဲ့အကြောင်း ဘုန်းမြင့် အသိဆုံးပဲ ညို။ အလုပ်ထဲမှာ အတူတူပဲ နေလာရင်း သံယောဇဉ် ရှိခဲ့တာပေါ့။ ကိုယ်သာ ဖွင့်ပြောရင် မာလာက မငြင်းဘူးဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့ တကယ်မချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ် ရည်းစားအဖြစ် မတွဲချင်ဘူး။ ကိုယ့်ရင်ထဲမှာ ညို တစ်ယောက်ထည်းဆဲ ရှိတယ်ဆိုတာ ကိုယ်ပိုနားလည်လာခဲ့တယ်။ ဘာလဲ ညိုက မာလာနဲ့ ကိုယ့်ကို သံသယ ရှိနေလို့လား"

"အလကား စတာပါ။ ညို ခိုင်ထွန်းစိတ်ကို နားလည်ပါတယ်"





"ဒါဆိုလဲပြီးရော။ အခုတော့ မာလာလည်း ကိုယ့် ဆုံးမစကားတွေ ကြားရပါများပြီး သိပ်မလာတော့ပါဘူး။ သူ့ညီသည် တစ်ယောက်နဲ့ အတော်အဆင်ပြေနေတယ် ကြားတယ်"

နှစ်ဦးစလုံးစကား ပြတ်သွားကြပြီး အပြင်ဘက်ဆီ အကြည့် ရောက်နေကြ၏။

"ညို"

"ဟင်"

အကြည့်ဆုံဖြစ်သည်။

"ဒီတစ်ခါ ညိုနဲ့ကိုယ် ဝေးသွားရမှာတော့ အကြောက်ဆုံးပဲ ညိုရယ်"

"ခိုင်ထွန်း"

"ဟင်"

"ဒါဆို ဒီလိုလုပ်ရမလား"

"ဘယ်လိုလဲ"

"ညို.....ခိုင်ထွန်းကို ခိုးပြေးမယ်လေ"

"ဟာ....ညိုကလဲ အကောင်းပြောနေတာကို"

"ညိုလဲ အကောင်းပြောတာပဲ။ မဝေးချင်ရင် မဝေးရအောင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်က တာဝန်ယူပေါ့ ခိုင်ထွန်း"

"တာဝန်ယူ ဆိုတာက အရမ်းကျယ်ပါတယ် ညို"

"ညိုက တိုက်နဲ့ကားနဲ့ ထားနိုင်မှလို့ ပြောလို့လား"

"နှစ်ယောက်အတူ ဒုက္ခကို မျှဝေပြီး နေရဲမယ် ဆိုရင်တော့ ကိုယ် တာဝန်မယူရဲစရာ မရှိပါဘူး ညို။ ညို့ မိဘတွေ ထားသလို အဆင့်မျိုး မထားနိုင်မှာကို စိတ်မကောင်းတာတစ်ခုပါ"

"ကတ္တီပါစောင်အထူကြီး မခြုံပေးနိုင်ရင်တောင်မှ ဝတ်ထားတဲ့ ရှပ်အင်္ကျီချွတ်ပြီး ခြုံပေးတာလောက်နဲ့လဲ ညိုက ရင်ထဲ စွဲလန်းသွားတတ်တာပဲ ခိုင်ထွန်းရာ ဟုတ်ဖူးလား"

နှစ်ဦးသား ပြုံးမိကြပြန်သည်။ ဆုံနေဆဲ အကြည့်ထဲမှာ အကြင်နာငွေ့တို့ကို တွေ့နေနိုင်ကြမည်ပဲ။

"ပြန်ကြရအောင် ခိုင်ထွန်း"

"ပြန်ဖို့တောင် မေ့နေမိတယ်"

"အပြောကောင်းတယ်နော်"

စားပွဲထိုးလေးကို လှမ်းခေါ်လိုက်၏။ ဆိုင်အပြင်ရောက်တော့ လမ်းမီးတွေ လင်းနေပြီလေ။



# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အပြင်က ပြန်ရောက်ပြီး ရုံးပေါ်မှာ စာရင်းဇယားတွေနှင့် ငွေတွေ ပြန်စစ်နေစဉ် ဧည့်သည် ရောက်နေတယ် အစ်မဟု ရုံးအကူလေးက လာပြောသည်။

“ခင်သက်ဆွေ နှင့် ဆက်လုပ်ထားလိုက်ဟာ”

“ငါ ခဏသွားတွေ့မယ်၊ ဘယ်သူလဲ မသိဘူး”

ပြောရင်း နေရာမှ ထသည်။

ရုံးပေါ်မှ ဆင်းပြီး ဟိုသည် ရှာ၏။ ပေါ်တီကိုအောက် အကြည့်ရောက်စဉ်မှာလည်း ဘယ်သူ့မှ မမြင်။

“ဟဲ့.....ငါ့ဧည့်သည်ဆို”

အနားဖြတ်လာသည့် ရုံးအကူလေးကို လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ အစ်မ"

ရုံးပြင်ကို ထွက်ခဲ့၏။ ဟိုဟိုသည်သည်ကြည့်စဉ် ကားကိုမှီပြီး ရပ်နေသော ကိုလတ်ကို မြင်ပြီး ရင်ထဲမှာ ဒိတ်ခနဲဖြစ်သည်။ လှုပ်ရှား ဂနာမငြိမ်သည့်စိတ်ကို ပြန်ထိန်းပြီး ခဏရပ်ကြည့်သည်။ သွားမတွေ့ဘဲ ရုံးပေါ်ပြန်တက်သွားရင် ကောင်းမလားဟု တွေး၏။ လူကြီးလူကောင်း မဆန် ဖြစ်သွားမည်ကို သတိထားဖြစ်သည်။ သူနဲ့ငါ သူငယ်ချင်းတွေပဲ၊ တွေ့ပြီး သူပြောတာ နားထောင်ဖို့ ဘာမှ ကိစ္စ မရှိဟု ဆုံးဖြတ်ကာ ကိုလတ်ရှိရာ လျှောက်လာခဲ့သည်။

"ကိုလတ် ရောက်တာ ကြာပြီလား"

"မကြာသေးဘူး ညို"

"ကိစ္စရှိလား"

"ကိစ္စရှိမှ လာရမှာလား ညိုရယ်"

"သူငယ်ချင်းတွေပဲ လာလည်တယ်ဆိုလဲ ရပါတယ်"

"ညို"

"ပြော.....ကိုလတ်"

"ကိုလတ်နဲ့ညို စကားအေးအေးဆေးဆေး ပြောကြရအောင် ရုံးအဆင်း ကိုလတ် စောင့်နေမယ်။ ညို ခဏလိုက်ခဲ့နော်"





"ပြောစရာမှ မရှိတာ ကိုလတ်"

"မဟုတ်ပါဘူး ညိုရယ်"

"ကိုလတ် ဘာပြောချင်လဲ၊ အခုပြောလေ"

"ကိုလတ် ညို့ကို တောင်းပန်ချင်တာပါ"

"ဘာမှ တောင်းပန်စရာမှ မရှိဘဲ ကိုလတ်"

"မဟုတ်ဘူး ရှိပါတယ်၊ ညို့အပေါ်မှာ ကိုလတ်....."

"ကိုလတ်"

"အဲဒီစကားတွေ ပြောမှာဆို ညို နားမထောင်နိုင်ဘူး။ ကိုလတ်ကို ငယ်သူငယ်ချင်းတစ်ယောက်အနေနဲ့ လာတွေ့တာ။ ညို ပြောမယ်။ ကိုလတ်နဲ့ ညို သမီးရည်းစား ဖြစ်ခဲ့ကြတယ်ဆိုတာကို မေ့ထားလိုက်ပါတော့။ အဲဒီကိစ္စတွေ ပြန်ပြောဖို့ဆိုရင်တော့ ညို့ကို ဘယ်တော့မှ တွေ့ဖို့ မကြိုးစားပါနဲ့ကိုလတ်။ ဒါပဲ ညို သွားမယ်"

ပြောပြီး လှည့်ထွက်လာခဲ့၏။

"ညို"

ကိုလတ်ခေါ်သံ ကြားသော်လည်း ညိုက လှည့်မကြည့်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

"အဆောင်ရှေ့မှာ ကိုလတ် ရောက်နေတယ် ညို"

"ဟယ်.....ဟုတ်လား"

"ဟုတ်တယ် ညို၊ နင် ခိုင်ထွန်းကို ခေါ်ထားတယ် မဟုတ်လား"

"အေး.....ငါတို့ ဘုရားသွားကြမလို့"

"ဘယ်လိုလုပ်မလဲ"

"ငါ သွားပြီး တွေ့လိုက်မယ်။ ခိုင်ထွန်းနဲ့ကိစ္စကိုလဲ ငါ ဖွင့်ပြောလိုက်မယ်ဟာ။ တော်တော်ကြာ သူ ငါ့ကို မျှော်လင့်ချက်တွေ ထားနေဦးမယ်"

"ကိုလတ်က နင့်ကို ဘာလို့ ပြန်ကြိုးစားနေတာလဲ၊ ငါ နားမလည်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ငါလဲ စဉ်းစားမရဘူး ခင်သက်ဆွေ၊ ကိုလတ်ဟာ ငါတစ်ညလိုက်ပြေးဖူးတယ်ဆိုတဲ့ကိစ္စမျိုးအပေါ်မှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် သဘောထားသေးတဲ့ ယောကျ်ားမျိုးဆိုတာ ငါ သိတယ်။ အဲဒီကိစ္စကို သူဘယ်လို နားလည်သွားလဲ။ ဘာကြောင့် သဘောထားကြီးသွားရတာလဲ မသိဘူး”

“တကယ်ပဲ နင့်ကို ချစ်လို့နေမှာပေါ့ ညို”

“ဘာပြစ်ဖြစ်လေ၊ ငါကမှ ချစ်လို့မရတာ။ ငါ့ဘဝအတွက် နိုင်ထွန်းက လွဲရင် ချစ်သူဆိုတာ မရှိနိုင်ဘူး ခင်သက်ဆွေကဲ.....ငါ သွားပြောလိုက်မယ်”

“အဲလိုကြီးတော့ မပြောလိုက်ပါနဲ့ ညိုရာ”

လှေကားမှအဆင်းမှာ ခင်သက်ဆွေက လှမ်းပြီး သတိပေးစကားပြောလိုက်၏။

* * *

“ကိုလတ်၊ ဘာကိစ္စရှိလို့လဲ”

ကားနားအရောက် မိုးရပ်စောင့်နေသော ကိုလတ်ကို ကြည့်ရင်းမေးလိုက်သည်။

“ကိုလတ် ညိုနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်”





“ညို ပြောပြီးပြီပဲ ကိုလတ်”

“မဟုတ်ပါဘူး ညိုရာ၊ ကိုလတ် ရှင်းပြချင်လို့ပါ၊ တောင်းပန်ချင်လို့ပါ”

“အဲဒါတွေ မလိုတော့ဘူးလို့ ကိုလတ်ကို ညို ပြောပြီးပြီပဲ”

“လိုတယ် ညို၊ ကိုလတ်နဲ့ညိုက လက်ထပ်ကြရမယ့်သူတွေ”

“ကိုလတ်ကို ဘယ်သူက လက်ထပ်မယ် ပြောလို့လဲ။ ဟိုးအရင်ကကိစ္စတွေကို ကိုလတ် မေ့လိုက်ပါတော့”

“အဲဒီလို လွယ်လွယ်မပြောနဲ့ ညို။ ညို့မေမေတို့ ကိုလတ်မေမေတို့ကို ညို ထည့်မတွက်တော့ဘူးလား”

တစ်ချက်ပြုံးလိုက်မိသည်။ ငယ်ငယ်ကတည်း ကိုလတ် ဉာဏ်များတာ ညိုအသိဆုံး။ လူကြီးတွေနှင့် လုညီပြီး အကြပ်ကိုင်တော့မည်ဆိုတာ ညို နားလည်လိုက်၏။

“ကိုလတ်၊ ငါ အပြတ်ပြောပြီးပြီဟာ။ ဒီကိစ္စ ငါ့ကို ဘာမှလာမပြောနဲ့တော့။ ငါက ဘူးဆို ဖရုံ မသီးတာ နင် အသိဆုံးနော်.....ပြန်တော့”

နင်တွေ ငါတွေပါ ထည့်သုံးလိုက်မိတော့၏။

“ဒီမှာညို.....ငါကတော့ နင်ကလွဲလို့ ဘယ်သူ့မှ လက်



www.burmeseclassic.com

www.burmeseclassic.com



မထပ်နိုင်ဘူး ညို”

“ဒါ နင့်သဘောပဲ ကိုလတ်။ နောက် အဲဒီကိစ္စ ငါ့ဆီ လာမပြောနဲ့။ ငါလဲ လက်ခံတော့မှာ မဟုတ်ဘူး”

ပြောပြီး လှည့်ထွက်လာခဲ့၏။ ကားတံခါး ဆောင့်ပိတ်လိုက်သံက လိုအပ်သည်ထက် ကျယ်လောင်နေတာ သတိထားမိသည်။ ကိုလတ် ဒေါပွသွားပြီ သိလိုက်၏။

မလိုအပ်ဘူး ထင်ပြီး ခိုင်ထွန်းနှင့်ကိစ္စကို ထည့်မပြောလိုက်မိတာ တော်သေးတာပဲဟု တွေး၏။ ကိုလတ်က ဒေါသထွက်နေသူမို့ ခိုင်ထွန်းကို တွေ့ပြီး ရှင်းတာလင်းတာတွေလုပ်မှာ စိုးရိမ်မိပြန်သည်ပဲ။

“ဘယ်လိုလဲ”

အပေါ်အခန်းထဲရောက်တော့ ခင်သက်ဆွေက မေးသည်။

“ငါ အပြတ်ပြောလိုက်တယ်၊ ဒေါပွ ပြန်သွားတယ်”

“ခိုင်ထွန်းအကြောင်းရောလား”

“အဲဒါ မပြောလိုက်ဘူး။ မပြောဖြစ်တာ တော်သေးတာပေါ့။ ပြောရင် ခိုင်ထွန်းကို ရှာဖွေတွေ့တာတွေ ဘာတွေလုပ်မှာ စိုးရတယ်။ ကိုလတ်အကြောင်း ငါ အကုန်သိတယ်။ ဒီကောင်က သူ ဖြစ်ချင်တာကို ကြိတ်ကြံတတ်တာ ခင်သက်ဆွေ။ ငါ့ကိုပဲ သူ လက်ထပ်မယ်လို့





ကြိမ်းဝါးသွားတယ်။ အဲဒါ လူကြီးတွေနဲ့ သူ့ အကြပ်ကိုင်တော့မှာ ငါ သိတယ်”

“ဒါဆို နောက်ဆုတ်သွားတာ မဟုတ်တာတော့ သေချာတယ် ညို”

ညိုက ခေါင်းညိတ်ပြသည်။

“မေမေ့ကို လှမ်းစာရေးတိုင်ဦးမှာ ငါ သိတယ်”

ပြောရင်း ကုတင်ပေါ် လှဲလိုက်၏။

ခဏကြာလျှင် ခိုင်ထွန်း သူ့ကို လာခေါ်ပြီး ဘုရားပို့မည်ပဲ။ အတွေးကို ပြောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ရုံးကအပြန်မှာ အမေ့ဆီက စာရောက်နေတာ တွေ့ရတော့ ထင်ထားသည့်အတိုင်းမို့ မအံ့ဩမိ။ ကိုလတ်က လှမ်းတိုင်လို့ စာရေးတာပဲဖြစ်မည်ကို တွေးမိသည်။

မေမေ့ဆီက စာကို ဖတ်ရင်းဖတ်ရင်း ကိုလတ်သဘောထား ပြောင်းသွားရသည့်အဖြေကို ချက်ချင်း နားလည်လိုက်ရသည်။

အခုနောက်ပိုင်းအခြေအနေတွေကို ကိုလတ် မေမေ့ဆီ စာမရေးသေးဟု ထင်၏။ သည်အကြောင်းတွေ ဘာမှ ပါမလာသေး။

....သမီး မိန်းကလေးဆိုတာ ဘာမဆို ဆင်ခြင်မှ
အနေတော်ရယ်။ ဘာမဟုတ်တဲ့ကိစ္စကလေးက သမီး
အိမ်ထောင်ရေးကို ထိခိုက်စရာဖြစ်လာတော့ မေမေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး။ သမီးတို့ချင်း လမ်းခွဲကြပြီလို့ သားကိုလတ် ရတော့ မေမေ မျက်ရည်ကျတယ်။ သားက မေမေ့ကိုတော မယုံတော့ဘူး။ သူ့သမီး တစ်ညလိုက်ပြေးပြီးသားကို သူ ထိုးအပ်တယ်ဆိုတဲ့သဘောမျိုး ခံစားနေပုံရတယ်။ သား ဘက်ကတွေးပြီး သားကိုလည်း မေမေက နားလည်နိုင် တယ်။ သားကိုလတ် ဘယ်လောက် အစွဲအလန်းကြီးတာ တာ မေမေ သိနေတာပဲ။ သူ့အထင်အမြင်အလွဲကို မေ ရှင်းပေးချင်တယ်။ ပါးစပ်က ရှင်းပြနေရုံနဲ့တော့ ယုံ မဟုတ်ဘူး ဆိုတာလဲ သိတယ်လေ။ မေမေကလဲ ဘာလု ရမှန်း မသိဘူး။ ပိုဆိုးတာက သမီးက မငြင်းခဲ့တာ ဝန်လဲမခံ၊ ငြင်းလဲမငြင်းဆိုတော့ သူက ပိုယုံကြည် သွားမှာပေါ့.....။

ဒါပေမဲ့ သမီးရေ၊ ကံကောင်းချင်တော့ မေမေ့ နတ်ကောင်း နတ်မြတ်တွေ မ,တာပဲ ထင်ပါရဲ့။ ကိုလတ် ပြနိုင်ဖို့ မေမေ့မှာ သက်သေတစ်ခု ရလိုက်တယ်။ ဘာ သမီးထင်လဲ.....။

သမီးရဲ့ ဒိုင်ယာရီစာအုပ်ကလေးလေ.....။





သမီးစားပွဲနဲ့ စာအုပ်စင်ကို ရှင်းပေးရင်း အဲဒီ စာအုပ်ကလေးကို တွေ့တော့ သမီးကို သတိရလွန်းလို့ လှန်ဖတ်ကြည့်မိကာ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီ အဖြစ် အပျက်တွေ သမီး ရေးထားတာ တွေ့ရတယ်။ သမီး ဒိုင်ယာရီထဲမှာ သမီးတို့ ဘယ်လောက်ဖြူစင်တယ်ဆိုတာ ပါတယ်လေ။

ဒါနဲ့ပဲ မေမေက လိုအပ်တဲ့စာမျက်နှာတွေကို စာကူး စက်မှာ ကူးပြီး သားကိုလတ်ဆီ စာနဲ့အတူ ပို့ပေးလိုက်တယ်။

အခုလောက်ဆို ဒါတွေ ဖတ်ပြီး သူ သမီးအပေါ် နားလည် ခွင့်လွှတ်မယ်ထင်တယ်။ လာပြီးတောင်းပန်မယ်လို့ မေမေ ယုံတယ်။ သမီးက ပြေပြေလည်လည် ပြန်ပြီးဆက်ဆံ လိုက်ပါ။ ဒါဆို သမီးတို့ ပြန်အဆင်ပြေသွားပြီး လက်ထပ်ဖို့ ကိစ္စ ချောချောမောမော ဖြစ်သွားမယ် ထင်ပါတယ် သမီး.....။

စာကို ခေါက်ပြီး စာအိတ်ထဲ ထည့်လိုက်သည်။

"ကိုလတ်.....ကိုလတ်"

နှုတ်မှ ဖွဖွရွတ်ရင်း ပြုံးမိသလို ဖြစ်သွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ ညို"

အခန်းထဲဝင်လာသော ခင်သက်ဆွေက မေးလိုက်၏။

"ဟဲ့....နင်သိချင်တဲ့အဖြေ သိရပြီ"

"ငါ သိချင်တဲ့အဖြေ...."

"နင်ရောငါရော သိချင်တဲ့အဖြေပေါ့ဟာ"

"ဘာတွေလဲဟာ"

"ကိုလတ် ဘယ်လို စိတ်ပြောင်းသွားတယ် ဆိုတာလေ...."

"ပြော်...."

"ငါက ငါ့ကို ခွင့်လွှတ်နားလည်လောက်အောင် သူ့စိတ်ထ ရင့်ကျက်သွားတာကလား တွေးလိုက်မိသေးတယ်။ ရော့... ဒီမှာ ဖတ်ကြည့် မေမေ့စာ။ ကိုလတ်တို့က သူ့ဘက်က ပိုင်ရှ လုပ်တာ"

ပြောရင်း မေမေ့စာကို ခင်သက်ဆွေအား ပေးလိုက်၏။

❦ ❦ ❦



(၄)

"တော်စမ်းပါ ကိုလတ်ရာ။ မပြောပါနဲ့၊ မပြောပါနဲ့ တားတာလဲ မရဘူး။ ဘာခွင့်လွှတ်တာလဲ။ ဘာသဘောထားကြီးတာလဲ။ မေမေ့ဆီက ပို့ပေးလိုက်တဲ့ ငါ့ဒိုင်ယာရီကို ဖတ်ပြီးမှ ငါ ဘာမှ မမှားဘူးဆိုတာ အသေအချာ သိမှ နင် ငါ့ကို လက်ထပ်ချင်စိတ် ပြန်ဖြစ်တာ မဟုတ်လား။ ကိုလတ်၊ ငါ နင့်လိုယောကျ်ားမျိုးကို သိပ်ရွံတယ်။ ဒီမှာ ကိုလတ်၊ ငါ မပြောချင်ပေမယ့် နင်က အခု လူတွေ့မရတော့ ဖုန်းဆက်တယ်။ နောက်ထပ် ဆက်နေမှာ စိုးလို့ ငါ ပြောမယ်။ သေသေချာချာ နားထောင်။ ငါ ခိုင်ထွန်းနဲ့ ပြန်တွေ့ပြီး ချစ်သူတွေ ဖြစ်နေကြပြီ။ ဒီတစ်ခါ ငါ တကယ် လက်ထပ်တော့မှာ။ ငါ့ကို ဘာမှ မနှောက်ယှက်ပါနဲ့တော့ ကိုလတ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုညိုဦး ပြောနေစဉ်မှာပင် ကိုလတ်က ဖုန်းချသွားသည်။

"ကောင်းတယ်၊ နင် အဲဒီလို အပြတ်ပြောလိုက်တာပဲ ကောင်းတယ်"

"ဖုန်းချသွားတယ်လေ။ နောက် ဆက်မှာမဟုတ်တော့ဘူး။ မေမေကတော့ ခိုင်ထွန်းနဲ့ ငါ ပြန်တွေ့ကြတာ သိသွားတော့မှာ သေချာပြီ"

"အေး…နင် ကိုလတ်ကို လျှော့တွက်ထားလို့တော့ မရဘူးနော်"

ကိုလတ်ရုံးကို ဖုန်းဆက်စဉ် သူတို့ အထဲမှာ သူတို့အရာရှိ မရှိလို့ တော်သေးတာပဲဟု တွေးသည်။ အရာရှိရှေ့မှာဆို ဒီလောက် ပြတ်ပြတ်သားသား ညို ပြောလို့ထွက်မည်မထင်။

အခုတော့ ပြဿနာ ပြီးသွားပြီပဲ ထင်၏။



(၅)

ခင်သက်ဆွေနှင့် ဘုန်းမြင့်တို့ လက်ဖက်ရည်ဆိုင် ဆင်းသွားစဉ် အရာရှိက ပစ္စည်းတွေကိစ္စ မေးနေသဖြင့် ညိုက ရုံးပေါ် ကျန်ခဲ့၏။ ညိုနှင့်အတူ နောက်မှလိုက်ခဲ့မည်ပြောကာ ခိုင်ထွန်းလဲ ရုံးပေါ်မှာ ရှိသည်။

"ခိုင်ထွန်း၊ မာလာ လက်ဖက်ရည်ဆိုင်မှာ ရောက်နေတယ်။ အရေးကြီးလို့ မင်းကို တွေ့ချင်လို့တဲ့"

ဘုန်းမြင့်စကားကြောင့် ညိုက ခိုင်ထွန်းကို လှည့်ကြည့်သည်။

"မနောက်ပါနဲ့ ဘုန်းမြင့်ရာ"

"နောက်တာ မဟုတ်ဘူး ခိုင်ထွန်း၊ တကယ်ပြောတာ။ သူက အရမ်းအရေးကြီးတဲ့ကိစ္စလို့ ပြောလို့ ငါ ဘုန်းမြင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်ခဲ့တာ။ ဒါမှမဟုတ် ငါ ပြောလိုက်မယ်၊ ဘုန်းမြင့်ကျွန်ခဲ့ဝါလားလို့ ပြောမလို့"

"မင်း တကယ် ပြောနေတာလား"

"တကယ်ပါ ခိုင်ထွန်းရာ"

"ကိုယ့်ကိစ္စကိုယ် ပြတ်အောင်ရှင်းနော်။ ရှုပ်ရှုပ်ယှက်ယှက်တွေ ညို့ မကြိုက်ဘူး"

"ညို့ လိုက်ခဲ့ပါလား"

"မလိုက်ပါဘူး၊ အဲဒီလောက် မရိုင်းဘူး"

"ဒါဆို ကိုယ် ခဏသွားတွေ့မယ်"

ပြောပြီး ခိုင်ထွန်း ရုံးပေါ်မှ ဆင်းသွားသည်။

"ဘယ်လို ဖြစ်လာတာလဲ မာလာ၊ မတွေ့တာတောင် ကြာပြီ"

လက်ဖက်ရည်ဆိုင်ထဲမှာ တစ်ဦးတည်း ထိုင်စောင့်နေသော မာလာကို နှုတ်ဆက်ရင်း ဝင်ထိုင်လိုက်၏။

"ကိုခိုင်ထွန်းဆီ သက်သက်လာတာ"

"ပြော....ဘာဖြစ်လာပြန်ပြီလဲ"

"ကိုခိုင်ထွန်းကလဲ မာလာ့မှာ ပြဿနာရှိမှ ကိုခိုင်ထွန်းဆီ





ရောက်လာတတ်တယ်ပဲ ထင်တာ"

"မသိဘူးလေဟာ၊ ခါတိုင်း နင်လာရင် ငါက ဆုံးမပါများတော့ နင် နားညည်းပြီး မလာတော့ဘူး မဟုတ်လား။ အခု ကိစ္စရှိလို့ လာတာလားလို့....."

"မဟုတ်ဘူး ကိုခိုင်ထွန်း၊ မာလာ ကိုခိုင်ထွန်းကို မေးမယ်"

"အေး..... မေး၊ နင့်ဟာက ထူးဆန်းလှချည်လား။ နင့် ညည့်သည်တွေဘာတွေအကြောင်းတော့ ငါ သိမှာ မဟုတ်ဘူးနော်"

"ဟာ.....ကိုခိုင်ထွန်းကလဲ။ အခု ကိုခိုင်ထွန်း ရည်းစား ရှိနေပြီလား"

ခိုင်ထွန်းက ရယ်သည်။

"မရယ်နဲ့ ကိုခိုင်ထွန်း၊ အတည် မေးတာ"

"အေး.....ရှိပြီ။ နေပါဦး နင်က ဘာလို့ မေးတာလဲ"

"ကိစ္စရှိလို့ပါဆို"

"ကိစ္စရှိလို့....."

"ဟုတ်တယ်၊ ဒါဆို မာလာ မေးမယ်။ နာမည်က ညို့ မဟုတ်လား"

ခိုင်ထွန်းက အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညိုလေ....ညိုညိုဦး။ နေပါဦး၊ နင်က ဘယ်လိုဘယ်လို အတိအကျတွေ သိနေတာလဲ"

"အဲဒါဆိုရင် သေချာသွားပြီ။ လွဲစရာ မရှိတော့ဘူး"

"ငါ နားမလည်တော့ဘူးဟာ"

"အဲဒီကိုခိုင်ထွန်းရည်းစား ညိုနဲ့ပတ်သက်ပြီး သူ့အတွက် ပြောစရာရှိလို့ မာလာ တမင်လာခဲ့တာ"

"နေဦး.....နေဦး၊ ငါ ညို့ကို ခေါ်ပေးမယ်။ နင့်စကားကို သူနားထောင်ရင် ပိုမကောင်းဘူးလား။ ဒါမှမဟုတ် ငါကတစ်ဆင့် ပြောပေးနေရမှာ"

"ကောင်းတယ် ကိုခိုင်ထွန်း၊ ဒါဆို လူပုံပန်းတွေပါ မာလာ မေးကြည့်လို့ ရတာပေါ့"

"အေး.....ခဏစောင့်၊ ငါ ညို့ကို သွားခေါ်ခဲ့မယ်"

ပြောပြီး ရုံးပေါ် အမြန်လာခဲ့၏။

"မာလာက ညို့ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့"

"ရှုပ်ရှုပ်ယှက်ယှက်နော် ခိုင်ထွန်း"

"ဟာကွာ....ညိုကလဲ။ အခုကိစ္စက ညိုနဲ့ပတ်သက်ပြီး သူ့မှာ ပြောချင်တာ ရှိနေတာ။ အထင်မလွဲပါနဲ့။ အခု မာလာ





လာခဲ့တာက ကိုယ်တို့အကျိုးအတွက် ပြောစရာရှိလို့ လာပြောတဲ့ သဘော"

"ဒါဆို ညို လိုက်ခဲ့မယ်"

ညိုနှင့်အတူ လက်ဖက်ရည်ဆိုင် ပြန်ရောက်လာခဲ့သည်။

"ဒါ မာလာ၊ မာလာ ဒါ ငါ့အမျိုးသမီး ညို၊ ကဲ.....နင် ပြောချင်တာပြော"

"အစ်မအသိထဲမှာ ကိုလတ် ဆိုတာ ရှိလား"

"ရှိတယ်မာလာ ရှိတယ်"

"ဒါဆို သေချာသွားပြီ။ မာလာ့ညည့်သည်က သူ့ကို ကိုလတ် လို့ပဲ ခေါ်တာ မာလာ သတိထားမိလို့"

"ပြောပါဦး မာလာ။ ကိုလတ်နဲ့ ဘယ်လိုပတ်သက်လဲ"

"မာလာ့ညည့်သည်က ဦးထွန်းသိုက်တဲ့။ သူက ကိုလတ်တို့၊ ကိုခိုင်ထွန်းတို့ထက် အများကြီး ကြီးပါတယ်။ လုပ်ငန်းကြီး လုပ်တယ်ထင်တယ်။ ပိုက်ဆံချမ်းသာတယ်။ အဲဒီ ဦးထွန်းသိုက်ကို ညတုန်းက ကိုလတ်ဆိုတဲ့သူက ပြုစုတဲ့ပွဲ အစ်မ။ ဦးထွန်းသိုက်က မာလာ့ကို ခေါ်တော့ အနားမှာ မာလာ ရှိနေတယ်။ ပြောလို့ ဖြစ်လားဆိုတော့ ဦးထွန်းသိုက်က ဖြစ်တယ်၊ ကြိုက်တာပြောလို့



www.burmeseclassic.com

ပြောတော့ သူတို့ ပြောနေတာတွေ မာလာ အားလုံး ကြားရလို့"

* * *

ဦးထွန်းသိုက်က ဝိစကီသောက်ပြီး ကိုလတ်က ကုတ်အချိုရည်ကို သောက်သည်။

"ကိုလတ်၊ မင်း ဘာတိုင်ပင်ချင်တာလဲ ပြောလေကွာ"

"သူ့ရှေ့မှာ ဖြစ်ပါ့မလား"

မာလာ့ကို မေးငေါ့ပြရင်း ကိုလတ်က ပြောသည်။

"ဟာ.....ဖြစ်တာပေါ့ သိပ်ဖြစ်"

"ကျွန်တော်အခု တိုင်ပင်တာတွေလဲ ဖေဖေတို့ကို ဦးထွန်းသိုက် မပြောရဘူးနော်"

"ကိုလတ်ရာ.....မင်း ငါ့ကို စိတ်မချဘူးလား"

"ကဲ.....စိတ်ချတယ်ဗျာ.....ပြောမယ်။ လိုရင်းပြောရင် ကျွန်တော့်ကောင်မလေးနာမည်က ညိုတဲ့။ သူ့ကို ကျွန်တော်က ခိုင်ထွန်းဆိုတဲ့ကောင်နဲ့ သမုတ်လို့ ခဏပြတ်သွားကြတယ်"

ခိုင်ထွန်း ဆိုသည့် နာမည် ကြားလိုက်တော့ မာလာက ရှုံးစိုက်နားထောင်နေလိုက်သည်။

"အခု ကျွန်တော် သူ့ကို ပြန်ချော့တယ်၊ တောင်းပန်တယ်။





မရဘူး။ အကပ် မခံဘူး။ အခုမှ ညိုနဲ့ခိုင်ထွန်း တကယ်ပြန်ညိသွားကြတယ်။ အဲဒါ ကျွန်တော် မကျေနပ်ဘူးဗျာ၊ ဒါပဲ"

"မကျေနပ်ရင် မင်း ပြန်ရအောင် ယူပေါ့ ကိုလတ်ရာ၊ ဒါ ဘာဆန်းလို့လဲ"

"ယူချင်တယ်၊ ဘယ်လို ယူ ရမလဲ။ အဲဒါ ဦးထွန်းသိုက်ဆီက အကြံလိုချင်တာ"

"ကိုလတ်ရာ ရှင်းရှင်းလေးပဲ။ ယူရတဲ့နည်းနဲ့ ယူပေါ့ကွ"

"ဘယ်လို ယူရမလဲ ရှင်းရှင်းပြောဗျာ"

"အနုနည်းနဲ့ စည်းရုံးလို့ မရရင် အကြမ်းနည်းသုံးပေါ့ဗျာ"

"အကြမ်းနည်း"

"ဟုတ်တယ်လေကွာ၊ မင်း တောင်းပန်တယ်၊ ပြန်စည်းရုံးတယ်။ အဲဒါအနုနည်းပေါ့"

"အဲဒါတော့ နည်းစုံပြီ၊ မရတော့ဘူး၊ ဖုန်းတောင်ဆက်လို့ မရတော့ဘူး"

"အေး.....ဒါဆို အကြမ်းနည်းပဲ ကျန်တော့တယ်"

"ဟာ.....အဲဒါဆို အမှုတွေ ဘာတွေ ဖြစ်မှာပေါ့"

"မင်းကလဲကွာ၊ တစ်ခါမှ မသိသေးတဲ့ ကောင်မလေးကို

www.burmeseclassic.com



ကြိုစည်ရတာမှ မဟုတ်တာ။ ကိုယ့်ရည်းစားဟောင်း ကိုယ်ပြန်ကြံရမှာ ဘယ်လောက်လွယ်လဲ"

"ကဲ..... ပြောပါဦး၊ ဘာလုပ်ရမလဲ"

"နည်းကတော့ ကားတင်ပြေးတဲ့နည်းပဲ"

"ဦးထွန်းသိုက်ကလဲဗျာ၊ ခဏစကားပြောဖို့တောင် ကားပေါ်မတက်တဲ့ဟာ"

"ကိုလတ်ရာ.....ကားပေါ်တက်နိုင်တဲ့နည်းတွေမှ အများကြီး"

"ကဲ.....ပြောကြည့်ပါဦး"

"မင်း သူ့အိမ်နဲ့ ရင်းနှီးလား"

"ရင်းနှီးတယ်၊ သူ့အမေက ကျွန်တော့်ကို အရမ်းချစ်တာ"

"သူ့အိမ်နဲ့ မင်းအိမ် အဆက်အသွယ်ရှိလား"

"ကိစ္စအရေးကြီးရင် ရှိပါတယ်"

"သူ့မိဘတွေက ဘယ်မှာလဲ"

"နယ်မှာ"

"ဟာ.....ပိုတောင်ကောင်းသေးကွာ၊ သူ့မေမေက မှာလို့ဆိုပြီး မင်းကားနဲ့ သူ့ကိုခေါ် နယ်ကိုသွား၊ ပြီးတော့ လမ်းမှာ ကားပျက်လိုက် ဒါမှမဟုတ် တစ်နေရာမှာ နားလိုက်"





"နေဦး.....နေဦး၊ ကျွန်တော်အကြံရပြီ။ တစ်နည်းတော့ ရှိတယ်။ သူ့အမေ အသည်းအသန်ဖြစ်တယ်လို့ အိမ်ကို ဖုန်းဝင်တယ်။ ချက်ချင်းလိုက်ခဲ့ပါပေါ့။ အဲဒါ လိုက်ပို့ပေးမယ်ဆို ဖြစ်နိုင်တယ်"

"အဲဒါပေါ့ကွ၊ ကိုလတ်ရ"

"နေဦး..... ညို့အကြောင်း ကျွန်တော်အသိဆုံး၊ လမ်းမှာ ကားပျက်ပြီး တစ်ညနားရမယ့်နေရာ ရောက်ပြီဗျာ၊ လွယ်တော့ မလွယ်ဘူး"

"ငါ့တာဝန်ထား။ ဒီလိုလုပ် ငါ မင်းကို ဒီတစ်ခါ သေသေချာချာ ကူညီမယ်။ မင်းကောင်မလေးက ကားနဲ့ လိုက်မယ် ဆိုတာနဲ့ ငါ ကားမောင်းပြီး လိုက်ပေးမယ်ကွာ။ လမ်းမှာ တလဲစီ ကားမောင်းဖို့ အဖော်ခေါ်လာတယ် ပြော။ လမ်းကကိစ္စ ငါ့ကိစ္စထား"

"ဟာ.....ဦးထွန်းသိုက် ကောင်းလိုက်တဲ့အကြံဗျာ၊ ဒါကြောင့် အားကိုးနေရတာ"

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ဦးထွန်းသိုက်၏ လက်ကို ဆွဲယူလှုပ်ရမ်းရင်း ဝမ်းဝမ်းတသာ ဆိုလိုက်၏။

* * *

"အဲဒါပဲ အစ်မ၊ မာလာ စူးစိုက်နားထောင်ပြီး သေသေချာချာ မှတ်ထားတာ။ ခိုင်ထွန်းဆိုတာကရော ကိုယ်နဲ့သိတဲ့ ကိုခိုင်ထွန်းမှ ဟုတ်ရဲ့လားပေါ့။ ဇဝေဇဝါနဲ့၊ ဒီရောက်မှ သေချာမှန်း မာလာ သိတာ။ မာလာ လာရကျိုး နပ်သွားတာပေါ့"

"မာလာ လာပြောတာ အရမ်းကျေးဇူးတင်တယ်။ မမ အသည်းအသန်ဖြစ်လို့ ဖုန်းဝင်လာတယ်။ အခု လိုက်ခဲ့ပါဆို ညီ ဘာမှ စဉ်းစားမိမှာ မဟုတ်ဘူး၊ လိုက်သွားမိမှာပဲ။ မမေ့အတွက် စိုးရိမ်စိတ်နဲ့ မွန်နေမှာ။ ပြီးတော့ ကိုလတ်ဆီကို မမေက ဆက်ခိုင်းတယ်ဆိုတာလဲ သိပ်ယုတ္တိရှိတယ်။ မမေက ကိုလတ်ကို သိပ်ချစ်တာ။ ကျေးဇူးတင်လိုက်တာ မာလာရယ်"

"ကိုလတ်တစ်ယောက်တည်းဆို ဒီလောက်ကြောက်စရာ မကောင်းဘူး။ မာလာ့ညွှန်သည်ပါ ပါလာတော့ အကြံဆဖန်တွေ ပိုများလာနိုင်တယ်"

ခိုင်ထွန်းက ဝင်ပြောလိုက်သည်။





"ကိုလတ် ဘယ်လို ဖြစ်သွားတာလဲ မသိဘူး။ အကြမ်းဖက် အစမှနည်းဟာ ဘယ်တော့မှ အနိုင်မရဘူးဆိုတာ မစဉ်းစားမိဘူးလား မသိဘူးနော်"

ညိုက စိတ်ပျက်လက်ပျက် ညည်းသည်။

"ဒါဆို ပြန်မယ် ကိုခိုင်ထွန်း၊ ပြန်မယ်အစ်မ"

"ကျေးဇူးအရမ်းတင်တာပဲ မာလာရယ်"

နှုတ်ဆက်ရင်း ဆိုင်ထဲက မာလာ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

(၆)

"ခိုင်ထွန်း"

"ဟင်"

"ဘာတွေ တွေးနေတာလဲ"

လက်ဖက်ရည်ဆိုင်ထဲမှာ နှစ်ဦးတည်း ကျန်ခဲ့စဥ် အပြင်ငေးနေသော ခိုင်ထွန်းကို ညိုက မေးလိုက်၏။

"မာလာသာ လာမပြောရင် ကိုယ်တော့ ဆက်မတွေးရဲဘူး"

"ညိုလဲ တကယ်ယုံမိမှာပဲ"

"ကံကောင်းတာပဲနော်"

"ဒီအတိုင်းဆို ကိုလတ်ကို လျှော့တွက်လို့ မရတော့ဘူး။ သူ တစ်နည်းမဟုတ်တစ်နည်း ဒုက္ခပေးတော့မှာ။ ပထမ သူရနိုင်တဲ့နည်း



www.burmeseclassic.com

www.burmeseclassic.com



ရှာမယ်။ သူ ဘယ်လိုမှ မရနိုင်မှန်းသိရင် ခိုင်ထွန်းနဲ့ညို ကွဲနိုင်တဲ့နည်းတွေ သုံးတော့မှာ။ ပြီးတော့ ကိုလတ်ဘက်မှာ ညို့မိဘတွေရှိနေတယ်၊ ခိုင်ထွန်း"

"ဟင်....."

"မနက်ဖြန် နေ့ဝက်ခွင့်တင်လိုက်"

"ဘာလုပ်မလို့လဲ"

"ညိုနဲ့ ခိုင်ထွန်းနဲ့ တရားရုံးမှာ လက်မှတ်ထိုးထားလိုက်မယ်"

"ညို တကယ်ပြောနေတာလား"

"နောက်စရာမှ မဟုတ်တာ ခိုင်ထွန်းရယ်"

"ဝမ်းသာလိုက်တာ ညိုရယ်။ ကိုယ်က စပြောရင် ညို့ကို မယုံကြည်ရာရောက်မှာစိုးလို့။ ကိုယ် အဆောင်လာခေါ်ရမလား"

"လာခေါ်လေ၊ အဆောင်ကနေ တရားရုံး သွားမယ်။ တရားရုံးမှာ လက်မှတ်ထိုးပြီးမှ အလုပ်ပြန်ဝင်မယ်"

ခိုင်ထွန်းက ညို့လက်ဖျားလေးတွေကို ဆုပ်ညှစ်လိုက်ရင်း ကြည်နူးခြင်းဖြင့် ရင်ခုန်နေပြန်သည်။

❦ ❦ ❦



(၇)

"ဟောဒီမှာ ငါတို့ လက်မှတ်ထိုးလာခဲ့ပြီ"

လက်ထပ်စာချုပ်ကို စားပွဲပေါ် ချပြလိုက်စဉ် ဘုန်းမြင့်ရော ခင်သက်ဆွေပါ အရမ်းအံ့ဩဝမ်းသာသွားဟန်ပြသည်။

"ငါတို့ကိုတောင် အသိမပေးဘူး ကြည့်စမ်း"

"ဘာလဲ.....ကျေးရမွေးရမှာ စိုးလို့ တိတ်တိတ်ဆိတ်ဆိတ်လုပ်တာလား၊ ဘယ်ရမလဲကွာ"

"ကျွေးမှာပါကွာ၊ ကျွေးတာက နောက်လုပ်လို့ရတဲ့ကိစ္စပဲ"

"ဟဲ့.....ဘယ်လိုဖြစ်ပြီး လောလောလောလောနဲ့"

"ခင်သက်ဆွေရေ.....မလွမ်းချင်တော့လို့ပေါ့၊ တစ်ခါကွဲသွားပြီး လွမ်းရတဲ့အရသာကို သိသွားပြီလေ။ ဒါကြောင့်ဒါကြောင့်"

"မဟုတ်ပါဘူး ညို၊ ကိုလတ်ကို ကြောက်သွားလို့ မဟုတ်လား" ဘုန်းမြင့်က နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး.....ပြောဖို့ မေ့နေတယ်။ မနက်က ကိုလတ် ဖုန်းဆက်တယ်။ နင် မရှိဘူးဆိုတော့ ငါ့ကို ခေါ်ပေးပါပြောလို့ ငါ ကိုင်လိုက်တယ်။ နင် ဘယ်သွားလဲဆိုတော့ ငါက အပြင်ခဏ သွားတယ်၊ နေ့လယ် ပြန်ရောက်မှာဆိုတော့ အရေးကြီးလို့ မှာခဲ့ ချင်တယ်တဲ့။ နင့်အမေ အသည်းအသန်ဖြစ်လို့ လိုက်သွားရမယ်၊ သူ နေ့လယ် ပြန်ဆက်မယ် စောင့်နေပါတဲ့"

"ဟ.....မာလာပြောတာ ကွက်တိပဲနော်"

နိုင်ထွန်းက ပြောလိုက်၏။

"ကြည့်နေကြည့်နေ၊ ဖုန်းလာရင် ညို ပြောပြမယ်။ ဒီကောင် ကိုလတ် ညို့အကြောင်းကို သိရက်နဲ့"

"ညိုရယ် ဘာလို့ ရန်များမှာလဲ"

"ရန်မများပါဘူး ညို ပြောတတ်ပါတယ်"

နှစ်ယောက်စုဆောင်းထားသည့်ငွေလေးနှင့် အိမ်ငှားဖို့ ပထမ စီစဉ်ရမည်။ ပြီးမှ လိုအပ်တာလေးတွေ ဝယ်ရမည်။ ဖေဖေနှင့် မေမေတို့ကိုလည်း ပြန်ကန်တော့ရမည်။

ထိုစဉ် ဖုန်းဝင်လာပြီး ညိုညိုဦးကို ခေါ်သည်။

"ကိုလတ်၊ မနက်က ဆက်သေးတယ်ဆို"





"ဟုတ်တယ် ညို၊ ညို့အမေ အသည်းအသန်ဖြစ်လို့ အမြန် လိုက်ခဲ့ပါလို့ ကိုလတ်အိမ်ကို ဖုန်းဝင်တယ်တဲ့။ ကိုလတ်လဲ လိုက်မှ ဖြစ်မှာ။ ကိုလတ်နဲ့ညို ကိုလတ်ကားနဲ့ ဒီညနေပဲ ထွက်ကြရအောင်"

"သေချာရဲ့လား ကိုလတ်ရဲ့"

"သေချာတယ် ညို"

"ဒါဆို ဒီလိုလုပ်လေ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ညိုက မနက်ဖြန်လောက်မှ ခွင့်တင်ပြီး ပြန်မလို့။ ညိုနဲ့ခိုင်ထွန်းတို့ လက်မှတ် ထိုး လက်ထပ်လိုက်ကြပြီလေ။ မေမေတို့ကို ပြန်ကန်တော့မလို့ စီစဉ်ထားတာ"

"ညို နောက်မနေပါနဲ့"

"နောက်စရာမှ မဟုတ်တာ ကိုလတ်"

"ညို တကယ် ပြောနေတာလား"

"တကယ်ပေါ့ ကိုလတ်။ ညိုတို့ ဧည့်ခံပွဲတွေ ဘာတွေ တော့ မလုပ်ပါဘူး။ ဆွမ်းကျွေးလုပ်ရင် ကိုလတ်ကို ဖိတ်လိုက်မယ်နော် ကိုလတ်"

ကိုလတ်က ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

BURMESE CLASSIC .com

"မေမေနှင့် မေမေတို့က မကြည်ဖြူသော်လည်း မရိုင်းစိုင်း။ လက်ထပ်ပြီးပြီမို့ ဘာမှတော့ အထွေအထူး မဆို။ ထိုင်ကန်တော့စဉ်မှာ မေမေရော မေမေပါ မျက်ရည် ဝဲလာတာတွေ့ပြီး စိတ်မကောင်း ဖြစ်မိသည်မှာတော့ အမှန်ပင်။

နောက်ရက်တွေမှာ မေမေ့ကို ကိုလတ် အဝမ္ဘအကြံအစည်တွေ လုပ်ပုံ ပြောပြတော့ မေမေ တအံ့တသြဖြစ်သည်။

"ဟုတ်ပါ့မလား သမီးရယ်"

"သမီးလဲ ကိုလတ်ကို အံ့သြသွားတယ်"

အသာန်သတ်တေး

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် နုနုနယ်နယ်ကလေးက အကြမ်းနည်း အစမှတွေ သုံးဖို့ စဉ်းစားတာ မေမေအံ့ရော"

"ကိုလတ်က ငယ်ငယ်ကတည်းက အတွက်ကြီးတာ သမီး သိတယ်။ စမ္မကို အမေ့က ဘယ်တော့မှ မနိုင်နိုင်ဘူးဆိုတာလဲ သူ သဘောပေါက်ချင်မှ ပေါက်မှာ မေမေ။ သူသိတာက သူလိုချင်တာ ရဖို့ပဲ"

"ဒီစိတ်မျိုးရှိတဲ့သူနဲ့ သမီး လက်မထပ်ဖြစ်တာ ကံကောင်း သွားတာပေါ့ကွယ်"

မေမေ့ဆီက သည်စကားမျိုး ကြားရတော့ မေမေ့ကို ပွေ့ဖက်ပြီး မေမေ့ရင်ခွင်ထဲ ဝင်လိုက်မိပြန်သည်ပဲ။



(၉)

BURMESE CLASSIC .com

အပြန်မှာ ရထားနှင့် ပြန်ဖြစ်ခဲ့ကြသည်။ သူတို့မြို့မှာက ဘူတာ မရှိ။ ဘူတာရှိသည့်မြို့ အရောက်လာပြီး ရထားစီးခဲ့ရ၏။

"ရထားမပျက်ပါစေနဲ့ပဲ ဆုတောင်းတယ်"

"ဘာဖြစ်ဖြစ် ခိုင်ထွန်းနဲ့ အတူရှိနေမှတော့ ညိုတော့ ဘာမှ မပူတော့ဘူး။ အတူရှိနေရင် လွမ်းစရာ မလိုတော့ဘူးလေ"

"ညို"

"ဟင်"

"ခွဲနေရတုန်းက တကယ်လွမ်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းလောက်အောင် ချစ်မှတော့ လွမ်းတာပေါ့"

တံတားတစ်ခုကို ရထားက ဖြတ်ကျော်နိုက် အသံက ဆူညံသွားသည်။ နိုင်ထွန်းရင်ထဲမှာလည်း ညို့အသံက ထာဝရ မှဲ့တင်ထပ် ကျန်နေတော့မှာတဲ့လား။

ချစ်ခြင်းဖြင့် အလွမ်းတို့ သစ်လျှက် ချစ်ခြင်းဖြင့်ပင် အလွမ်းတို့ကို ဖျောက်ဖျက်နိုင်ပြန်သည်ပဲလေ။

မောင်စိန်ဝင်း (ပုတီးကုန်း)



BURMESE CLASSIC .com

www.burmeseclassic.com